ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
ဗဟိုအဖွဲ့အစည်းများ ဥပဒေပြုရေးဆိုင်ရာ
ကော်မတီများအဖွဲ့ ဥက္ကဋ္ဌ
ဒေါက်တာ မြင့်ဆွေ
ဦးဆောင်သော
ကိုယ်စားလှယ်အဖွဲ့



(ဇူလိုင်လ ၂၀၁၉)

အတွင်းရေးမှူးဌာန


ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်

ဒုတိယ

(တတိယအုပ်)



မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့

ပုန္နပတိုကဒ္ဒ ရုက္ခနှင်သည်။

သာသနာ ၂၅၁၀ ဝင်ခြင်း ခရစ် ၁၉၆၆

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နိဿယ (တ)

စတင်ရိုက်နှိပ်ခြင်း ၁၉၆၆-၃

။(၄) ၀၀၀၄ —၅၅-၈-၁၄ —၁၄၁၄ —၈-၃၄-၄၈-၁၀ (၁)။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌
အတွင်းရေးမှူး (အုပ်ချုပ်ရေးဘဏ္ဍာရိုးချုပ်) ဦးလှမောင် M.A., M.S., B.L.
(မှတ်ပုံတင်အမှတ် ၀၇၉/၀၅၂၂) က ပုံနှိပ်ဆုတ်ဝေသည်။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နိဿယ

မဂ်သာဒီပနီရာ မာတိကာ

၁-ခန္ဓသံယုတ်

၁-နကုလပိတုဝဂ်

၁-နကုလပိတုသုတ်

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁။ ဘဂ္ဂတိုင်း၏ သုသုမာရဂိရမြို့ ဘေးမဲ့ပေးရာ ဘေသကဠာတော၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကို နကုလပိတုတကာကြီးသည် မိမိ၏ အိုမင်းနေပုံ နာကျင်ကိုက်ခဲ ထပ်တလဲလဲ ဆောဂါနှိပ်စက်ခံနေရပုံကို ထုတ်ဖော်၍ ချမ်းသာစီးပွါးမျှားကြောင်း ဆုံးမသြဝါဒတရားဟောရန်လျှောက်ထားပုံ ၁-၂

၂။ အဉ္ဉသဖွယ်ဖြစ်၍ အရေပါးမျှ မြွေးရှက်အပ်သော နာကျင်ကိုက်ခဲသော ဤခန္ဓာကိုယ်ကြီးကို လက်ခံသိမ်းပိုက်ထားသူသည် တမူဟုတ်မျှ မနာကျင်မကိုက်ခဲသောအဖြစ်ကို ဝန်ခံမှု-လူမိုက်သာဖြင့်ရာ၏၊ ထို့ကြောင့် ငါသည် နှိပ်စက်သော ကိုယ်ခန္ဓာရှိသော်လည်း ငါ၏စိတ်သည်ကား နှိပ်စက်မှု နာကျင်ကိုက်ခဲမှုမရှိသည်ဖြစ်ရမည်ဟု လေ့ကျင့်ရန် ဘုရားရှင် ဟောတော်မူပုံ ၂

၄။ ခန္ဓာငါးပါးကို သက္ကာယဒိဋ္ဌိတဏှာဖြင့် စွဲယူသော (အာဂမ အဓိဂမ) သုတမရှိသော ပုထုဇဉ်သည် မိမိခန္ဓာ၏ ဖောက်ပြန်ပျက်စီးခြင်းကြောင့် သောကပရိဒေဝ စိုးရိမ်ငိုကြွေးခြင်းစသော တရားတို့ဖြစ်ရာ ထိုပုထုဇဉ်သည် နာကျင်သောကိုယ် နာကျင်သောစိတ်ရှိသူမည်၍ ခန္ဓာငါးပါးကို သက္ကာယဒိဋ္ဌိတဏှာတို့ဖြင့် မစွဲသောသုတရှိသူ အရိယသာဝကသည် မိမိ ခန္ဓာ၏ ဖောက်ပြန်ပျက်စီးခြင်းကြောင့် သောကပရိဒေဝ စသည် မဖြစ်ထို အရိယသာဝကသည် ကိုယ်နာသာရှိ၍ စိတ်နာမရှိ ဟု အရှင်သာရိပုတ္တရာက ဆက်လက်ဟောတော်မူခြင်း ၄-၅

၂-ဒေဝဒဟသုတ်

၅။ သက္ကတိုင်း ဒေဝဒဟနိဂုံး၌ နေတော်မူသော ဘုရားရှင်သည် အနောက်အရပ်ရှိ ဇနပုဒ်သို့ သွားလိုကုန်သော ရဟန်းတို့ကို "အရှင်သာရိပုတ္တရာကို ပန်ကြားကြ အရှင်သာရိပုတ္တရာသည် ပညာရှိ၏၊ သီတင်းသုံးဖော်ရဟန်းတို့ကို (တရားပစ္စည်းတို့ဖြင့်) ချီးမြှောက်တတ်၏" ဟု မိန့်တော်မူပုံ ၆

၆။ တိုင်းတပါးသွား ရဟန်းကို မင်းပုဏ္ဏား သူကြွယ်ရဟန်းပညာရှိတို့က "အရှင်တို့ ဆရာသည် ဘယ်သို့ ဟောပြောလေ့ရှိသနည်း၊ ဘယ်သို့သွန်သင်ဆုံးမလေ့ရှိသနည်း"ဟု စုံစမ်းမေးမြန်းကြရာ၌ ဘုရား တရားမထိခိုက်ပဲ အပြစ်ကင်းသော ဖြေဆိုနည်းကို အရှင်သာရိပုတ္တရာက မိန့်တော်မူပုံ ၇

၇။ "အဘယ်အပြစ် အကျိုးကိုမြင်၍ ရုပ်စသည်၌ ဆန္ဒရာဂကို ပယ်ဖျောက်ခြင်းကို ဟောကြားပါသနည်း"ဟု မေးရာ၌—

"ရုပ်စသည်၌ မကင်းသော ဆန္ဒရာဂရှိသူအား ရုပ်စသည်ဖောက်ပြန်ခြင်းကြောင့် သောကစသည်ဖြစ်၍၊ ကင်းသောဆန္ဒရာဂရှိသူအား ရုပ်စသည် ဖောက်ပြန်ခြင်းကြောင့် သောကစသည်မဖြစ်။ ဤအပြစ် အကျိုးကိုမြင်၍ ဆန္ဒရာဂကို ပယ်ဖျောက်ရန်ဟော၏"ဟု ဖြေဆိုရန် အရှင်သာရိပုတ္တရာ မိန့်ကော်မူပုံ ၇

၈။ အကုသိုလ်ကိုပြည့်စုံစေ၍ နေသူသည် မျက်မှောက်၌ ဆင်းရဲစွာနေရ၍ တမလွန်၌လည်း ဒုဂ္ဂတိအကျိုးကို အလိုရှိအပ်သောကြောင့် အကုသိုလ်ပယ်ခြင်းကို ဘုရားရှင် ချီးမွမ်းပုံ ....

၉။ ကုသိုလ်ပြည့်စုံစေ၍ နေသူသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရ၍ တမလွန်၌လည်း သုဂတိ အကျိုးကို အလိုရှိအပ်သောကြောင့် ကုသိုလ်ပြည့်စုံစေခြင်းကို ဘုရားရှင် ချီးမွမ်းပုံကို အရှင်သာရိပုတ္တရာ ဟောတော်မူခြင်း ၉

၃-ဟာလိဒ္ဒိကာနိသုတ်

၁၀။ အဝန္တီတိုင်း ကုရရဃရမြို့ ကမ်းပါးပြတ်ရှိသော တောင်၌နေသော အရှင်မဟာကစ္စာနကို ဟာလိဒ္ဒိကာနိ တကာက အဋ္ဌကဝဂ် မာဂဏ္ဍိယသုတ်၌ ဘုရားရှင် ဟောကြားတော်မူသော "ဩကံ ပဟာယ"စသော ဂါထာကို အကျယ်ဟောကြားရန် လျှောက်ပုံနှင့်— ....

ဩကံ ပဟာယ အနေကစာသာရီ စသော ဂါထာကို အနုက်ယောဇနာပုံ ၁၀

၁၀။ အရှင်မဟာကစ္စာနသည် ဩက ဩကသာရီ အနောကသာရီ၊နိကေတသာရီ-အနိကေတသာရီ၊ ဂါပေသန္တဝေဒေါတ ဂါပေနသန္တဝေဒေါတ အရကို အကျယ်ဟောတော်မူပုံ ၁၀-၁၁

၁၁။ ကာမဂုဏ်တို့မှ မကင်းဆိတ်ပုံ-ကင်းဆိတ်ပုံ၊ဝဋ်ဆင်းရဲကို ရှေ့သွားပြုပုံ မပြုပုံ၊ လူအပေါင်းနှင့်ငြင်းခုံ၍ ပြုတတ် ပြောဆိုတတ်ပုံ၊ မငြင်းခုံပုံတို့ကို ဟာလိဒ္ဒိ-ကာနိတကာအား အရှင်မဟာကစ္စာနက အကျယ်ဟောတော်မူပုံ ၁၂-၁၃

အခန်းအကြောင်းအရာ မျက်နှာအမှတ်

၄-ဒုတိယဟာလိဒ္ဒိကာနိသုတ်

၁၂။ ဘုရားရှင်သည် သက္ကပဉ္ဉသုတ်၌ "ယေ တေ သမဏဗြာဟ္မဏာ တဏှာသခ်ယဝိမုတ္တာ"စသည်ဖြင့် တဏှာကုန်ရုန်းနှိမ်နင်းကိုအာရုံပြု၍ လွတ်မြောက်ပုံ၊ ရဟန္တာဖြစ်ပုံကို အကျဉ်းဟောတော်မူရာ အကျယ်ခဲ့ ဟောရန် ဟာလိဒ္ဒိကာနိက အရှင်မဟာကစ္စာနအား လျှောက်ထားတော်မူပုံ ၁၃-၁၄

၁၃။ အရှင်မဟာကစ္စာနက တဏှာကုန်ရုန်းနှိမ်နင်းကို မင်္ဂလာဖြင့် အာရုံပြု၍ လွတ်မြောက်ပုံ ရဟန္တာဖြစ်ပုံကို အကျယ်ဟောတော်မူပုံနှင့် အဒ္ဓန္တနိဋ္ဌာ တဏှာသခ်ယဝိမုတ္တာ-ပုဒ်တို့ကို ဋ္ဌ-ဋ္ဌီ-တို့ဖြင့် စိစစ်ဝေဖန်ပြခြင်း ၁၄

၅-သမာဓိသုတ်

၁၄။ သာဝတ္ထိဇေတဝန်၌ နေတော်မူသော ဘုရားရှင်သည် ရဟန်းတို့အား "တည်ကြည်မှုသမာဓိကို ပွါးများကြ တည်ကြည်သော ရဟန်းသည် ရုပ်ဝေဒနာ သညာ သင်္ခါရဝိညာဏ်တို့၏ ဖြစ်ခြင်း ဖြစ်ကြောင်း ချုပ်ပျက်ခြင်း ချုပ်ပျက်ကြောင်းကို ဟုတ်မှန်သည့်အတိုင်း သိရမည်"ဟု ဟောတော်မူခြင်း ၁၄

၁၅။ ရုပ်စသည်ကို နှစ်သက်တောင့်တသော မှားသောအားဖြင့် သက်ဝင်ပြောဆို သူအား နှန့်ဒီ နှစ်သက်ခြင်းတဏှာဖြစ်၍ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ သောကစသည်တို့ ဆက်ဖြစ်ကာ သက်သက်သော ဒုက္ခအစုဖြစ်ပေါ်ပုံနှင့် ရုပ်စသည်ကို မနှစ်သက်မတောင့်တသော မှားသောအားဖြင့် သက်ဝင်၍ မပြောဆိုသူအား နုန့်ဒီ နှစ်သက်ခြင်းတဏှာ ချုပ်၍ ဥပါဒါန် ဘဝ ဇာတိ စသည်တို့ ချုပ်ငြိမ်းကာ သက်သက်သော ဒုက္ခအစု၏ ချုပ်ငြိမ်းပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၅-၁၆

၆-ပဋိသလ္လာဏသုတ်

၁၆။ ဘုရားရှင်သည် ရဟန်းတို့အား တယောက်ထည်းတည်း ကိန်းအောင်းရာ ဆိပ်ငြိမ်ရာအရပ်၌ ကမ္မဋ္ဌာန်းအားထုတ်ကြ အားထုတ်လျှင် ဟုတ်တိုင်း မှန်စွာ ရုပ်စသည်တို့၏ ဖြစ်ခြင်း ဖြစ်ကြောင်း ချုပ်ခြင်း ချုပ်ကြောင်းကို သိရမည်ဟု ဟောတော်မူပုံ ၁၆

၇-ဥပါဒါပရိတဿနာသုတ်

၁၇။ စွဲလမ်းခြင်းဖြင့် တပ်မက်ခြင်း ဥပါဒါပရိတဿနာ၊ မစွဲလမ်းခြင်းဖြင့် မတပ်မက်ခြင်း အနုပါဒါအပရိတဿနာတရားတို့ကို ဟောတော်မူခြင်း ၁၆

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၈။ ရုပ်စသည်ကို သက္ကာယဒိဋ္ဌိဖြင့် အတ္တဟု စွဲလမ်းခြင်းရှိသူအား ရုပ်စသည် ဖောက်ပြန်ခြင်းကြောင့် ထိတ်လန့်ခြင်း ပင်ပန်းဆင်းရဲခြင်း ငဲ့ကွက်တွယ်တာခြင်း စွဲလမ်း၍ တပ်မက်ခြင်းတို့ဖြစ်ပုံနှင့် သက္ကာယဒိဋ္ဌိဖြင့် အတ္တဟု မစွဲလမ်းသူအား ရုပ်စသည် ဖောက်ပြန်ခြင်းကြောင့် ထိတ်လန့်ခြင်းမဖြစ် မစွဲလမ်းမူ၍ မတပ်မက်ပုံကို ဟောတော်မူခြင်း ၁၇

၈-ဒုတိယဥပါဒါပရိတဿနာသုတ်

၁၉။ ရုပ်စသည်ကို ငါ၏ဥစ္စာ ငါ ငါ၏အတ္တဟု ရှုမြင်သူ အဿုတဝါပုထုဇဉ်အား ရုပ်စသည် ဖောက်ပြန်ခြင်းကြောင့် သောကစသည်ဖြစ်၍ ဥပါဒါပရိတဿနာ-စွဲလမ်းတပ်မက်ခြင်းဖြစ်ပုံနှင့် ရုပ်စသည်ကို ငါ၏ဥစ္စာစသည်ဖြင့် မရှုမှတ်သူ သုတဝါအရိယသာဝကအား ရုပ်စသည် ဖောက်ပြန်ခြင်းကြောင့် သောကစသည်မဖြစ်၍ အနုပါဒါအပရိတဿနာ မစွဲလမ်းခြင်း မတပ်မက်ခြင်း ဖြစ်ပုံကို ဟောတော်မူခြင်း ၁၇-၁၈

၉-၁၀-၁၁-ကာလတ္တယအနိစ္စဒုက္ခအနတ္တသုတ်

၂၀။ အတိတ် အနာဂတ် ရုပ်စသည်သည် မမြဲခြင်းအနိစ္စ ဆင်းရဲခြင်းဒုက္ခ အလိုမလိုက် အစိုးမရခြင်း အနတ္တ ဖြစ်၏၊ ပစ္စုပ္ပန်ရုပ်စသည် မမြဲခြင်းစသည်ကား အဘယ်ဆိုဖွယ်ရာရှိအုံ့နည်းဟု ရှုမြင်သော သုတရှိသူ အရိယသာဝကသည် အတိတ်ရုပ်စသည်၌ မငဲ့ကွက် အနာဂတ်ရုပ်စသည်ကို မနှစ်သက် ပစ္စုပ္ပန်ရုပ်စသည်၏ ငြီးငွေ့ခြင်းငှါ ချုပ်ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်သူမည်၏ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၈-၁၉

၂၁။ ရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်သည် ဖြစ်ပြီး ပျက်စီးသောကြောင့် မမြဲသော အနိစ္စဟု သိမြင်သော သုတဝါအရိယသာဝကမှာ ရုပ်စသည်၌ ငြီးငွေ့သော နိဗ္ဗိန္ဒာဏ် တပ်ခြင်းကင်းသော မဂ်ဉာဏ်ဖြစ်ပုံ ရဟန္တာဖြစ်ပုံကို ဟောတော်မူခြင်း ၁၉

၂-ဒုက္ခသုတ် ၃-အနတ္တသုတ်

၂၂။ ရုပ်စသည်သည် ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခဟု သိမြင်သော သုတဝါအရိယသာဝကမှာ အလိုမလိုက် အစိုးမရ အနှစ်သာရမရှိသောကြောင့် အနတ္တဟု သိမြင်သော သုတဝါ အရိယသာဝကမှာ နိဗ္ဗိန္ဒာဏ် မဂ်ဖိုလ်ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံကို ဟော တော်မူခြင်း ၂၀

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၄-ယဒနိစ္စသုတ်

၂၃။ ရုပ်စသည်သည် မမြဲသောအနိစ္စ ဆင်းရဲသောဒုက္ခ အလိုမလိုက် အစိုးမရသော အနတ္တတည်း၊ ထိုအနိစ္စ ဒုက္ခ အနတ္တရုပ်စသည်ကို ဤရုပ်စသည်သည် "ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်ဟူ၍ ဟုတ်မှန်သော အတိုင်း ဝိပဿနာပညာ မဂ်ပညာဖြင့် ရှုမှတ်ရန်နှင့် ဤသို့သိမြင်သော အရိယသာဝကမှာ နိဗ္ဗိန္ဒဉာဏ် မဂ်ဖိုလ်ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ ရဟန္တာဖြစ်ပုံကို ဟောတော်မူခြင်း ၂၀

၅-ယဒုက္ခသုတ် ၆-ယဒနတ္တာသုတ်

၂၄။ ရုပ်စသည်ကို ဒုက္ခ အနတ္တ....တည်း၊ အနတ္တတည်း၊ ထိုရုပ်စသည်ကို ငါ၏ဥစ္စာမဟုတ် ငါမဟုတ် ငါ၏အတ္တမဟုတ်ဟု ရှုမြင်ရန် ဟောတော်မူခြင်း မျှသာ ထူး၏ ....

၇-သဟေတုအနိစ္စသုတ်

၈-သဟေတုဒုက္ခသဟေတုအနတ္တသုတ်

၂၅။ ရုပ်စသည်သည် အနိစ္စ ဒုက္ခ အနတ္တတည်း၊ ရုပ်စသည် ဖြစ်ပေါ်ခြင်း၏ အကြောင်းအမျိုးမျိုးသည်လည်း အနိစ္စ ဒုက္ခ အနတ္တတည်း၊ အနိစ္စ ဒုက္ခ အနတ္တအကြောင်းကြောင့်ဖြစ်သော အကျိုးရုပ်စသည်သည် အဘယ်မှာ နိစ္စ သုခ အတ္တဖြစ်လတ္တံ့နည်းဟု သိမြင်သော အရိယသာဝကမှာ နိဗ္ဗိန္ဒဉာဏ် မဂ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံကို ဟောတော်မူခြင်း ၂၁

၁၀-အာနန္ဒသုတ်

၂၆။ မြတ်စွာဘုရား နိဗ္ဗာန နိဗ္ဗာနဟု ဟောတော်မူအပ်ပါ၏ အဘယ်တရားတို့၏ ချုပ်ခြင်းကို နိဗ္ဗာနဟု ဟောတော်မူအပ်ပါသနည်းဟူသော ရှင်အာနန္ဒာ၏ အမေးကို မမြဲသောအနိစ္စ အကြောင်းတရားတို့သည် ပြုပြင်အပ်သော သင်္ခတ-အကြောင်းကို စွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္န-ကုန်ခမ်းခြင်းသဘော ရှိသော ခယဓမ္မ-ပျက်စီးခြင်း သဘောရှိသော ဝယဓမ္မ-ပျောက်ဆုံးခြင်း သဘောရှိသော ဝိရာဂဓမ္မ-ချုပ်ခြင်းသဘောရှိသော နိဗ္ဗာနဓမ္မဖြစ်သော ရုပ်စသည်၏ ချုပ်ခြင်းကို နိဗ္ဗာနဟု ဟောတော်မူ၏ဟု ဘုရားရှင် မိန့်တော်မူပုံ ၂၁

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၃-ဘာရဝဂ်

၁-ဘာရသုတ်

၂၇။ (က) ဥပါဒါနက္ခန္ဓာငါးပါးကို ဘာရ-ဝန်ထုပ်,
(ခ) ပုဂ္ဂိုလ်ကို ဘာရဟာရ-ဝန်ကို ထမ်းဆောင်သူ,
(ဂ) ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာကို ဘာဇနဒါန-ဝန်ကို ယူ
ဆောင်ကြောင်း, ... ၂၂
-(ဃ) နိဗ္ဗာန်ကို ဘာရနိက္ခေပန-ဝန်ကို ပစ်ချရာဟု ဘုရားရှင် ဟောတော်မူပုံ ၂၂

၂၈။ နန္ဒံရာဂသဟဂတာ ကာမတဏှာ အသေသဝိရာဂနိရောဓော-၌ မှတ်သား
ဖွယ်ရာ ၂၂

၂-ပဓိညာသုတ်

၂၉။ ပိုင်းခြားဝိသိအပ်သောတရား ပရိညေယျဓမ္မ၊ ပိုင်းခြားဝိသိရာ ပရိညဓမ္မ
တို့ကို ဟောတော်မူခြင်း ၂၃

၄-အဘိဇာနသုတ်

၃၀။ ရုပ်စသည်ကို ထူးသောဉာဏ်ဖြင့် မသိသူ အနိစ္စစသောအားဖြင့် ပိုင်းခြားဝိ
မသိ တပ်မက်မှုမကင်းဝေးသူ မပယ်စွန့်သူမှာ ဝဋ်ဆင်းရဲကုန်ခြင်းငှါ
မထိုက်၊ ရုပ်စသည်ကို ထူးသောဉာဏ်ဖြင့် သိသူ အနိစ္စစသောအားဖြင့်
ပိုင်းခြားဝိသိသူ တပ်မက်မှုကင်းသူ ပယ်စွန့်သူမှာ ဝဋ်ဆင်းရဲကုန်ခြင်းငှါ
ထိုက်၏ဟု ဘုရားရှင် ဟောတော်မူခြင်း ၂၄

၅-ဆန္ဒရာဂသုတ်

၃၁။ ရုပ်စသည်၌ ဆန္ဒရာဂကို ပယ်စွန့်ကြ၊ ဆန္ဒရာဂကိုပယ်လျှင် ရုပ်စသည်ကို ပယ်
အပ်ပြီးသူအဖြစ် ဖြတ်အပ်ပြီးသူဖြစ်မည်ဟု ဘုရားရှင် ဟောတော်မူခြင်း ၂၄

၇-အဿာဒသုတ်

၃၂။ သစ္စာလေးပါးကို မသိသေးသော ဘုရားလောင်းဖြစ်စဉ်၊ ရုပ်စသည်၏
သာယာဖွယ်အဖြစ်၊ ထွက်မြောက်ကြောင်းကား အဘယ်နည်းဟု အကြံ
ဖြစ်၍ ထိုရုပ်စသည်၏ အပြစ်စသည်ကို သိခဲ့ပုံ ... ...

ဥပါဒါနက္ခန္ဓာငါးပါးတို့၏ သာယာဖွယ်အပြစ် ထွက်မြောက်ကြောင်း
ကို ဟုတ်တိုင်းမန်စွာ မသိသေးခဲ့စဉ် ဘုရားဟု ဝန်မခံခဲ့ပုံ၊ သိမှ ဝန်ခံခဲ့ပုံကို
ဟောတော်မူခြင်း ၂၄-၂၅

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ဖ-ဒုတိယအာဿာဒသုတ်

၃၃။ ရုပ်စသည်၏ သာယာဖွယ်အပြစ် ထွက်မြောက်ရာကို ရှာခြင်းငှါ လှည့်လည်ခဲ့၍ ရုပ်စသည်၏သာယာဖွယ်ကို ပညာဖြင့် ကောင်းစွာ မြင်ခဲ့ပုံ အပြစ်ကို ရခဲ့ပုံ ထွက်မြောက်ရာကို ပညာဖြင့် ကောင်းစွာ မြင်ခဲ့ပုံကို ဟောတော်မူခြင်း ၂၅

၇-တတိယအဿာဒသုတ်

၃၄။ ရုပ်စသည်၏သာယာဖွယ်ရှိသောကြောင့် သတ္တဝါတို့ ရုပ်စသည်၌ တပ်မက်ပုံ၊ အပြစ်ရှိသောကြောင့် ငြီးငွေ့ပုံ၊ ရုပ်စသည်၏ထွက်မြောက်ကြောင်း ထွက်မြောက်ရာရှိသောကြောင့် သတ္တဝါတွေ့ ရုပ်စသည်မှ ထွက်မြောက်နိုင်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၆

၈-အာဘိဉ္ဉာသုတ်

၃၅။ ရုပ်စသည်ကို နှစ်သက်သူသည် ဆင်းရဲကို နှစ်သက်၍ ဆင်းရဲကိုနှစ်သက်သူသည် ဝဋ်ဆင်းရဲမှ မလွတ်ဟု ဟောတော်မူပုံ၊ ရုပ်စသည်ကို မနှစ်သက်သူသည် ဆင်းရဲကို မနှစ်သက် ဆင်းရဲကို မနှစ်သက်သူသည် ဆင်းရဲမှ လွတ်၏ဟု ဟောတော်မူပုံ ၂၇

၉-ဥပပါဒသုတ်

၃၆။ ရုပ်စသည်၏ဖြစ်ခြင်းသည် ဆင်းရဲ၏ဖြစ်ခြင်းမည်ပုံ၊ တည်ခြင်းသည် အနာရောဂါတို့၏ တည်ခြင်းမည်ပုံ၊ ထင်ရှားစွာ ဖြစ်ပေါ်ခြင်းသည် အိုသေဇရာမရဏာ၏ထင်ရှားဖြစ်ပေါ်ခြင်းမည်ပုံနှင့် ရုပ်စသည်၏ ချုပ်ခြင်းသည် ဆင်းရဲဒုက္ခ၏ချုပ်ခြင်းမည်ပုံ၊ ရောဂါတို့၏ငြိမ်းခြင်းမည်ပုံ၊ ဇရာမရဏာ၏ချုပ်ပျောက်ခြင်းမည်ပုံကို ဟောတော်မူခြင်း ၂၉

၁၀-အဿာဒလသုတ်

၃၇။ ခန္ဓာငါးပါးကို ဆင်းရဲ အဿ-ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာကို ဆင်းရဲကြောင်း အဿာဒလ ဟု ဟောတော်မူခြင်း ၃၂

၁၁-ပဘင်္ဂသုတ်

၃၈။ ရုပ်စသော ခန္ဓာငါးပါးကို ပဘင်္ဂ-ပျက်စီးခြင်းသဘောရှိသောတရား ရုပ်စသည်၏ ချုပ်ငြိမ်းခြင်းကို အပ္ပဘင်္ဂ-မပျက်စီးခြင်းတရား ဟု ဟောတော်မူခြင်း ၃၈

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

၄-နတုမှာကဝဂ်

၁-နတုမှာကသုတ်

၁၉။ ရူပ်စသည်သည် အနှစ်သာရအစိုးရသော အတ္တမဟုတ် အတ္တ၏ဥစ္စာ အတ္တနိယ မဟုတ် မြက်ထင်းစသည်ကို မီးရှို့ရာ၌ လူအများ ငါတို့ကို မီးရှို့၏ဟု အကြံမဖြစ်သကဲ့သို့ သင်တို့သည် သင်တို့၏အတ္တ အတ္တနိယ မဟုတ်သော ရူပ်စသည်ကို ပယ်စွန့်ကြ ပယ်စွန့်ခြင်းသည် ချမ်းသာခြင်း အစီးအပွါးများခြင်းငှါ ဖြစ်လတ္တံ့ဟု ဘုရားရှင် ဟောတော်မူခြင်း ၂၉

၂-ဒုတိယနတုမှာကသုတ်

၂၀။ ဥပမာမပါသည်သာထူး ....

၃-အညတရဘိက္ခုသုတ်

၂၁။ ရူပ်စသည်ကိုစွဲ၍ကိန်းသော ရာဂါနုသယစသည်ဖြင့် တပ်မက်သူဟု ခေါ်ဝေါ်အပ်သူအဖြစ်သို့ရောက်၍ ရူပ်စသည်ကိုစွဲ၍ ရာဂါနုသယစသည် မကိန်းလျှင် မတပ်မက်သူဟု ခေါ်ဝေါ်အပ်သူ၏ အဖြစ်သို့ ရောက်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၉-၃၀

၄-ဒုတိယအညတရဘိက္ခုသုတ်

၂၂။ ရူပ်စသည်ကိုစွဲ၍ ရာဂါနုသယစသည်ကိန်းလျှင် ထိုအနုသယဖြင့် တပ်မက်သူစသော ခေါ်ဝေါ်အပ်သူ၏အဖြစ်သို့ ရောက်၍ ရူပ်စသည်ကို စွဲ၍ ရာဂါနုသယ စသည် မကိန်းလျှင် ထိုမကိန်းသော အနုသယဖြင့် တပ်မက်သူစသော ခေါ်ဝေါ်အပ်သူ၏အဖြစ်သို့ မရောက်ဟု ဘုရားရှင် ဟောတော်မူပုံ ၃၁

၅-အာနန္ဒသုတ်

၂၃။ ရူပ်စသောတရားတို့၏ဖြစ်ဆဲ ဥပါဒ်ခဏ ပျက်ဆဲဘင်ခဏ တည်ဆဲဥပါဒ်ခဏ၏ တပါးသောအခြင်းအရာ ရှိသည်၏အဖြစ် ဌီခဏကို သိအပ် ရအပ်၏ဟု ဘုရားရှင် ဟောတော်မူခြင်း ၃၂

၂၄။ ဌီတဿ အညထတ္တံ ပညာယတိ-အရကို-ဌ-ဌီ-တို့ဖြင့် ရှင်းလင်းချက် ....

၆-ဗုတိယအာနန္ဒသုတ်

၂၅။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရူပ်စသည်တို့၏ ဥပါဒ်ခဏ ဘင်ခဏ ဌီခဏကို သိရန် ရရန် ဘုရားရှင် ဟောတော်မူခြင်း ၃၂-၃၃

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၂-အနုဓမ္မသုတ်

၄၆။ ရုပ်စသည်၌ ငြီးငွေ့ခြင်းများ ဖြစ်၍နေသော ရဟန်းသည် ရုပ်စသည်ကို ပိုင်းခြားသိလျှင် ရုပ်စသည်မှ အို နာ သေ စသော ဆင်းရဲ လွတ်၏ဟု လောကုတ္တရာတရား ၉-ပါးအားလျော်သော အကျင့်ကို ကျင့်သော ရဟန်း၏အကျင့်မှန်ကို ဘုရားရှင် ဟောတော်မူခြင်း ၃၃

၈-ဒုတိယအနုဓမ္မသုတ်

၉-တတိယအနုဓမ္မသုတ်

၁၀-စတုတ္ထအနုဓမ္မသုတ်

၄၇။ ရုပ်စသည်၌ အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍ ဆင်းရဲ၏ဟု ရှုလေ့ရှိသည်ဖြစ်၍ အတ္တမဟုတ်ဟု ရှုလေ့ရှိသည်ဖြစ်၍ နေခြင်းမျှသာထူး၏ ၃၃-၃၄

၅-အတ္တဒီပဝဂ်

၁-အတ္တဒီပသုတ်

၄၈။ မိမိသာလျှင် ကိုင်းကျွန်းပမာ မှီခိုရာရှိကုန်သည်၊ ကိုးကွယ်ရာရှိကုန်သည်၊ မိမိမှတပါး အခြားကိုးကွယ်ရာမရှိကုန်သည်ဖြစ်၍ နေကြ၊ လောကုတ္တရာတရား (၉မျိုး)သာလျှင် မှီခိုရာ ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍ နေကြကုန်၊ ထိုသို့ နေကြကုန်သော သင်တို့သည် သောကပရိဒေဝဒုက္ခဒေါမနဿ ဥပါယာသတို့၏ဇစ်မြစ် အမှန်အစအကြောင်းကို စူးစမ်းဆင်ခြင်ကြ ဟု ရဟန်းတို့အား ဘုရားရှင် ဟောတော်မူပုံ.... .... ၃၄

၄၉။ ရုပ်စသည်ကို အတ္တဟု အတ္တရှိ၏ဟု စသည်ဖြင့် ရှုမှတ်သော သက္ကာယဒိဋ္ဌိရှိသူအား ရုပ်စသည် ဖောက်ပြန်ခြင်းကြောင့် သောကစသည်ဖြစ်ပုံနှင့် ရုပ်စသည်၏ အနိစ္စအဖြစ်ကိုသိ၍ "အတိတ်ရုပ်ပစ္စုပ္ပန်ရုပ် ရုပ်အားလုံးသည် မမြဲ ဆင်းရဲဖောက်ပြန်ခြင်း သဘောရှိ၏" ဟု ဟုတ်မှန်သောအတိုင်း ဝိပဿနာပညာဖြင့် သိသောသူအား သောကစသည်ကင်းပုံ မတပ်မက်ပုံ ချမ်းသာစွာနေရပုံ တဒင်္ဂနိဗ္ဗုတဖြစ်ပုံကို ဟောတော်မူခြင်း ၃၅

၂-ပဋိပဒါသုတ်

၅၀။ ရုပ်စသည်ကို အတ္တ ဟု အတ္တရှိ၏ဟု စသည်ဖြင့် ရှုမှတ်သူအား ခန္ဓာငါးပါး တရားအပေါင်း၏ ဖြစ်ခြင်းသို့ ရောက်စေတတ်သောအကျင့် ဆင်းရဲ၏ အဖြစ်သို့ ရောက်စေတတ်သော ရှုမှတ်ခြင်းမည်ပုံနှင့် ရုပ်စသည်ကို အတ္တဟု အတ္တရှိ၏ ဟု စသည်ဖြင့် မရှုမှတ်သူအား ခန္ဓာငါးပါးတရားတို့ ချုပ်ရာနိဗ္ဗာန်သို့ ရောက်စေတတ်သောအကျင့် ဆင်းရဲချုပ်ရာသို့ ရောက်စေတတ်သော သစ္စာလေးပါးအားလျော်စွာ ရှုခြင်းမည်ပုံ ဟောတော်မူခြင်း ၃၆

ဒုက္ခနိရောဓဂါမိနိသမနုပဿနာ-ပုဒ်၌ ဌ-ဋီ ဖွင့်ပုံ ၃၇

၃-အနိစ္စသုတ်

၅၁။ ရုပ်စသည်ကို အနိစ္စ ဒုက္ခ အနတ္တ-ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ၏ အတ္တမဟုတ် ဟု ဟုတ်တိုင်းမှန်စွာ ရှုမြင်သူ၏ စိတ်သည် ကိလေသာကင်းပုံ မစဲလမ်းမူ၍ အာသဝတို့မှလွတ်ပုံ ရုပ်ဓာတ်စသည်၌ မတပ်မက်သူသည် အာသဝတို့မှ လွတ်မြောက်ပုံ တည်ငြိမ်၏၊ ထက်ဝန်းကျင်ရောင့်ရဲနှစ်သိမ့်၏၊ မတပ်မက်၊ ကိုယ်တိုင်ကိလေသာငြိမ်း၏ဟု ဘုရားရှင် ဟောတော်မူခြင်း ၃၈

၄-ဒုတိယအနိစ္စသုတ်

၅၂။ ရုပ်စသည်ကို အနိစ္စ ဒုက္ခ အနတ္တ စသောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်သောသူအား ရွေ့အဖို့သို့ အစဉ်လိုက်သော ပဋိန္ဓာနဒီဋ္ဌိ နောက်အဖို့သို့ အစဉ်လိုက်သော အပရန္တာနဒီဋ္ဌိတို့မဖြစ်ပုံ သဿတဒီဋ္ဌိ အစွမ်း 'ထာမသ' မဖြစ်ပုံ သီလဗ္ဗတဒီဋ္ဌိ မှားသောအားဖြင့် သုံးသပ်ခြင်း 'ပရာမာသ' တို့မဖြစ်ပုံကို ဟောတော်မူခြင်း ၃၈

၅၃။ ထာမသော ပရာမာသော-ပုဒ်တို့၌ ဋ္ဌ-ဋ္ဌီ-ဗျာကရဏ်းတို့နှင့်အညီ ဆုံးဖြတ်ထားခြင်း ၃၉

၅-သမနုပဿနာသုတ်

၅၄။ အားလုံးသော ရဟန်း ပုဏ္ဏားတို့သည် များစွာသော အတ္တကို ရှုကုန်သည် ရှိသော် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုသာရှုကြ၍ ဤဒိဋ္ဌိဟူသော ရှုခြင်းသည်ပင်း ငါဖြစ်၏ဟူသော တဏှာမာနဒိဋ္ဌိ မကင်းခြင်းသည်ပင်း ဖြစ်၏၊ ထို့သို့ မကင်းရာ၌ စက္ခုန္ဒြေ စသော ငါးပါး ကမ္မဝိညာဏ် ဓမ္မာရုံ မသိခြင်း 'အဝိဇ္ဇာ' ဓာတ်တို့ဖြစ်ပေါ်၍ အဝိဇ္ဇာသမ္ဗဿကြောင့်ဖြစ်သော ဝေဒနာသည် တွေ့ထိအပ်သော အာသုတဝါပုထုဇဉ်၏ သန္တာန်၌ တဏှာမာနဒိဋ္ဌိအားဖြင့်ငါဖြစ်၏ စသော ဒိဋ္ဌိတို့ဖြစ်ပုံကို ဟောတော်မူခြင်း ၄၀

၆-ခန္ဓသုတ်

၅၆။ အတိတ်စသောရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် အာသဝ ဥပါဒါန် တရားတို့၏ အာရုံအဖြစ်မှ ကင်းလျင် ခန္ဓာမည်၍ အာသဝ ဥပါဒါန် တရားတို့၏ အာရုံပြုခံလျင် ဥပါဒါနက္ခန္ဓာမည်၏ ဟု ခွဲခြား၍ ဟောတော်မူခြင်း ၄၉

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၇-သောဏသုတ်

၅၇။ ရဟန်းပုဏ္ဏားတို့သည် ဟုတ်မှန်သော သဘောကိုမသိမမြင်၍ မမြဲဆင်းရဲ ပေါက်လွဲပေါက်ပြန်သော ရုပ်စသည်ဖြင့် ငါမြတ်၏ ငါတူ၏ ငါယုတ်၏ ဟု အမြတ် အတူ အယုတ်မာန်ဖြစ်၍ ဟုတ်မှန်သောသဘောကို သိမြင်ခြင်း ကြောင့် မာန် ၃-ပါး မဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၄၀

၈-ဒုတိယသောဏသုတ်

၅၈။ ရုပ်စသည်ကိုငင်း ရုပ်စသည်၏ဖြစ်ကြောင်းကိုငင်း ရုပ်စသည်၏ချုပ်ရာကို ငင်း ရုပ်စသည်၏ ချုပ်ရာသို့ရောက်ကြောင်း အကျင့်ကိုငင်း မသိသော ရဟန်း ပုဏ္ဏားတို့သည် ရဟန်းပုဏ္ဏားတို့မဟုတ်၍ ရဟန်းပုဏ္ဏားတို့၏ အကျိုးမင်္ဂိုလ်ကို မျက်မှောက်၌ မရရှိကြပေ၊ သိသော ရဟန်းပုဏ္ဏားတို့သာ မင်္ဂိုလ်ကို မျက်မှောက်၌ ရရှိနိုင်ကြပုံကို ဘုရားရှင် ဟောတော်မူပုံ ၄၁

၉-နန္ဒိက္ခယသုတ်

၅၉။ မမြဲသော ရုပ်စသည်ကို မမြဲ ဟု ရှုခြင်းသည် သမ္မာဒိဋ္ဌိဖြစ်၍ ရုပ်စသည်၌ ငြီးငွေ့ပြီးလျှင် နန္ဒိရာဂ၏ ကုန်ခြင်းကြောင့် ကိလေသာမှ လွတ်သောစိတ်ကို ကောင်းစွာ ကိလေသာမှ လွတ်ပြီ ဟု ဘုရားရှင် ဟောတော်မူပုံ ၄၂

၆၀။ နန္ဒိရာဂက္ခယာ စိတ္တံ ဝိမုတ္တံ-၌ မှတ်သားဖွယ် ....

၁၀-ဒုတိယနန္ဒိက္ခယသုတ်

၆၁။ ရုပ်စသည်ကို သင့်သောအကြောင်းအားဖြင့် နှလုံးသွင်း၍ အမြဲမရှိသည်၏ အဖြစ်ကို ရှုမှတ်လျှင် ရုပ်စသည်၌ ငြီးငွေ့ပုံ နန္ဒိရာဂ တဏှာကုန်ပုံ စိတ် ကိလေသာမှ လွတ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၄၂

(၆) ၁-ဥပယဝဂ်

၁-ဥပယသုတ်

၆၂။ ဘဏှာမာန ဒိဋ္ဌိအစွမ်းအားဖြင့် ခန္ဓာငါးပါးသို့ မကပ်ရောက်တတ်သူ ကိလေသာတို့မှ မလွတ်ပုံ တဏှာစသည်ဖြင့် ခန္ဓာငါးပါးသို့ ကပ်ရောက်ခြင်းမရှိသူမှာ ကိလေသာမှ လွတ်ပုံကို အကျယ်ဟောတော်မူခြင်း ၄၃

၆၃။ ရုပ်စသည်သို့ ကပ်ရောက်တတ်သော ကမ္မဝိညာဏ်တည်လျှင် ရုပ်စသောအာရုံ ရုပ်ဟူသောတည်ရာ နှစ်သက်တတ်သော တဏှာသွန်းလောင်းခြင်း ရှိသည်ဖြစ်၍ တိုးပွါးစည်ပင်ပြန့်ပြောခြင်းသို့ရောက်၍ ဂျုပ် ဝေဒနာ သညာ သင်္ခါရတို့ကို ကြဉ်ထား၍ ကမ္မဝိညာဏ်၏ လားရာသွားရာ ရှေ့ရှားခြင်း ဖြစ်ခြင်း တိုးပွါးစည်ပင်ပြန့်ပြောခြင်း မဖြစ်နိုင်ပုံကို ဟောတော်မူခြင်း ၄၃

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၆၄။ ရူပဓာတ်စသည်၌ တပ်မက်မှုရာဂပယ်လျှင် အာရုံပြတ်၍ကမ္မဝိညာဏ်၏ တည်ရာမဖြစ် တည်ရာ မဖြစ်သော ဝိညာဏ်သည် မစည်ပင် မပြုပြင်အပ်မူ၍ ကိလေသာမှ လွတ်ပုံ တည်ငြိမ်ပုံ ဟောတော်မူခြင်း ၄၃

၂-ဗီဇသုတ်

၆၅။ မကျိုးမကဲ့မပုပ်ဆွေး လေ နေပူ မထိခိုက်ယူအပ်သော အနှစ်ရှိသော (အမြစ်ပင်စည် အညွှန့် အဆစ် အစေ့ မျိုးစေ့ငါးပါးတို့သည် မြေ ရေ မရှိလျှင် မကြီးပွါး မစည်ပင် မပြန့်ပြောနိုင်၊ မြေရေရှိမှသာ ကြီးပွါးထိုးတက်နိုင် ပုံနှင့် မြေနှင့် (ရုပ် ဝေဒနာ သညာ သင်္ခါရ) ဝိညာဏ ဌိတိ-၄ ပါး၊ ရေနှင့် တဏှာ မျိုးဇော့ငါးမျိုးနှင့်အကြောင်းနှင့်တကွဖြစ်သော ကမ္မဝိညာဏ်တူပုံ ဘုရားရှင် ဟောတော်မူခြင်း ၄၄

၆၆။ ဗီဇဇာတာနိ သာရာဒါနိ စတသော ဝိညာဏဌိတိယော-၌ သိမှတ်ဖွယ်-ဌ-ဋ္ဌ-ဖွင့်ပုံ ၄၅

၃-ဥဒါနသုတ်

၆၇။ "ငါမဖြစ်လျှင် ငါ၏ဥစ္စာပရိက္ခရာမဖြစ်၊ အတိတ်ကံမဖြစ်ခဲ့လျှင် ယခု ငါ့ခန္ဓာမဖြစ်၊ အနာဂတ်ခန္ဓာဖြစ်စေမည့် ကံမဖြစ်တော့လျှင် ငါ့အနာဂတ်ခန္ဓာမဖြစ်တော့လတ္တံ့" ဟူ၍ နှလုံးသွင်းသော ရဟန်းမှာ အောက်ကာမဘုံသို့ ချဉ်းကပ်တတ်သော သြရမ္ဘာဂိယ သံယောဇဉ်တို့ကို ဖြတ်စွမ်းနိုင်၏ ဟု ဘုရားရှင် ဥဒါန်းကျူးရင့်တော်မူခြင်း ၄၅

၆၈။ သက္ကာယဒိဋ္ဌိရှိသူသည် ရုပ်စသည်ကို မမြဲသောအနိစ္စ ဆင်းရဲသောဒုက္ခ အစိုးမရသောအနတ္တ ပြုပြင်အပ်သော သင်္ခတ ထိုရုပ်စသည် ပျက်စီးလတ္တံ့ ဟု ဟုတ်တိုင်းမှန်စွာ မသိပဲ၊ သက္ကာယဒိဋ္ဌိမရှိသူ အရိယသာဝကသည် ရုပ်စသည်ကို အနိစ္စစသောအားဖြင့် ဟုတ်တိုင်းမှန်စွာသိ၍ ရုပ်စသည်၏ ပျက်စီးခြင်းကို ရှုခြင်းကြောင့် "အောက်ကာမဘုံသို့ သက်စေသော သံယောဇဉ်တို့ကို ဖြတ်စွမ်းနိုင်၏" ဟု ဘုရားရှင် ဟောတော်မူခြင်း ၄၅

၆၉။ ရူပဿဝိဘဝါ-ပုဒ်ကို-ဌ-ဋ္ဌ-တို့ဖြင့် ဆုံးဖြတ်ခြင်း ၄၆

၇၀။ အဘယ်သို့ သိမြင်သောသူ၏သန္တာန်၌ အခြားမရှိသည်ဖြစ်၍ ဝါ-ဝိပဿနာသည် အနန္တရပစ္စည်းတပ်သည်ဖြစ်၍ အာသဝတို့ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်ဖိုလ်ဖြစ်ပါသနည်းဟူသော ရဟန်းတပါး၏အမေးကို ဘုရားရှင် မိန့်ကြားတော်မူခြင်း ၄၆-၄၇

၇၁။ အနန္တရာ အာသဝါနံ ခယော ဟောတိ-၌-ဌ-ဋ္ဌ-ဇျာကရဏ်းပဌာန်းနည်းတို့ဖြင့် အကျယ်ဆုံးဖြတ်ထားခြင်း ၄၆-၄၇

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၄-ဥပါဒါနပရိဝတ္တသုတ်

၂၂။ ဥပါဒါနက္ခန္ဓာငါးပါးကို လေးပါးသော သစ္စာတို့ကို ပြန်လှန်လှည့်လည်သော အားဖြင့် ထူးသောအားဖြင့် မသိသေးခင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို ထိုးထွင်းသိသော ဘုရား ဟု ဝန်မခံခဲ့၊ ဥပါဒါနက္ခန္ဓာကို သစ္စာ လေးပါးဖြင့် လှည့်လည်၍ သိမှသာ ဘုရား ဟု ဝန်ခံခဲ့ပုံကို ဘုရားရှင် မိန့်တော်မူခြင်း ၄၉

၂၃။ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို ၎င်းတို့၏ဖြစ်ကြောင်း သမုဒယ ကိုလည်း ချုပ်ရာချုပ်ကြောင်း နိရောဓကိုလည်း ဘျုပ်ရာရောက်ကြောင်း အကျင့် နိရောဓဂါမိနိပဋိပဒါကိုလည်း အကျယ်ဟောပြတော်မူခြင်း ၄၉-၅၀

၂၄။ ရုပ်စသည် ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်သူ ရဟန်းပုဏ္ဏားတို့သာ ကောင်းစွာကျင့်သူတို့မည်၍ ရုပ်စသည်ကို ဝါ-ရုပ် စသည်၏ ငြီးငွေ့ခြင်း တပ်မက်ခြင်း ကင်းချုပ်ခြင်းကြောင့် တဏှာဒိဋ္ဌိ တို့ဖြင့် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်သူ ရဟန်းပုဏ္ဏားတို့သာ ကောင်းစွာ ကိလေသာမှ လွတ်သူ အလုံးစုံ ပြုအပ်ပြီးသော မဂ်ကိစ္စရှိသူတို့ မည်၍ ဝဋ်ဖြင့် ပညတ်ခြင်းငှါ အကြောင်းမရှိပုံကို ဘုရားရှင် ဟောတော်မူခြင်း ၅၀-၅၁

သတ္တဋ္ဌာနသုတ်

၂၅။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာငါးပါးနှင့် ယင်းတို့၏ ဖြစ်ကြောင်း ချုပ်ရာ ချုပ်ရာရောက်ကြောင်း အကျင့်ကိုလည်း ယင်းတို့၏ သာယာဖွယ်နှင့် အပြစ်ကိုလည်း ထွက်မြောက်ရာကိုလည်း ယင်းခုနစ်ဌာနကို သိလိမ္မာသော သုံးပါးသော အပြားတို့ဖြင့် ရှုဆင်ခြင်သော ရဟန်းကို ခုနစ်ဌာနဋ္ဌ လိမ္မာသူ သာသနာတော်ဋ္ဌ ကိစ္စပြီးစီးသော ယောကျ်ားမြတ် ဖြစ်သူ ဟု ဘုရားရှင် ဟောတော်မူခြင်း.... .... ၅၁

၂၆။ ရုပ်စသော ခန္ဓာငါးပါးတို့ဋ္ဌ ဓာတ် အာယတန ပဋိစ္စသမုပ္ပါဒ်အားဖြင့် ရှုဆင် ခြင်သော ရဟန်းကို (တိဝိဓူပပရိက္ခို) သုံးပါးသော အပြားတို့ဖြင့် ရှုဆင် ခြင်သူ သာသနာတော်ဋ္ဌ ကိစ္စပြီးစီးသော ယောကျ်ားမြတ်ဖြစ်သူ ဟု ဘုရားရှင် ဟောတော်မူခြင်း ၅၂

၆-သမ္မာသမ္ဗုဒ္ဓသုတ်

၂၂။ ရုပ်စသည်ကို ငြီးငွေ့ခြင်း တပ်မက်ခြင်း ကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် တဏှာဒိဋ္ဌိတို့ဖြင့် မစဲလမ်းမူ၍ ကိလေသာတို့မှ လွတ်မြောက်တော်မူသော ပူဇော်အထူးခံ အမှန်တရားသိ ဘုရားရှင်နှင့် ရုပ်စသည်ကို(၌) ငြီးငွေ့ခြင်းကြောင့် မစဲလမ်းမူ၍ ကိလေသာမှ လွတ်မြောက်သော (ပညာဝိမုတ္တ) အရဟတ္တဖိုလ်ပညာဖြင့် ကိလေသာမှ လွတ်သော ရဟန်း၏အထူးကို ဘုရားရှင် ဟောတော်မူခြင်း ၁၂-

၇-အနတ္တလက္ခဏသုတ်

၂၇။ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား ဗာရာဏသီပြည် ပစ္စေကဗုဒ္ဓါတို့၏ သက်ရာ တက်ရာ သားတို့အား ဘေးမဲ့ပေးဆု မိဂဒါဝုန်တော၌ အနတ္တလက္ခဏသုတ်ကို ဟောတော်မူခြင်း ၁၃-

၂၉။ ရုပ်စသည်ဟု အလိုလိုက် အစိုးရသော အတ္တဖြစ်ခဲ့လျှင် ငါ၏ရုပ်စသည်ဟာ ကျိသို့ဖြစ်ပါစေ ကျိသို့မဖြစ်ပါလင့်ဟူ၍ တောင့်တတိုင်း ရရာ၏၊ နာကျင်ခြင်းငှါ မဖြစ်ခဲ့ရာ၊ အမှန်စင်စစ် ရုပ်စသည်ဟာ နာကျင်ခြင်းငှ၊ ဖြစ်၏၊ ကျိသို့ဖြစ်စေသတည်း ကျိသို့မဖြစ်ပါလင့်ဟူ၍ တောင့်တတိုင်း ရလည်း မရအပ်သောကြောင့် ရုပ်စသည်ဟာ အလိုမလိုက် အစိုးမရ အနတ္တဟု ဘုရားရှင် ဟောတော်မူခြင်း ၁၄-

၃၀။ ရုပ်စသည်ကို နိစ္စလော အနိစ္စလော စသည်ဖြင့် မေးတော်မူ၍ အတိတ် အနာဂတ် ပစ္စုပ္ပန်စသည် အပြားရှိသော ရုပ်အားလုံးကို ငါ၏ဥစ္စာမဟုတ် ငါမဟုတ် ငါ၏အတ္တမဟုတ် ဟု ဟုတ်တိုင်းမှန်စွာ ရှုမှတ်ရန် ဟုတ်တိုင်းမှန်စွာ သိမြင်လျှင် ရုပ်စသည်၌ ငြီးငွေ့ပုံ တပ်ခြင်းကင်းပုံ ကိလေသာမှ လွတ်ပုံ လွတ်သည်ကိုသိပုံ ဘဝပဋိသန္ဓေကုန်မှု စသည်ကိုသိပုံ (ဝိပဿနာ မဂ်ဖိုလ်ပစ္စဝေက္ခဏာ ဉာဏ်ဖြစ်ပုံ) ကိုဟောတော်မူသဖြင့် ပဉ္စဝဂ္ဂီတို့ ရုပ်စသည်ကို ရှုမှတ်ကာ ရဟန္တာဖြစ်တော်မူကြခြင်း ၁၅-

၈-မဟာလိသုတ်

၁၁။ သတ္တဝါတို့၏ ညစ်ညူးခြင်းငှါ အကြောင်း အထောက်အပံ့သည်မရှိ သတ္တဝါတို့သည် အကြောင်းအထောက်အပံ့မရှိကုန်ပဲ ညစ်ညူးကြတယ် စင်ကြယ်ကြတယ် ဟု ပူရဏကဿပကပြောဆိုရာ၌ မြတ်စွာဘုရားက အဘယ်သို့ဟောပါသနည်း ဟူသော မဟာလိစ္ဆဝီမင်း၏ အမေးကိုဘုရားရှင် ဖြေကြားတော်မူခြင်း ....

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၈၂။ ရုပ် စသည်သည် ချမ်းသာတည်း ချမ်းသာသည် ကပ်ရောက်အပ်၏ ချမ်းသာသည် သက်ဝင်အပ်၏ ဆင်းရဲသည် မသက်ဝင်အပ်သောကြောင့် သတ္တဝါတို့သည် ရုပ် စသည်၌ပြင်းစွာ တပ်မက်ကြ၊ စပ်ယှဉ်ကြ၊ ညစ်ညူးကြပုံကို ဘုရားရှင် ဟောတော်မူခြင်း ၅၈-၅၉

၈၃။ ရုပ်စသည်သည် ဆင်းရဲတည်း ဆင်းရဲသည် ကပ်ရောက်အပ် သက်ဝင်အပ်၏ ချမ်းသာသည်မကပ်ရောက်အပ်သောကြောင့် သတ္တဝါတို့သည် ရုပ် စသည်၌ ငြီးငွေ့ပုံတပ်ခြင်းကင်းပုံ စင်ကြယ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၅၉

၉-အာဒိတ္တသုတ်

၈၄။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ ရာဂစသည်တို့ဖြင့် တောက်လောင်နေပုံကို သိမြင်သော သုတဝါ အရိယသာဝကသည် ရုပ်စသည်၌ ငြီးငွေ့ပုံ တပ်မက်ခြင်းကင်းပုံ ကိလေသာမှ လွတ်ပုံ ပဋိသန္ဓေဘဝကိုကုန်မှုကို သိပုံကို ဘုရားရှင် ဟောတော်မူခြင်း ၆၀

၁၀-နိဂုတ္တိပထသုတ်

၈၅။ ပညာရှိ ရဟန်း ပုဏ္ဏားတို့ မည်သည့်အခါမှ မစွန့်သော ဆုတ်ခွာဆိုအပ်သော နိဂုတ္တိပထ သဒ္ဒါမျှကိုစွဲ၍ဖြစ်သော အဓိဝစနပထ အပြားအားဖြင့် သိစေတတ်သော ပညတ္တိပထသုံးပါးကို ဘုရားရှင် ဟောတော်မူခြင်း ၆၀

၈၆။ နိဂုတ္တိပထ အဓိဝစနပထ ပညတ္တိပထ-ပုဒ်တို့၌ သိမှတ်ဖွယ်ဆု ၆၀

၈၇။ လွန်ခဲ့ ချုပ်ခဲ့ ဖောက်ပြန်ခဲ့သော အတိတ်ရုပ် ဝေဒနာ စသည်၏ "ဖြစ်ခဲ့ပြီ" ဟူသော အခေါ်အဝေါ်အမည်ပညတ်ဖြစ်၍ ရှိ၏၊ ဖြစ်လတ္တံ့ ပညတ်မဖြစ်။ မဖြစ်သေးထင်ရှား မဖြစ်ပေါ်သေးသော အနာဂတ်ရုပ် ဝေဒနာစသည်၏ "ဖြစ်လတ္တံ့" ပညတ်ဖြစ်၍ ရှိ၏၊ ဖြစ်ပြီ-ပညတ်မဖြစ်၊ ဖြစ်ပေါ်ထင်ရှားသော ပစ္စုပ္ပန် ရုပ်ဝေဒနာစသည်၏ "ရှိ၏" ပညတ်ဖြစ်၍ဖြစ်ပြီ ဖြစ်လတ္တံ့ ပညတ်မဖြစ် ဟု နိဂုတ္တိ အဓိဝစန ပညတ္တိပထ သရုပ်ကို ထုတ်ဖော်၍ ဟောတော်မူခြင်း ၆၁

၈၈။ အကြောင်းမရှိ ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုရာမရောက် အကျိုးမရှိ ဟု ပြောဆိုကုန်သော ဥက္ကလတိုင်းသား ဝဿန္ဒင့် ဘည်တို့သည်လည်း ကဲ့ရဲ့ထိပါး အပြစ်တင်စဉ်စဲခြင်းမှ ကြောက်သောကြောင့် နိဂုတ္တိ အဓိဝစန ပညတ္တိပထ တို့ကို ကဲ့ရဲ့ထိုက်၏ဟု မမှတ်ထင်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၆၂

(၇) ၂-အရဟန္တဝဂ်

၁-ဥပါဒိယမာနသုတ်

၈၉။ အကျဉ်းချုပ်အားဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားဟောတော်မူပါ ဟု လျှောက်ထားသော ရဟန်းတပါးကို တဏှာ ဒိဋ္ဌိတို့ဖြင့်စွဲလမ်းသောရဟန်း သည် မာရ်၏ အဖွဲ့ခံရ၍ မစွဲလမ်းသူမာရ်(မာရ်၏ကျွဲကွင်း)မှ လွတ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း.... .... ၆၂-၆၃

၉၀။ ရုပ်၌ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို စွဲလမ်းသူမာရ်၏ အနှောင်အဖွဲ့ ခံရ၍ မစွဲလမ်းသူ မာရ်၏ အနှောင်အဖွဲ့မှလွတ်ပုံ အကျယ်အားဖြင့်သိပုံကို ဘုရားရှင်အား လျှောက်ထားပြီးလျှင် တပါးထည်းတည်း မမေ့မလျော့ အားထုတ်သဖြင့် ထိုရဟန်း ရဟန္တာဖြစ်ပုံ ၆၃

၂-မညမာနသုတ် ၃-အဘိနန္ဒမာနသုတ်

၉၁။ ရုပ်စသည်ကို တဏှာမာနဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် အလွဲထင်သော လွန်စွာ နှစ်သက်သောရဟန်း မာရ်၏အနှောင်အဖွဲ့ခံရ၍ အထင်မလွဲသော လွန်စွာ မနှစ်သက်သော ရဟန်း မာရ် မာရ်၏ ကျွဲကွင်းမှ လွတ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၆၄

၄-အနိစ္စ ၅-ဒုက္ခအနတ္တသုတ်

၉၂။ မမြဲ-အနိစ္စ-ဆင်းရဲ-ဒုက္ခ၊ အစိုးမရ-အနတ္တဖြစ်သော ရုပ်စသည်၌ တဏှာဆန္ဒ ကို ပယ်ရန်ဟောတော်မူသော ဘုရားရှင်၏ တရားတော်ကို နာကြား၍ တပါးတည်းမမေ့မလျော့အားထုတ်သော ရဟန်း ရဟန္တာဖြစ်ပုံ ၆၅

၇-အနတ္တနိယ ၈-ရဇနီယသဏ္ဌိတသုတ်

၉၃။ မိမိပိုင်ဥစ္စာမဟုတ်သော အနတ္တနိယ နှစ်သက်ဖွယ်၏ အဖြစ်ဖြင့် ကောင်းစွာ တည်သော ရဇနီယသဏ္ဌိတ ရုပ်ဝေဒနာစသည်၌ တဏှာဆန္ဒကို ပယ်ရန် ဘုရားရှင် ဟောတော်မူခြင်း ၆၆

၉-ရာဓသုတ် ၁၀-သုရာဓသုတ်

၉၄။ အလုံးစုံသော ရုပ်ဝေဒနာစသည်ကို "ငါ၏ဥစ္စာမဟုတ် ငါမဟုတ် ငါ၏အတ္တ မဟုတ်"ဟု သိမြင်သော ရဟန်း၏သန္တာန်၌ ဝိညာဏ်နှင့်တကွသော ဤ ကိုယ်ပြင်ပ အဝိညာဏသန္တာန်အလုံးစုံသော နိမိတ်အာရုံ၌ ငါဟူပြုလုပ် ခြင်း ဒိဋ္ဌိ ငါ့ဥစ္စာ ဟု ပြုကြောင်းတဏှာ ထောင်လွှားခြင်း မာနာနုသယတို့ မဖြစ်ပုံကို အရှင်ရာဓ အရှင် သုရာဓတို့ကို ဘုရားရှင် ဟောတော်မူခြင်း.... ၆၆-၆၇

အကြောင်းအရာ မျက်နှာအမှတ်

(ဂ) ခု-ခဇနိယဝဂ်

၁-အဿာဒသုတ်

၉၅။ နာခံမှတ်သားဆောင်ထားမှု အာဂမ အဓိဂမ သုဟမရှိသူ ပုထုဇဉ်မှာ ရုပ်စသည်၏ သာယာဖွယ် အပြစ် ထွက်မြောက်ရာကို ဟုတ်တိုင်းမှန်စွာ မသိပဲ သုတရှိသူ အရိယသာဝကသာ သိပုံကို ဟောတော်မူခြင်း ၆၈

၂-သမုဒယသုတ်

၉-ဒုတိယသမုဒယသုတ်

၉၆။ သုတမရှိသူ ပုထုဇဉ် ရုပ်၏ဖြစ်ကြောင်း (ချုပ်ကြောင်း) ချုပ်ရာ သာယာဖွယ် အပြစ် ထွက်မြောက်ရာကို ဟုတ်တိုင်းမှန်စွာမသိပဲ သုတရှိသူ အရိယသာဝကသာ သိပုံကို ဟောတော်မူခြင်း ၆၈

၄-အရဟန္တသုတ်

၅-ဒုတိယအရဟန္တသုတ်

၉၇။ ရုပ်စသည်ကို အနိစ္စ ဒုက္ခ အနတ္တဖြစ်၍ ငါ၏ ဥစ္စာမဟုတ် ငါမဟုတ် ငါ၏ အတ္တမဟုတ် ဟု သိမြင်သူမှာ နိဗ္ဗိန္ဒဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဟန္တာဖြစ်ပုံနှင့် သတ္တဝါတို့၏ တည်ရာဌာန သတ္တဝါသနေဝသညာ နာသညာယတန ဘဝဂ်တိုင်အောင် ရှိသမျှတို့ထက် ရဟန္တာတို့အမြတ်ဆုံး ဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၆၉

၉၈။ သတ္တာဝါသာ ဘဝဂ္ဂံ မဟာနာဂါ အပရပစ္စယာ ဥဒ္ဒံ အပါစိနံ-ဠ္ဟ မှတ်သားဖွယ်ရာနှင့် သုစိနော ဝတ အရဟန္တော၊ တဏှာတေသ နာ ဝိဇ္ဇတိ-စသော-ဂါထာတို့ကို ဌ-ဋီတို့နှင့်အညီ ယောဇနာပုံ ၆၉-၇၀

၆-သီဟသုတ်

၉၉။ ညချမ်းအခါ အစာရှာထွက်သော ခြင်္သေ့မင်း၏ သုံးကြိမ်ဟောက်သံကို ကြားရကုန်သော တွင်း ရေ တော ကောင်းကင်နေ သတ္တဝါတို့မှာ ကြောက်လန့် ပြေးကြရလောက်အောင် သားတို့၏ ဘုရင်ခြင်္သေ့သည် ကြီးသော တန်ခိုးရှိသူ စိုးပိုင်မှု ရှိသူ ဟု ဘုရားရှင် ဟောတော်မူခြင်း ၂၁

၁၀၀။ မြင့်မြတ်သော ဗိမာန်၌ ကြာမြင့်စွာတည်နေကြသည့်သက်ရှည်ဆင်းလှ သုခအဖဲ့ဖဲ့ပြည့်စုံကုန်သော နတ်တို့မှာ "ဤသည်ကား ရုပ်တည်း၊ ရုပ်၏ဖြစ်ကြောင်းတည်း၊ ရုပ်၏ ချုပ်ရာတည်း" စသော ဘုရားရှင်၏ တရားတော်ကိုနာကြားရ၍ "ငါတို့သည် မမြဲမခိုင်တာတွေကို မြဲခိုင်တာ ဟု မှတ်ထင်ခဲ့ကြပြီ၊ ထင်ရှားရှိသော သက္ကာယ၌ အကျုံးဝင်ကုန်၏ ကြောက်လန့်တုန်လှုပ် ထိတ်လန့်ကြပုံနှင့် ဘုရားရှင်၏ တန်ခိုးကြီး မြင့်မြတ်ပုံ ၂၂-၂၃

ဦးရေ အကြောင်းအာဆု မျက်နှာ

၁၀၁။ သက္ကာယဿ နိဇောခဋ္ဌ-စသော ဂါထာကို ဌ-ဋီတို့နှင့် အညီ အနက်ယော ဇနာခြင်း ....

၂-ခန္ဓနိယသုတ်

၁၀၂။ ရှေးဦး နေဘူးသောခန္ဓာ (ပုဗ္ဗေနိဝါသ)ကို အစဉ်အောက်မေ့ကုန်သော ရဟန်း ပုဏ္ဏားတို့မှာ "လွန်လေပြီးသောကာလ၌ ငါ ဤသို့ ရုပ်ရှိခဲ့ပြီ ဝေဒနာရှိခဲ့ပြီ စသည်ဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါး တပါးပါးကိုသာ အစဉ် အောက်မေ့ကြပုံကို ဘုရားရှင် ဟောတော်မူခြင်း ....

၁၀၃။ အအေး အပူ စသည်ဖြင့် ဖောက်ပြန်တတ်သောကြောင့်ရုပ်၊ ချမ်းသာ ဆင်းရဲ စသည်ကို ခံစားတတ်သောကြောင့် ဝေဒနာ၊ အညိုအရောင် အဆင်းစသည်ကို မှတ်တတ်သောကြောင့်သညာ၊ ပေါင်းရုံပြုစီရင်အပ် သော သင်္ခတကို ပြုစီရင်တတ်သောကြောင့် သင်္ခါရ၊ အချဉ်စသည်ကို အထူးသိတတ်သောကြောင့် ဝိညာဏ်မည်ပုံကို ဘုရားရှင် ဟောတော်မူခြင်း

၁၀၄။ အနေကဝိဟိတံ-ကိဉ္စ၊ ရူပတိ သုခမို ဝေဒယတိ၊ သင်္ခါတ မဘိသင်္ခရောန္တိ-တို့၌ သိမှတ်ဖွယ်ရာများ ....

၁၀၅။ "ယခုအခါ ငါ့ကို ရုပ်စသည်သည် ခဲစားအပ်၏၊ အတိတ်ကာလ၌လည်းခဲစား အပ်ခဲ့ပြီ၊ အနာဂတ်ရုပ်စသည်ကို နှစ်သက်ငြားအံ့ အနာဂတ်ရုပ်စသည် သည် ငါ့ကို ခဲစားအပ်ရာ၏" ဟု ရှုဆင်ခြင်သော သုတရှိသူ အရိယသာ ဝကမှာ အတိတ်ရုပ်စသည်၌ မငဲ့ကွက် အနာဂတ်ရုပ်ကို မနှစ်သက် ပစ္စုပ္ပန် ရုပ်စသည်ကို ငြီးငွေ့ခြင်းငှါ စက်ဆုတ်ခြင်းငှါ ချုပ်ခြင်းငှါ ကျင့်သူမည်၏ ဟု ဘုရားရှင် ဟောတော်မူခြင်း ....

၁၀၆။ ရုပ် စသည်ကို မမြဲ ဆင်းရဲဖောက်ပြန်တတ်၏၊ ငါ၏ဥစ္စာ မဟုတ် ငါမဟုတ် ငါ၏ အတ္တာမဟုတ် ဟု ဟုတ်တိုင်းမှန်စွာသိသော ပုဂ္ဂိုလ်ကို ဝဋ်ကိုဖျက်ဆီး သူ မဘိုးပွါးစေသူ ဝဋ်ကို ပယ်ဖျန်သူ မစွဲလမ်းသူ ဝဋ်ကို ဖရိုဖရဲ ကြဲတတ်သူ မပေါင်းစည်းသူ ဝဋ်ခိုးကင်းစေသူ အခိုးမထစေသူ ဟု ဘုရားရှင် ဟောတော်မူခြင်း ....

၁၀၇။ ဝဋ်ကို ဖျက်ဆီး၍ တည်သူ ကိလေသာတို့မှလွတ်သော ရဟန္တာပုဂ္ဂိုလ်ကို သကြား ဗြဟ္မာ ပဇာပတိ နတ်မင်းနှင့်တကွသော နတ်တို့ရှိခိုးကြပုံနှင့် နမော တေ ပုရိသာ ဇည-စသော ဂါထာ၏ အနက် ....

၈-ပိဏ္ဍောလျသုတ်

၁၀၈။ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ၌နေတော်မူစဉ် တစုံတခုသော အကြောင်းကြောင့် ရဟန်းအပေါင်းကိုနှင်ထုတ်၍ ကပိလ

ဦးရေ	အကြောင်းအရာ	မျက်နှာအမှတ်
	ဝတ်ပြည်သို့ ဆွမ်းခံလှည့်လည်ပြီးလျှင် နွေအခါနေရန်အလို့ငှါ မဟာဝုန် တော ဥဿုစပင်ပျိုအနီးသို့ ချဉ်းကပ်တော်မူခြင်း	၂၉-၁၀
၁၀၃။	ပစ္စာဘတ္တံ ပဋိသလ္လိန် အညထဏ္ဍ-ပုဒ်တို့၌ မှတ်သားဖွယ်ရာ အဆုံးအဖြတ်....	၁၀
၁၁၀။	"အမိန္ဒ၁းမကို မတွေ့မြင်ရသော ဋ္ဌ၁းငယ်လေး၊ ရေမတွေ့ရသော နုသောမျိုး စေ့တို့သည် ပကတိမှ အခြင်းအရာတပါး ဖောက်ပြား၍သွဲ့သို့ ငါဘုရား ကို မမြင်ရသော ရဟန်းငယ်တို့မှာ ပကတိကြည်ညိုသည်မှ တပါးသော အခြင်းအရာ(လူထွက်ခြင်း)ဖောက်ပြန်ခြင်းသည် ဖြစ်ခဲ့ရာ၏၊ နှေးကွေးသို့ငါ ဘုရားသည် ရဟန်းအပေါင်းကို ချီးမြှောက်ရမူ ကောင်းလေစွ" ဟု ဘုရား၌ အကြံအစည်ဖြစ်ပုံ ထိုအကြံကိုသိ၍ သဟမွတိ ဗြဟ္မာလျှောက် ထား၍ပုံ	၁၀-၁၁
၁၁၁။	မြတ်စွာဘုရားသည် ညချမ်းအခါ သတ္တဝါ သခါရမှဖဲ့၍ တပါးထည်း တည်း ကိန်းအောင်းရာမှထခဲ့၍ နိဂြောဓခန်းသို့ ကြွခါ ခင်းထား၁သော နေထုဉ်၌ ထိုင်နေပြီးလျှင် "ရဟန်းတို့သည် တပါးစီ နှစ်ပါးစီ ချဉ်းကပ်သဖြင့် ကြောက်ရွံ့သော သဘောရှိကုန်သည်ဖြစ်၍ ငါဘုရားထံ ချဉ်းကပ်စေကုန် ရာ၏" ဟု တန်ခိုးဖန်ဆင်းတော်မူသဖြင့် ရဟန်းတို့ ဘုရား၌ချဉ်းကပ် တော်မူခြင်း	၁၂
၁၁၂။	ကေဒိကာယ ကွဒ္ဓါဘိသင်္ခါရ ပိတ္တောလုံ့ တဉ္စ ခေါ တေံ-တို့၌ မှတ်သားဖွယ်ရာ အဆုံးအဖြတ်များ	၁၂
၁၁၃။	"အမျိုးကောင်းသားတို့သည် အသက်မွေးမှုတို့တွင် အယုတ်ဆုံးဖြစ်၊ ဆဲရေး ကြောင်းဖြစ်သော ဆွမ်းခံလှည့်လည်သော အသက်မွေးမှုသို့ မင်းခိုးသူ ကြွေးမြီဘေး အသက်မွေး ဝမ်းကြောင်း အခက်အခဲ အမျိုးမျိုးကြောင့် ကပ်ရောက်ကြသည်မဟုတ်၊ စင်စစ်သော်ကား ပဋိသန္ဓေဖြစ် အိုသေစိုးရိမ် ဝိုင်ကြွေး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ပြင်းစွာပင်ပန်းခြင်းတို့ သက်ဝင်အပ် ကုန်သည်ဖြစ်၍ သက်သက်သော ဤဆင်းရဲအစုံ၏ အဆုံးကို ပြုခြင်းသည် ထင်ရှားတန်ရာ၏" ဟု နှလုံးသွင်း၍ အကျိုးကိုစဲ့၍ ဆွမ်းခံ လှည့်လည်သော အသက်မွေးမှုသို့ ကပ်ရောက်ကြပုံကို ဘုရား၌ ဟောတော်မူခြင်း	၁၃
၁၁၄။	ဆင်းရဲဒုက္ခကုန်စေလိုသော ကောင်းသော ရည်ရွယ်ချက်ဖြင့် သာသနာ တော်သို့ ဝင်ရောက်သော အမျိုးကောင်းသားသည် အဘိဇ္ဈာပေါမှုား ကာမဂုဏ်တို့၌ ထက်မျက်သော ရာဂရှိ ဖောက်ပြန်ခြင်းသို့ရောက်သောစိတ် ရှိ ဒေါသဖျက်ဆီးအပ်သော စိတ်အကြံရှိ ပျော်သောသတိရှိ ကင်းမဲ့ သောဆင်ခြင်ဉာဏ်ရှိ တည်ကြည်စိတ်မရှိ ချာချာလည်စိတ်ရှိ မစောင့်စည်း အပ်သော ဣန္ဒြေရှိခဲ့မူ နှစ်ဖက်လုံး၌ မီးတောက်လောင်၍ အလယ်၌ မစင် ပေကျုံးနေသော သူကောင်ဖုတ်ကြည်းရာ၌ မီးစ ထင်းကုလားတုံးသည်	

ဦးရေ	အကြောင်းအာဇာ	မျက်နှာအမှတ်
	ရှာ၌ အသုံးအဆောင်သစ်သားအကျိုး ဘောဂ်အသုံးအဆောင်သစ်သား အကျိုးငှါ မဖြစ်သကဲ့သို့ လူစည်းစိမ်မှလည်းဆုတ်ယုတ် ရဟန်း အဖြစ် အရိယာ မဂ်အကျိုးငှါလည်း မပြည့် ဟု ဘုရားရှင် ဟောတော်မူခြင်း....	၈၃-၈၄
၁၁၅။	"သတိပဋ္ဌာန်တရား လေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိသည်ဖြစ်၍ အနိစ္စစသော နှိမိတ်မရှိသော အနိမိတ္တ ဝိပဿနာ သမာဓိကို ပွါးများသူ၏ သန္တာန်၌ ကာမ ဗျာပါဒ ဝိဟိံသာ အကုသလဝိတက် သုံးပါးတို့သည် အကြွင်းမရှိ ချုပ်ကုန်၏"ဟု ဘုရားရှင် ဟောတော်မူခြင်း	၈၄
၁၁၆။	ဘဝဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ တည်မြဲ ကင်းပြတ် အယူ ၂-ခုရှိရာ သုတရှိသူ အရိယ-သာဝက ဆင်ခြင်ပုံကို ဘုရားရှင်ဟောတော်မူခြင်း	၈၄-၈၅
၁၁၇။	အတ္တဝသိကာ ကဋ္ဌတ္တံ သာမညတ္တံ အနိမိတ္တံ ဝါ သမာဓိ-၌ သိမှတ်ဖွယ်ရာမျှား	၈၃-၈၄
	၉-ပါလိလေယျသုတ်	
၁၁၈။	ကောသမ္ဗီပြည်ဃောသိတာရုံ၌နေတော်မူသော မြတ်စွာဘုရားသည် ဆွမ်းခံ လှည့်လည်၍ ဆွမ်းစားပြီး ကိုယ်တိုင်အိပ်ရာ နေရာကို သိမ်းဆည်း၍ သပိတ် သင်္ကန်းကို ယူဆောင်ပြီး အလုပ်အကျေးတို့ကို မပြောဆို ရဟန်း သံဃာ-ကို မပန်ကြားပဲ တပါးထည်းတည်း အဖော်မပါပဲ ပါလိလေယျကသို့ ဒေသစာရီ ဖဲကြွတော်မူပုံ	၈၅
၁၁၉။	ရဟန်းတပါးက ဘုရားရှင် တပါးထည်းတည်း မည်သူကိုမှ မပြောပဲ ဒေသ စာရီ ကြွတော်မူကြောင်းကို အရှင်အာနန္ဒာကို ပြောကြားရာ အရှင် အာနန္ဒာက တပါးထည်းတည်း နေလိုသောအခါ မည်သူ့ကိုမှ မပြောပဲ ကြွသွားပုံ မည်သူမှ မလိုက်ထိုက်ပုံကို မိန့်တော်မူခြင်း	၈၅
၁၂၀။	များစွာသော ရဟန်းတို့က ငါ့ရှင် အာနန္ဒာ တပည့်တော်တို့ ဘုရား်ရှင်မျက် မှောက်၌ တရားစကားကိုမကြားရတာကြာပြီ ဘုရားရှင်တရားကိုနာကြား လိုပါကြောင်း လျှောက်ထားကြသဖြင့် ရဟန်းအများနှင့် ရှင်အာနန္ဒာ သည် ဘုရားရှင်ရှိရာ ပါလိလေယျကမြို့ တင့်တယ်သော အင်ကြင်းပင် အနီးသို့ ချဉ်းကပ်တော်မူခြင်း	၈၆
၁၂၁။	ပါလိလေယျကော ဝိဟရတိ ဘဒ္ဒသာလမူလေ-နှင့်စပ်၍ သိမှတ်ဖွယ်ရာ	၈၆
၁၂၂။	"အဘယ်သို့သိမြင်သူ၏ သန္တာန်ဝယ် မဂ်၏ အခြားမဲ့၌ အာသဝေါတို့၏ ကုန်ရာ အရဟတ္တဖိုလ်ဖြစ်သနည်း"ဟု ရဟန်းတပါး၏ အကြံကို ဘုရားရှင် သိတော်မူ၍ "ရဟန်းတို့ ငါဘုရားသည် စိစစ်၍ သတိပဋ္ဌာန် စသော တရားကို ဟောထားအပ်ပါလျက် အချို့သောရဟန်းမှာ ဤကဲ့သို့ အကြံ ဖြစ်ဘိသေး၏"ဟု ဘုရားရှင် မိန့်တော်မူခြင်း	၈၇
၁၂၃။	အနန္တရာ အာသဝါနံ ခယော ဝိစယသော-တို့၌ သိမှတ်ဖွယ်ရာ	၈၇-၇

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၂၄။ ဤသာသနာတော်၌ ဘုရားစသော အရိယာတို့ကို (ဉာဏ်ဖြင့်) ဖူးမြင်လေ့မရှိသော အာဂမ အဓိဂမ သုတမရှိသောပုထုဇဉ်သည် ရုပ်စသည်ကို အတ္တဟု ရှုခြင်းစသော ဒိဋ္ဌိသင်္ခါရ ယုံမှားခြင်း ဝိစိကိစ္ဆာသင်္ခါရဖြစ်ခဲ့ရာ ၎င်း ဒိဋ္ဌိ သင်္ခါရ စသည်သည် တဏှာ ဝေဒနာ ဖဿအဝိဇ္ဇာကြောင့်ဖြစ်၏၊ ၎င်းဒိဋ္ဌိသင်္ခါရ စသည်သည် မမြဲသော အနိစ္စအကြောင်းတရားတို့ ပြုပြင် အပ်သော'သင်္ခတ'အကြောင်းကို စွဲ၍ဖြစ်သော 'ပဋိစ္စသမုပ္ပန္နဓ'တရား ဟု သိမြင်သူ၏ သန္တာန်၌ မဂ်၏ အခြားမဲ့၌ အာသဝကုန်ရာ အရဟတ္တဖိုလ် ဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၇၇-၈၉

၁၀-ပုဏ္ဏမသုတ်

၁၂၅။ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း သီတင်းသုံးတော်မူစဉ် တခုသောလပြည့်နေ့ ညချမ်း ရဟန်းပရိသတ်ခြံရုံ၍ စမွယ်တော်မူသောအခါ ဥပါဒါနက္ခန္ဓာ ပဉ္စုပါဒါနက္ခန္ဓာ သက္ကာယဒိဋ္ဌိ ရှုပဿာဒ အာဒီနဝ နိဿရဏ-စသော ရဟန်းတပါး၏ လျှောက်ထားချက်ပုစ္ဆာမျှားကို တခုစီ-တခုစီ ဖြေဆို တော်မူစဉ် သံဃာပရိသတ်အတွင်းရှိ အခြားရဟန်းတပါးသည် "ခန္ဓာငါးပါးသည် အနတ္တတဲ့-အနတ္တဖြစ်လျှင် ထိုအနတ္တခန္ဓာငါးပါးက ပြုလုပ်သမျှ ကံသည်လည်း အနတ္တပင် ဖြစ်သည် (အကျိုးအပြစ်-စံဘွယ် ခံဘွယ် မရှိပြီ)"ဟု (သဿတဝါဒ) အကြံအစည် ကြံစည်တွေးတောနေသည်ကို သိတော်မူသဖြင့် ဆက်လက်၍ မေး ဖြေပြုကာ ဟောကြားတော်မူရာ ငါးရာ ငါးရာသော ရဟန်းတို့ ရဟန္တာဖြစ်ပုံ။ (ဤအဋ္ဌကထာ၌ ငါးရာ ငါးရာ ဟု လာ၏၊ မ-၃-မဟာပုဏ္ဏမသုတ်၌ ခြောက်ကျိပ်ဟု လာ၏) ၉၀-၉၅

---

(၉) ၄-ထေရဝဂ်

၁-အာနန္ဒသုတ်

၁၂၆။ ငါ့ရှင်အာနန္ဒာ ငယ်ရွယ်နုပျို့ တန်ဆာဆင်လေ့ရှိသော မိန်းမပျို့ ယောကျ်ား ပျို့တွေဟာ စင်ကြယ်ဖြူစင်သောမှန် ကြည်လင်သောရေခွက်၌ မိမိမျက်နှာ ရိုပ်ကို ရှုကြည့်ရာ မှန်ကိုမှီ၍ မြင်ရာသကဲ့သို့ မှန်ကိုမမှီပဲ မမြင်ရာသကဲ့သို့ ချုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကိုမှီ၍ အသို့-(ငါဖြစ်၏)ဆိုတဲ့ တဏှာ မာန ဒိဋ္ဌိဖြစ်တယ်၊ ရုပ်စသည်ကို မမှီပဲ တဏှာ မာန ဒိဋ္ဌိမဖြစ်၊ အာနန္ဒာ ရုပ်သည် မြဲသော နိစ္စလော အနိစ္စလော စသည်ဖြင့် တရားတော်ကို ဟောပြသဖြင့် သောတာပန် ဖြစ်ခဲ့၏၊ ဤသို့ တရားဟောသော မန္တာဏီ ပုဏ္ဏော့မ၏သား အရှင်ပုဏ္ဏဟာ သီတင်းငယ်ဖြစ်ကုန်သော တပည့်တော် တို့အား များသော ကျေးဇူးရှိပေ၏ဟု ရွှေမျှောက်ရောက်လာကြသော ရဟန်းအများအား အရှင်အာနန္ဒာက တဆင့်တရားဟောတော်မူခြင်း.... ၉၆

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၂၇။ အသျှိတိ ဟောတိ-၌ တဏှာ မာန ဒိဋ္ဌိသုံးပါးဖြစ်ပုံကို ဌ-ဋ္ဌ တို့ဖြင့် ဝေဖန်ပြခြင်း ၉၆

၁၂၈။ တန်ဆာဆင်လေ့ရှိသော ယောကျ်ားမှန်ပြင် မျက်နှာရိပ်တို့နှင့် ပုထုဇဉ် ခန္ဓာငါးပါး တဏှာ မာန ဒိဋ္ဌိဖြစ်ခြင်းတို့ တူပုံကို ဋ္ဌီ အရ ရှင်းပြထားခြင်းနှင့် ပစုရကဇာတော မံ နပ္ပဋ္ဌိဘန္တိ-တို့၌ သိမှတ်ဖွယ် ၉၇

၂-တဿသုတ

၁၂၉။ "ငါ့ရှင်တို့ တပည့်တော်၏ ကိုယ်လေးတယ် အရပ်မျက်နှာတွေ့ ထင်ရှားစွာ မထင်မြင် ပရိယာယ်တွေလဲမထင်၊ ထိုင်းမှိုင်းငိုက်မည်းတယ်၊ မပျော်မွေ့ မြတ်သောအကျင့်ကို ကျင့်နေရတယ်၊ တရားတို့၌ ယုံမှားမှု ဖြစ်နေတယ်"ဟု မျှားစွာသော ရဟန်းတို့အား ပြောကြားခဲသော မြတ်စွာဘုရား ဖထွေးဏီသား အရှင်တိဿကို ဘုရားရှင်ထံမှောက်၌ ခေါ်မေးချ မှန်သော အတိုင်း ဖြစ်ပုံကို လျှောက်ထားပုံ ၉၇

၁၃၀။ ရူပ်စသည်၌ မကင်းသော တပ်မက်ခြင်းရှိ အာသာဆန္ဒရှိ ချစ်ခြင်းရှိ ဆာလောင်ခြင်းရှိ ပူလောင်ခြင်းရှိ တဏှာရှိသူမှာ ထိုရူပ်စသည်၏ ဖောက်ပြန်ခြင်း တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် စိုးရိမ်ငိုကြွေးကိုယ်ဆင်းရဲ နှလုံးမသာ ပြင်းစွာပင်ပန်းဘို့ ဖြစ်ပုံ

ရူပ်စသည်၌ ကင်းသော တပ်မက်ခြင်းရှိသူမှာ ရူပ်စသည် ဖောက်ပြန်ပြောင်းလဲခြင်းကြောင့် စိုးရိမ်ခြင်းစသည် မဖြစ်ပုံကို မေးမြန်း၍ အရှင်တိဿအား ဘုရားရှင် တရားဟောတော်မူပုံ ၉၈

၁၃၇။ "ခရီးလမ်း မသိသူကို သိသောသူက အိုယောကျ်ားလား၊ ဤသည်ကား လမ်းပဲ၊ ထိုလမ်းဖြင့်သွား၊ လမ်းနှစ်ခွကို တွေ့မယ်၊ လက်ဝဲလမ်းကိုလွှတ်၊ လက်ျာလမ်းကိုယူ ဆက်သွား ထူထပ်သောတောအုပ် ကြီးသော ချုံငုံ့ဝှမ်းသော မြေအာဘို့ကို တွေ့မြင်လတ္တံ့"ဟု ပြောဆိုညွှန်ကြားပုံ ဥပမာကို ဟောတော်မူပုံ ၉၉

၁၃၈။ လမ်းမသိသူကား ပုထုဇဉ် လမ်းသိသူကား ပူဇော်ထိုးခံ အမှုန်အားလုံးသိ ဘုရား၊ လမ်းနှစ်ခွကား ယုံမှားဝိစိကိစ္ဆာ လက်ဝဲလမ်းကား မိစ္ဆာဒိဋ္ဌိစသော မိစ္ဆာမဂ်၊ လက်ျာလမ်းကား သမ္မာဒိဋ္ဌိစသော သမ္မာမဂ်၊ ထူထပ်သော တောအုပ်ကား အဝိဇ္ဇာ၊ ချုံငုံ့ဝှမ်းသော သွန်အိုင်ကြီးကား ကာမဂုဏ်တရား၊ ထုံးအိုင် ချောက်ကမ်းပါးကား ကောဓ ဥပါယာသ၊ မွေ့လျော်ဘွယ်ရာ ညီညာသန့်စင် မြေအပြင်ကား နိဗ္ဗာန်တည်း ဟု တိဿမွေ့လျော်လော့ ငါဘုရားသည် ဤအဆုံးအမဖြင့် ဆုံးမ၏၊ ငါချီးမြှောက်၏၊ အဖန်ဖန်ဆုံးမ၏ ဟု ဘုရားရှင်ဟောတော်မူရာ အရှင်တိဿ ကျေနပ်လက်ခံတော်မူပုံ ၁၀၀

ဇရ အကြောင်းအရာ မျက်နှာအမှတ်

၃-ယမကသုတ်

၁၃၉။ "ရဟန္တာ ရဟန်းဟာ ဥပါဒိန္နက ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် ပြတ်၏၊ ပျက်စီး၏၊ သေလွန်သည်မှ အထက်၌ မဖြစ်"ဟု မြတ်စွာဘုရားသည် ဟောအပ်သော တရားကို ငါသိ၏ ဟု စွဲယူသော ယုတ်မာသော မိစ္ဆာအယူရှိသူ ယမက ရဟန်းကို "များစွာသောရဟန်းတို့က ကြားသိ၍ ဘုရား ဒီလိုမဟော ဘုရားကို ဖစ်ပါစေနဲ့ ၊စွပ်စွဲခြင်းဟာမကောင်း"ဟု ပြောဆိုကြရာ အယူမှားကို မစွန့်သဖြင့် များစွာသော ရဟန်းတို့က အရှင်သာရိပုတ္တရာ အား လျောက်ထားကြခြင်း ၁၀၁

၁၄၀။ အရှင်သာရိပုတ္တရာက ရုပ်သည်မြဲသလော မမြဲသလော စသည်ဖြင့် မေးစစ်၍ တရားဟောပြီးလျှင် ငါ့ရှင် ယမက သင်ဘယ်လိုမှတ်ထင်သလဲ ရုပ်စသည်ကို သတ္တဝါ ဟု ရှုသလော၊ ရုပ်စသည်၌ သတ္တဝါ ဟု ရှုသလော၊ ရုပ်စသည်မှကင်း၍ သတ္တဝါ ဟု ရှုသလော ဟု မေးသောအခါ ဤသို့ရှုခြင်းသည် မသင့်ပါ ဟု လျောက်သဖြင့် ဤသတ္တဝါသည် ရုပ်ဝေဒနာသညာ သင်္ခါရ ဝိညာဏ်မရှိဒါကို သတ္တဝါ ဟု ရှုသလော ဆက်မေးဆု မသင့် ဟု အရှင် ယမကက ဖြေဆိုတော်မူခြင်း ၁၀၂

၁၄၁။ ငါ့ရှင် ယမက သတ္တဝါကို မျက်မှောက်ဘဝ၌ပင် အမှန်အား ဖြင့် ခိုင်မြဲသော အားဖြင့် မရအပ်ပါပဲလျက် "ရဟန္တာ ရဟန်းဟာ ဥပါဒိန္နကခန္ဓာကိုယ် ပျက်စီးခြင်းကြောင့်ပြတ်၏၊ ပျက်စီး၏ စသောသင့်အယူအဖြေဟာ သင့် ပါမည့်လော"ဟု ရှင်သာရိပုတ္တရာကမိန့်တော်မူသောအခါ ရှေးဦးမသိမိုက်မဲ သော တပည့်တော်မှာ ထိုမကောင်းသော မိစ္ဆာအယူဖြစ်ခဲ့ပါပြီ၊ အရှင် သာရိပုတ္တရာ၏ တရားဒေသနာကို ကြားနာရ၍ မိစ္ဆာအယူကင်းစင် သစ္စာ မြင်သိပုံကို အရှင်ယမကက လျောက်ထားခြင်း ၁၀၂-၃

၁၄၂။ အစောင့် အရှောက်ရှိသော အိမ်ရှင် သူဌေးကို သတ်လိုသော သူသတ် ယောကျ်ားသည် အိမ်ရှင်သူဌေးထံချဉ်းကပ်၍ လုပ်ကျွေးခစားလိုကြောင်း ပြောကြားသဖြင့် အခွင့်ရ၏၊ 'ရွှေထ နောက်အိပ် ဘာပြုရမည်နည်း'ဟု စကားကို နာခံ ချစ်နှစ်သက်ဖွယ် ပြောဆိုပြုကျင့်၍ လုပ်ကျွေး၏ ချစ်ကျမ်းဝင်သ မိတ်ဆွေအနေ သူဌေးနှင့်သူဌေးသား၏ အကျမ်းဝင်လူယုံပြစ် သောအခါ ဆိပ်ငြိမ်ထုကပ်သော အိမ်ရှင် သူဌေးကို သတ်လေ၏၊ ငါ့ရှင် ယမက ခစားလုပ်ကျွေးပါရစေဆိုသောအခါ၌လည်း ထိုသူကား သူသတ်ပဲ လုပ်ကျွေးနေဆဲအခါ သတ်ဆဲအခါမှာလဲ သူသတ်ပဲ သူဌေးကား ငါ့ကို သတ်မည်သူဟု မသိရှာခဲပေဟု အရှင်သာရိပုတ္တရာက လူယုံသူသတ် ဥပမာ ကို ဆက်လက်၍ အရှင်ယမကအား ဟောတော်မူခြင်း ၁၀၃-၄

၁၄၃။ ဘုရားစသော အရိယာတို့ကို မြင်လေ့မရှိသော အာဂမ အဓိဂမ သုတမရှိသူ ပုထုဇဉ်သည် ရုပ်စသည်ကို အတ္တ ဟု ရှုခြင်းစသော သက္ကာယ ဒိဋ္ဌဖြစ်၍ မမြဲသောရုပ်စသည်ကို မမြဲသောရုပ်စသည် ဟု ဆင်းရဲသော ရုပ်စသည်ကို ဆင်းရဲသောရုပ်စသည် ဟု အတ္တမဟုတ်သော ရုပ်စသည်ကို အတ္တမဟုတ်သော ရုပ်စသည် ဟု ကံ စိတ် ဥတု အာဟာရတို့ ပေါင်း၍ပြုပြင်အပ်သော ရုပ်စသည်ကို ကံစသည်တို့ ပေါင်း၍ ပြုပြင်အပ်သော ရုပ်စသည် ဟု သတ်တတ်သောရုပ်စသည်ကို သတ်တတ်သောရုပ်စသည် ဟု ဟုတ်တိုင်း မှန်စွာမသိပုံ ရုပ်စသည်ကို အတ္တ ဟု စွဲလမ်းပုံ စွဲလမ်းအပ်သော ဥပါဒါနက္ခန္ဓာငါးပါးတို့ဟာ ရှည်စွာသော နေ့ညဥ့်ပတ်လုံး အစီးပွါးမဲ့ ဆင်းရဲဘို့ရန်ဖြစ်ပုံကို ဟောတော်မူခြင်း ၁၄

၁၄၄။ ဘုရားစသော အရိယာတို့ကို ဖူးမြင်လေ့ရှိသော သုတဝါ အရိယသာဝကမှာ သက္ကာယဒိဋ္ဌိ မဖြစ်ပုံ မမြဲသောရုပ်စသည်ကို မမြဲသောရုပ် စသည် ဟု ဟုတ်တိုင်းမှန်စွာသိပုံ ရုပ်စသည်ကို ငါ၏အတ္တ ဟု မစွဲလမ်းပုံ မစွဲလမ်းသော ခန္ဓာ ငါးပါးတို့သည် ရှည်စွာသော နေ့ညဥ့်ပတ်လုံး စီးပွါးချမ်းသာခြင်း ၌ ဖြစ်ပုံကို အရှင်သာရိပုတ္တရာက ဟောတော်မူသဖြင့် အရှင် ယမက ရဟန္တာ ဖြစ်တော်မူခြင်း ၁၀

၄-အနုရုဒ္ဓသုတ်

၁၄၅။ ဘုရားရှင်သည် မဟာဝုန်တော အထွဋ္ဌ ၂-ခု တပ်သော ကျောင်း၌ သီတင်းသုံးတော်မူစဉ် အနိုး တောကျောင်းငယ်၌နေသော အနုရုဒ္ဓ ရဟန်းကို သာသနာပြင်ပအယူရှိ ပရိဗိုဇ်တို့က "ငါ့ရှင် အနုရုဒ္ဓ အမြတ်ဆုံးဖြစ်တော်မူသော ဘုရားသည် သတ္တဝါသည် သေသည်မှ အထက်၌ဖြစ်၏ (၁) မဖြစ် (၂) ဖြစ်သည်လည်းရှိ၏ မဖြစ်သည်လည်းရှိ၏ (၃) ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်းမဟုတ် (၄) ဤ (၄) ဌာနတို့၌ ပညတ်သိစေပါသလော ဟု မေးမြန်းကြရာ အနုရုဒ္ဓက သင်တို့မေးသော (၄ ဌာနမှ ကြဉ်၍။ ၄ ဌာနနှင့် ကင်း၍) ပညတ်သိစေနိုင်၏ ဟု ဖြေဆိုလိုက်သဖြင့် ဤရဟန်းသည် သီတင်းငယ်သော်ဖြစ်မည်၊ မိုက်မဲမလိမ္မာသော မထေရ်ကြီးသော်လည်းဖြစ်မည် ဟု ပရိဗိုဇ်တို့က မောင်မဲ၍ ထပြန်ကုန်ခြင်း ၁၀

၁၄၆။ အနုရုဒ္ဓ ရဟန်းသည် ပရိဗိုဇ်တို့ပြန်သွားပြီ ဘုရားထံမှောက် လာ၍ အကြောင်းစုံဖြစ်ပုံကို လျှောက်သောအခါ အနုရုဒ္ဓရုပ်သည်မြဲသလော မမြဲသလော စသည်ဖြင့်ရင်း ရုပ်စသည်ကို သတ္တဝါ ဟု သင်ရှုသလော၊ ရုပ်စသည်ကို ကြဉ်၍သတ္တဝါ ဟု သင်ရှုသလော စသည်ဖြင့်ရင်း မေးစစ်တော်မူ၍ နောက်ဆုံး၌ ငါဘုရားသည် ရှေး၌ ယခုအခါ၌ ဒုက္ခကိုရင်း ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်ကိုရင်း သိစေ ပညတ်၏ ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၀

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၅-ဝက္ကလိသုတ်

၁၄၇။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူသော ဘုရားရှင်ကို အိုးထိန်းသည်တဲ့၌နေသော ဆောဂါထန်ပြင်း ဆင်းရဲနေသော ဝက္ကလိရဟန်းက အလုပ်အကျွေးရဟန်းတို့မှတဆင့် "ဝက္ကလိရဟန်း ဆောဂါထန်ပြင်း ဆင်းရဲနေပါတယ် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါတယ် တောင်းပန်ပါတယ် အစဉ်သနားသည်ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ချဉ်းကပ်စေလိုပါသတဲ့"ဟု ပင့်လျှောက်ခြင်း ၁၀၇

၁၄၈၊ ဘုရားရှင်သည် သင်းပိုင်ကိုပြင်ဝတ် သပိတ်သင်္ကန်းကိုယူ၍ ကြွလာသော အခါ ဝက္ကလိရဟန်းသည် ညောင်စောင်းငယ်၌ အရိုအသေပေးရန် လှုပ်ရှားရာ "ဝက္ကလိမသင့် သင်မလှုပ်ရှားနဲ့ ခင်းထားအပ်သော နေရာတို့၌ ငါထိုင်မည်"ဟု ဘုရားရှင် မိန့်တော်မူ၍ နေရာ၌ ထိုင်နေတော်မူခြင်း ၁၀၇

၁၄၉။ "ဝက္ကလိ သင်ဆင်းရဲဝေဒနာကို သည်းခံနိုင်ရဲလား ကုရိယာပုထ် မျှတရဲလား ဆင်းရဲဝေဒနာဆုတ်ရဲလား မတိုးဘူးလား ဆုတ်ခြင်းကိုသိအပ်သလား တိုးခြင်းကို မသိအပ်သလား"ဟု မေးသောအခါ ဆင်းရဲဝေဒနာကို သည်း မခံနိုင်ပါ မမျှတပါ ဆင်းရဲဝေဒနာ တိုးနေပါတယ် မဆုတ်ပါ တိုးခြင်းကို သိအပ်ပါတယ် ဆုတ်ခြင်းကို မသိအပ်ပါကြောင်း ဝက္ကလိရဟန်းက လျှောက်ထားခြင်း ၁၀၉

၁၅၀။ "ဝက္ကလိ တစုံတခု နောင်တပူပန်ခြင်း နှလုံးမသာယာခြင်း မဖြစ်ဘူးလား"ဟု မေးသောအခါ မနည်းသောနောင်တပူပန်ခြင်း နှလုံးမသာယာခြင်း ဖြစ်နေသည်ကိုလျှောက်၍ မိမိသည် သီလအားဖြင့် မစုပ်စဲ့ပုံကို ဘုရားရှင်အား လျှောက်ထားခြင်း ၁၀၉

၁၅၁။ ခမနိယံ ယာပနိယံ ပဋိက္ကမောသဲ့နံ့ အဘိက္ကမောသာနံ့-တို့၌ ဋ္ဌ-ဋ္ဌီ ဗျာကရဏ်း တို့နှင့်အညီ သိမှတ်ဖွယ်ရာ အဆုံးအဖြတ် ၁၀၉

၁၅၂။ မြတ်စွာဘုရား ကြာမြင့်စွာကာလကပင် ဘုရားရှင်ကို ဖူးမြော်ခြင်းငှါ ချဉ်းကပ်လိုသော တပည့်တော်မှာ ကိုယ်အားအစွမ်းမရှိ၍ မချဉ်းကပ်ခဲ့ရကြောင်း ဝက္ကလိရဟန်းက လျှောက်ထားသောအခါ "ဝက္ကလိ မသင့် ဖူးမြင်အပ်သော ဤကောင်ပုပ်ဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း၊ ဝက္ကလိ လောကုတ္တရာတရားကိုးပါးကို ရှုမြင်သူသည် ငါဘုရားကို မြင်သူ မည်၏"ဟု ဘုရားရှင် မိန့်တော်မူခြင်း ၁၁၀

၁၅၃။ ပူတိကာယေန ယော ဧဝါ ဝက္ကလိ ဓမ္မံ-တို့၌ မှတ်သားဖွယ်ရာများ ၁၁၀-၁၁၁

၁၅၄။ မြတ်စွာဘုရားသည် ရုပ်သည်မြဲသလော စသည် မေးစရာလျှက် တရားဟောပြပြီးလျှင် ဂိဒ္ဓကူဋ်တောင်သို့ကြွ၍ မကြာမြင့်မီ ဝက္ကလိရဟန်းသည် အလုပ်

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

အကြွေး ရဟန်းတို့ကို "လူသိဂိလိတောင်နံပါး ကျောက်ညိုပေါ် ဆောက်ထားသော ကျောင်းငယ်သို့ ညောင်စောင်းငယ်နှင့်တကွ ဆောင်ယူကြဆိုကဲ့သို့သော ရဟန်းသည် အိမ်တွင်း၌ အင်္ဂဘောကိုပစ်ချခြင်းငှါ မသင့်" ဟု မိန့်တော်မူသဖြင့် အလုပ်အကျွေးရဟန်းတို့ ဝက္ကလိရဟန်းကို လူသိဂိလိတောင်သို့ ပင့်ဆောင်ကြခြင်း ၁၁၁

၁၅၅။ ထိုညဉ့်နေ့ ဂိဇ္ဈကူဋ်တောင်၌ နေတော်မူသော ဘုရားရှင်ကို ညဉ့်သန်းကောင်အချိန် သုဒ္ဓါဝါသ ဗြဟ္မာ (နတ်) ၂-ယောက်တို့လာကြ၍၊ တယောက်က "ဝက္ကလိ ရဟန်းသည် အာရဟတ္တမဂ္ဂဝိမောက္ခ အကျိုးငှါ စေ့ဆော်အားထုတ်၏" ဟု တယောက်က "ဝက္ကလိရဟန်းသည် ကိလေသာမှကောင်းစွာ လွတ်မြောက်လိမ့်ယောင်တကား" ဟု လျှောက်ကြား ရှိခိုးကာ ကွယ်ပျောက်သွားကြခြင်း ၁၁၂

၁၅၆။ ထိုညဉ့်လွန်သောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍ "ညက ဗြဟ္မာ ၂-ယောက်တို့လျှောက်ကြပုံနှင့် ဝက္ကလိ မကြောက်လင့် သင်မယုတ်မာဏသာ ကောင်းသောသေခြင်း ဖြစ်မည် ဟု ဘုရားရှင်ကလဲ မိန့်တော်မူကြောင်း ပြောကြားစေသောအခါ၊ ဆောဂါပြင်းထန် ဆင်းရဲခံနေရသော ဝက္ကလိရဟန်းသည် "ဘုရားရှင်၏ ခြေတော်တို့ကို ရှိခိုးပါ၏၊ မမြဲဆင်းရဲသော ရုပ်စသည်၌ ယုံမှားတွေးတောမရှိပါ၊ မမြဲ ဆင်းရဲဖောက်ပြန်သော ရုပ်စသည်၌ လိုချင်မှု တပ်မက်မှု ခွဲစ်မှုမရှိ တွေးတောယုံမှားမရှိ အမှန်သိ၏" ဟု တဆင့်ဘုရားရှင်အား လျှောက်စေ၍ မကြာမီကိုယ့်လည်တန်ကို ဖြတ်လှီးလိုက်ခြင်း ၁၁၃

၁၅၇။ ဘုရားရှင်သည် ရဟန်းတို့ကိုခေါ်၍ လူသိဂိလိတောင်နံပါး ကျောက်ညိုကျောင်းသို့ လည်ဖြတ်၍သတ်သေသော ဝက္ကလိကို့ကြည့်ရန်သွားရာ ပြန်လည်သော ပခုံးရှိလျက် လဲလျောင်းနေသော ဝက္ကလိကို အဝေးမှမြင်ရခြင်း ၁၁၃

၁၅၈။ အရှေ့ အနောက် တောင် မြောက် အောက် အထက် အထောင့်အရပ်သို့ သွားနေသော အခိုးတိမ် အမိုက်မှောင်ကို မြင်သောအခါ ချစ်သား ရဟန်းတို့ ဤသွားနေခြင်းသည်ကား "ဝက္ကလိ အမျိုးကောင်းသား၏ ဝိညာဉ်သည် အဘယ်၌တည်သနည်း" ဟု အဖန်ဖန် ရှာနေသော ယုတ်မာမှုရှိသော မာရ်နတ်တည်း၊ ဝက္ကလိ အမျိုးကောင်းသားသည် မည်သည့်အရပ်၌မျှ မတည်သော ဝိညာဉ်ဖြင့် ခန္ဓာဇာတ်သိမ်း ပရိနိဗ္ဗာန် ဝင်ငြိမ်းလေပြီ ဟု ဘုရားရှင် မိန့်တော်မူခြင်း ၁၁၄

၁၅၉။ ဓူမာယိတတ္တံ တိမိဏုယိတတ္တံ-၌ သိမ့်တဖွယ်နှင့် အရှင်ဝက္ကလိ မည်သည့်အနေအားဖြင့် ကွယ်လွန်နေပုံ အရိယာပုဂ္ဂိုလ်တို့ အမျှားအားဖြင့် လက်ခံနှုတ်ဆောင်း စောင်းလျက် ကွယ်လွန်တတ်ပုံကို ဌ အရ ပြဆို့ခြင်း ၁၁၄

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၆-အဿဇိသုတ်

၁၆၀။ ကဿပသူဌေး ဆောက်လုပ်သော (ကဿပကာရုံ) အရံကျောင်း၌ ဝက္ကလိရဟန်းကဲ့သို့ ရောဂါထန်ပြင်း ဆင်းရဲရောက်နေသော အဿဇိရဟန်းကို ဘုရားရှင် ကြွရောက်မေးစစ် ဩဝါဒပေးသောအခါ "မြတ်စွာဘုရား ရှေးအခါ နာဖျားရာ၌ ထွက်လေ ဝင်လေ ကာယသခါတို့ကို ငြိမ်းပျောက်စေ၍ နေနိုင်ပါ၏၊ ယခု ထိုကာယသခါရကို ငြိမ်းစေသော စတုတ္ထစျာန် သမာဓိကို မရတော့ပါ၊ ငါ သာသနာတော်မှ မဆုတ်ယုတ်ပဲ ရှိပါ၏လော ဟု အကြံဖြစ်ပုံကို ဘုရားရှင်အားလျှောက်ရာ "သမာဓိသာလျှင် အနှစ် သမာဓိသာလျှင် ရဟန်းဥစ္စာ"ဟု မှတ်ထင်ကြသော ရဟန်း ပုဏ္ဏားတို့မှာ ဤအကြံမျိုးဖြစ်ပုံကို ဘုရားရှင် မိန့်တော်မူခြင်း ၁၁၅

၁၆၁။ နော ကဿာဟံ ပရိဟာယာမိ .... သမာဓိသာရကာ-ပုဒ်တို့၌ သိမှတ်ဖွယ်ရာ ၁၁၅

၁၆၂။ အဿဇိရုပ်သည် မြဿလော၊ မမြဿလော စသည်ဖြင့် မေးစစ် တရားဟော ပြီးလျှင် ထိုရဟန္တာ ရဟန်းသည် သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကို ခံစားရာ၌ မမြဲဟု မျှမတတ် စွဲလမ်းဖွယ်မရှိဟု လွန်စွာ နှစ်သက်ဖွယ်မရှိဟု သိပုံ၊ သံယောဇဉ်နှင့် မယှဉ်ပဲ ဝေဒနာကို ခံစားပုံ၊ ကိုယ်လျှင် အဆုံးစွန် အပိုင်းအခြားရှိသော ဝေဒနာ အသက်လျှင် အဆုံးစွန် အပိုင်းအခြား ရှိသော ဝေဒနာတို့ကိုသိပုံ၊ သေသည်မှ အထက်၌ ဤအာယတနတို့၌ ဝေဒနာအားလုံး မနှစ်သက်အပ်ပဲ ငြိမ်းပျောက်ပုံ၊ ဆီမီးစာကိုစွဲ ဆီမီးတောက်လောင်၍ ဆီနှင့်မီးစာ ကုန်ခြင်းကြောင့် ဆီမီးငြိမ်းပုံနှင့် တူပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၁၆

၁၆၃။ အဿဇိရဟန်း ခိုစွဲ ဝါ အနိုစွဲ ဝါ စသော ထိုပရိဝင်္ဆ ဒေသနာ၏အဆုံး၌ ရဟန္တာဖြစ်ပုံ၊ သုခဝေဒနာ၌ နှစ်သက်မှုဖြစ်၍ မနှစ်သက်အပ်ဟု သိခြင်းသည် မထူးခြား ဒုက္ခဝေဒနာ၌ နှစ်သက်မှု မဖြစ်နိုင်၍ ၎င်းကို မနှစ်သက်အပ်ဟု သိခြင်းသည် အဘယ်သို့ ဖြစ်နိုင်ပုံနှင့် အနဘိနန္ဒိတာနိ အရ သိမှတ်ဖွယ်များ ၁၁၆

၇-ခေမကသုတ်

၁၆၄။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေကြသော မထေရ်များစွာတို့သည် ဗဒရိကာရုံကျောင်း၌ ရောဂါပြင်းထန်နေသော အရှင်ခေမကထံ အရှင်ဒါသကကို စေလွှတ်၍ ရောဂါအခြေအနေကို မေးမြန်းရာ မသက်သာကြောင်း သိရသောအခါ ဘုရားဟောသော ဥပါဒါန်၏ အာရုံဖြစ်သော (ရူပုပါဒါနက္ခန္ဓာ စသော) ဥပါဒါနက္ခန္ဓာတို့၌ အတ္တ ဟုရင်း အတ္တ၏ ဥစ္စာ ဟုရင်း ရှာသလော ဟု ထပ်မေးစေပြန်ရာ အတ္တ ဟု အတ္တ၏ ဥစ္စာ ဟု ဥပါဒါနက္ခန္ဓာတို့၌ မရှုပုံကို အရှင်ခေမက က လျှောက်ထားစေခြင်း ၁၁၇

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၆၅။ မထေရ်များစွာက ဥပါဒါနက္ခန္ဓာတို့၌ အတ္တ၊ အတ္တ၏ဥစ္စာ ဟု မရှုကြောင်း သိရသောအခါ အရှင်ခေမကကို ပူဇော်အထူးခံ အာသဝေါကုန်သော ရဟန္တာတည်း ဟု ပြောဆိုကြွေးကြော်ရာ အရှင်ခေမက က "အတ္တ အတ္တ၏ဥစ္စာ ဟု မရှုပါ၊ ရဟန္တာလဲ မဟုတ်သေးပါ၊ စင်စစ် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အသို့မာန တဏှာမာန ရှိသေးကြောင်းကို များစွာသော ရဟန်းတို့အား လျှောက်ကြားစေခြင်း ၁၁၄

၁၆၆။ အရှင်ခေမကသည် ငါဖြစ်၏ ဟု ဆို၏၊ ရုပ်စသည်ကို ဆိုသလော ရုပ်စသည်ကို ကြဉ်ထား၍ ဆိုသလော ဟု မထေရ်များစွာတို့က (အရှင်ဒါသကကို) စေလွှတ်၍ မေးပြန်ရာ "အရှင်ဒါသက အဖန်ဖန် ပြေးသွားလှည့်လည် ပြောပြနေရခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း" ဟု အရှင်ခေမကသည် ဘောင်ဝှေးထောက်၍ မထေရ်များစွာတို့ထံ ကြွတော်မူလာခြင်း ၁၁၆

၁၆၇။ ဥပ္ပလကြာ ပဒုမ္မာကြာ ပုဏ္ဍရိတ်ကြာ၏အနှံကို ပွင့်ချပ်၏အနှံ အဆင်း၏အနှံ ဝတ်မှုံဝတ်ဆံ၏အနှံ ဟု ဆိုလျှင် ကောင်းစွာ ပြောဆိုခြင်းမဖြစ် အပွင့်၏အနှံ ဆိုမှသာ ကောင်းစွာ ပြောဆိုခြင်းဖြစ်သကဲ့သို့ ငါ့ရှင်တို့ ရုပ်စသည်ကို ငါဖြစ်၏ ဟု မဆို၊ ရုပ်စသည်ကိုကြဉ်၍ ငါဖြစ်၏ ဟု မဆို၊ စင်စစ် ဥပါဒါနက္ခန္ဓာတို့၌ ငါဖြစ်၏ဟူသော အသို့မာန ရှိသေး၍ ဤအရာသည် ငါဖြစ်သည် ဟု မရှုကြောင်း အရှင်ခေမက က မထေရ်တို့အား လျှောက်ထားခြင်း ၁၁၈

၁၆၈။ ညစ်နွမ်းပေရသော အဝတ်ကို ကဝါသည်ထံ ဖွတ်လျှော်ရန် အပ်ကြရာ ဆပ်ပြာအကြန်းအနုတို့ဖြင့် အထပ်ထပ် ပွတ်တိုက်၍ ကြည်လင်သော ရေ၌ လျှော်သဖြင့် ထိုအဝတ်သည် စင်ကြယ်ဖြူစင်သော်လည်း အနည်းငယ်သော ဆပ်ပြာနှံ့ အခိုးငွေ့ကျန်ရှိနေပြန်ရာ နှံ့သာထုံအပ်သော သေတ္တာ စသည်တို့၌ ထည့်သုံးမှသာ ထိုဆပ်ပြာနှံ့ အခိုးအငွေ့တို့ အကြွင်းမဲ့ကုန်သကဲ့သို့၊ ထို့အတူ အရိယသာဝကသည် ငါးပါးသော သြရမ္ဘာဂိယသံယောဇဉ်တို့ကို ပယ်ပြီးသော်လည်း ဥပါဒါနက္ခန္ဓာငါးပါးတို့၌ သိမ်မွေ့သေးငယ်သော အသို့မာန တဏှာ ဆန္ဒ အနုသယကျန်ရှိသေးရာ၊ ဤသည်ကား ရုပ်တည်း ရုပ်၏ဖြစ်ကြောင်းတည်း ရုပ်၏ချုပ်ကြောင်းတည်း စသည်ဖြင့် ဥပါဒါနက္ခန္ဓာတို့၌ အဖြစ်အပျက်ကို အဖန်ဖန်ရှုမှသာ ထိုမာနတဏှာ အနုသယတို့ အကြွင်းမဲ့ ကင်းပုံကို အရှင်ခေမကက မထေရ်တို့အား ဟော ပြခြင်း ၁၂၀-

၁၆၉။ ဦ သေ-ခါရေတို့၌ မှတ်သားဖွယ်ရာ အဆုံးအဖြတ် ၁၂

၁၆၉။ များစွာသော မထေရ်တို့က အရှင်ခေမကကို ညှဉ်းဆဲလို၍ မေးကြသည် မဟုတ်ပါ၊ စင်စစ် အရှင်ခေမကသည် ဘုရားရှင်၏ သာသနာတော်ကို

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

အကျယ်ဟောပြ ဖွင့်ပြခြင်းငှါ ဥမ်းနိုင်ငံတော်မူပါပေသည်၊ ယခု အကျယ်ဟောပြ ဖွင့်ပြအပ်ပါပြီ ဟု လျှောက်ကြ၍ အရှင်ဓမေကဓါ တထုံးတော်ကို ဝမ်းမြောက်နုမော် သာဓုခေါ်ကြ တရုံးဘဆုံးဌိ မထေရ်ခြောက်ဆယ်နှင့် အရှင်ဓမေက ရဟန္တာဖြစ်သွားခြင်း ၁၂၂

၈-ဆန္ဒသုတ်

၁၇၀။ များစွာသော ရဟန်းတို့ ဗာရာဏသီမိဂဒါဝုန်တောဌ် နေကြစဉ် ဖွားဘက်တော် ဆန္ဒရဟန်းသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းထုမှ ထ၍ သော့ကိုယူပြီး တကျောင်းမှ တကျောင်းသို့ ချဉ်းကပ်၍ အရှင်ဘုရားတို့ မထေရ်တို့သည် တပည့်တော်ကို ဆုံးမကြ အဖန်ဖန် ဆုံးမကြပါ၊ သစ္စာလေးပါးကို သိမြင်နိုင်သော တရားကို ဟောကြပါဘုရား ဟု မထေရ် များစွာတို့အား အရှင်ဆန္ဒက လျှောက်ထားခြင်း ၁၂၂

၁၇၁။ ငါ့ရှင်ဆန္ဒ-ရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်သည် မမြဲ အတ္တာမဟုတ်သော အနတ္တာတည်း၊ ပြုပြင်အပ်သော တေဘူမကသင်္ခါရတို့သည် မမြဲ-စတုဘူမက တရားအားလုံးသည် အနတ္တာတည်း ဟု မထေရ်ရဟန်းတို့က အရှင်ဆန္ဒအား တရားဟောပြရာ ဤသဘောကို တပည့်တော် သိပါသော်လည်း သင်္ခါရငြိမ်းဆုနိဗ္ဗာန်၌ စိတ်မပြေးဝင်ပုံ ထိတ်လန့်ခြင်း စွဲလမ်းခြင်းဖြစ်ပုံ ရုပ်စသည်တွင် တခုမျှ အတ္တာမဟုတ်လျှင် အဘယ်သည် ငါ၏ အတ္တာနည်း ဟု စိတ်ဆုတ်နစ်ပုံ သစ္စာသိမြင်သူမှာ ဤအကြံမဖြစ်သင့်ပုံများကို အရှင်ဆန္ဒ ကြံစည်ခြင်း ၁၂၃

၁၇၂။ မထေရ်တို့က အရှင်ဆန္ဒအား တရားဟောဆ၌ ဒုက္ခလက္ခဏာမပါခြင်း၏ အကြောင်းကို ပြဆိုချက် ၁၂၃

၁၇၃။ အရှင်ဆန္ဒသည် ဘုရားချီးမွမ်းအပ် ပညာရှိ သီတင်းသုံးဖော်တို့ မြွောက်စားအပ်သည့် အရှင်အာနန္ဒာသည်ကား ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေတယ်၊သူသည် တရားလဲ ဟောနိုင်တယ်၊ ငါနှင့်လဲ အကျွမ်းဝင်တယ်၊ သူ့ထံသွားမည် ဟု ကြံ၍ ကျောင်းအိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကိုယူ၍ အရှင်အာနန္ဒာထံ ကြွရောက်လျက် ဖြစ်ပုံ အလုံးစုံကို အရှင်ဆန္ဒက လျှောက်ပြခြင်း ၁၂၄

၁၇၄။ ငါတို့သည် ဤမျှလောက် မာန်ချတောင်းပန်ခြင်းဖြင့် အရှင်ဆန္ဒအပေါ် နှစ်သက်ကျေနပ်ပါကုန်၏၊ စင်စစ် အရှင်ဆန္ဒသည် မာန်ချတောင်းပန်ခြင်းကို ထင်ရှားစွာ ပြုလေပြီ၊ မာနဒုတ်ကို ဖြတ်နှုတ်လေပြီ၊ "ငါ့ရှင်ဆန္ဒနားထောင် သင်ဟာ သစ္စာ ၄-ပါးကို သိခြင်းငှါ ထိုက်သူတည်း"ဟု အရှင်အာနန္ဒာက မိန့်ကြားရာ "သစ္စာ ၄-ပါး တရားကို သိထိုက်သူဖြစ်၏"ဟု ကြားရ၍ အရှင်ဆန္ဒမှာ လွန်မြတ်သော နှစ်သက်ဝမ်းသာမှု ဖြစ်ပုံ ၁၂၄

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၇၅။ ကစ္စာန လူအပေါင်းသည် ရှိသည်၏အဖြစ် သဿတ၊ မရှိသည်၏အဖြစ် ဥစ္ဆေဒ၊ ဤ ၂-ပါးကို မှီနေတယ်၊ သခ်ါရလောက၏ ဖြစ်ကြောင်း အနုလောမပဋိစ္စသမုပ္ပါဒ်ကို ဟုတ်မှန်သောအတိုင်း ဝိပဿနာပညာ မဂ်ပညာဖြင့် သိသူမှာ လောက၌ မရှိသောအဖြစ်၊ ပြတ်သည် ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိမရှိ၊ သခ်ါရလောက၏ ချုပ်ခြင်း ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကို ဟုတ်မှန်သောအတိုင်း သိသူမှာ လောက၌ရှိသောအဖြစ်၊ မြဲသောအဖြစ် သဿတဒိဋ္ဌိမရှိ ဟု ဘုရားရှင် ဟောတော်မူခဲ့ပုံ ၁

၁၇၅။ အမျှားအားဖြင့် လူအပေါင်းသည် ကပ်ထောက်စွဲလမ်းလျက် မှားသော အားဖြင့် နှလုံးသွင်းတတ်သော တဏှာဒိဋ္ဌိတို့ အနှောင်အဖွဲ့ကို ခံရ၍၊ အရိယသာဝကသည် ထိုတဏှာဒိဋ္ဌိကို ငါ၏အတ္တာ ဟု မကပ်ထောက် မစွဲလမ်းဆင်းရဲသာ ဖြစ်သည်ရှိသော် ဖြစ်၏၊ ချုပ်၏ ဟု မယုံမှား-ဆင်းရဲဖြစ်ခြင်း၌ ကိုယ်တိုင်မျက်မှောက်သိသောဉာဏ်၏ သမ္မာဒိဋ္ဌိဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခဲ့ပုံ ၁

၁၇၆။ ကစ္စာန အလုံးစုံသည် ရှိ၏ ဟူသည် တခုသော အယုတ်တရား အစွန်းတရား တပါး၊အလုံးစုံသည် မရှိဟူသည်လည်း တခုသော အယုတ်တရား အစွန်းတရားပဲ၊ ဒီ ၂-ပါးကိုကြည့်၍ မဂ္ဂင်ရှစ်ပါး မတွိမပဋိပဒါဖြင့် ငါဘုရားသည် သစ္စာ ၄-ပါးကို မသိမှ အဓိဋ္ဌာန်ကြောင့် သခ်ါရစသည်တို့ဖြစ်ပုံ၊ သစ္စာ ၄-ပါးကို မသိမှ အရိယာ၏ မဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းဖြင့် သခ်ါရစသော ဆင်းရဲအားလုံး ချုပ်ပုံကို ဘုရားရှင် ဟောတော်မူခဲ့ပုံ ကစ္စာန ဂေါတ္တသုတ်ကို ရှင်အာနန္ဒာမထေရ်က အရှင်ဆန္နအား ဟောတော်မူသဖြင့် အရှင်ဆန္နတရားထူး ရရှိခြင်း ၁၂၅

၉-ရာဟုလသုတ်

၁၀-ဒုတိယရာဟုလသုတ်

၁၇၇။ "အဘယ်သို့ သိမြင်သူ၏သန္တာန်၌ ဝိညာဏ်နှင့်တကွသော မိမိကိုယ် သူတပါး ကိုယ် အလုံးစုံသောအာရုံတို့၌ ဒိဋ္ဌိ တဏှာ မာန အနုသယမဖြစ်ပါသနည်း၊ ဒိဋ္ဌိ တဏှာ မာနကင်းသော မာနအစုကို လွန်သော ငြိမ်းအေးသော ကိလေသာမှ ကောင်းစွာလွတ်သော စိတ်ဖြစ်ပါသနည်း" ဟူသော အရှင် ရာဟုလာ၏အမေးကို "အလုံးစုံသော ရုပ် စသည်ကို ငါ၏ ဥစ္စာမဟုတ် ငါ မဟုတ် ငါ၏အတ္တာမဟုတ်" ဟု သိမြင်သူမှာ "ဒိဋ္ဌိ တဏှာ မာနတို့ကင်း၏၊ မာန အစုကိုလွန်၍ ငြိမ်းအေးသော ကိလေသာမှ လွတ်သောစိတ်ဖြစ်၏" ဟု ဘုရားရှင် ဟောတော်မူခြင်း ၁

ဦးရေ အခြေခံအင်္ဂ မျက်နှာအမှတ်

(၁၀) ၅-ပုဗ္ဗဝဂ်

၁-နဒီသုတ်

၁၇။ ကမ်းနှစ်ဖက်၌ သက်ကယ်မြက် သမန်းမြက် ငြိတ်မြက်စသည်တို့ လွှမ်းမိုး အုပ်ဖုံးနေသော တောင်မှ စီးဆင်းလာသော ဒိုက်တို့ကို အောက်ဖက်သို့ မျောဆောင်သွားတတ်သော ရေအယဉ် လျင်မြန်လှသော မြစ်၏ရေ အဟုန်ဖြင့်မျောလာသော ယောကျ်ားသည် ထိုသက်ကယ် မြက်စသည်ကို အကယ်၍ ဆဲငြားအံ့၊ ထိုမြက်တို့ ပျက်စီးပြိုကျသဖြင့် ပျက်စီးခြင်းသို့ ရောက်ရာသကဲ့သို့ ဘုရားစသော အရိယာတို့ကိုမြင်လှမရှိသော အသုတ ပုထုဇဉ်သည် ရုပ်စသည်ကို အတ္တစသည်ဖြင့် စွဲလမ်းနှုမြင်ထားရာ ထိုရုပ် စသည် ပျက်စီးခြင်းကြောင့် ထိုပုထုဇဉ်သည် ကြီးပွါး ချမ်းသာမရှိသော ပျက်စီးခြင်းသို့ ရောက်ရပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၂၇

၂-ပုပ္ပသုတ်

၁၇၉။ ငါဘုရားသည် သတ္တဝါအပေါင်းနှင့် မငြင်းခုံ၊ သတ္တဝါအပေါင်းကသာ ငါဘုရားနှင့် ငြင်းခုံ၏၊ ရဟန်းတို့ အမှန်တရားကိုဆိုသော ဓမ္မဝါဒီသည် လောက၌ မည်သူနှင့်မျှ မငြင်းခုံ၊ လောက၌ ပညာရှိတို့ မရှိဟု သမုတ်အပ် သော အရာကို ငါလဲ မရှိဟု ဆို၏၊ လောက၌ ပညာရှိတို့ ရှိ၏ ဟု သမုတ် အပ်သောအတိုင်း ငါလဲ ရှိ၏ ဟု ဟောဆို၏ ဟု ဘုရားရှင် မိန့်တော်မူခြင်း ၁၂၈

၁၈၀။ မြဲသော ခိုင်ခံ့သော တည်တံ့သော မဖောက်ပြန်ခြင်း သဘောရှိသော ရုပ် စသည်ကို လောကပညာရှိတို့က မရှိဟု သမုတ်အပ်၏၊ ငါဘုရားကလဲ မရှိ ဟု ဆို၏၊ မမြဲသော ဆင်းရဲသော ပောက်ပြန်ခြင်း သဘောရှိသော ရုပ် စသည်ကို လောကပညာရှိတို့က ရှိ၏ ဟု သမုတ်အပ်၏ ငါဘုရားကလဲ ရှိ၏ ဟု ဆို၏ ဟု ဘုရားရှင် မိန့်တော်မူခြင်း ၁၂၈

၁၈၁။ ဘုရားရှင်သည် လောက၌ ပျက်စီးတတ်သော လောက ဓမ္မ ရုပ် စသော တရားကို ထိုးထွင်းကုန်စင်သိမြင်တော်မူ၍ အနည်းနည်းအဖုံဖုံ ဟောကြား သိစေတော်မူပုံ ၁၂၈

၁၈၂။ ဘုရားရှင် ဟောကြားသိစေတော်မူသော တရားတော်ကို မသိမမြင်သော သူကို မိုက်သောပညာ မျက်စိကန်းသောပညာ မျက်စိမဲ့သို့သော မသိမမြင် သော ပုထုဇဉ် ဟု ဟောတော်မူပုံနှင့် ရှေ့၌ ပေါက်ဆုံးကြီးပွါးသော ကြာညိုစသည် ဒေမှပေါ်တက်၍ ရေနှင့်မလိမ်းကဲ့သို့ ဘုရားရှင်သည် လောက၌ ဖြစ်ပေါ် ကြီးပွါးသော်လည်း လောကနှင့် မလိမ်းကဲ့ လောက ကို လွှမ်းမိုး၍ ဒေသနာတော်မူပုံကို ဟောတော်မူခြင်း ၁၂၉

ဦးဇရ အကြောင်းအာဇာ မျက်နှာအမှတ်

၃-ဖေဏပိဏ္ဍူပမသုတ်

၁၈၃။ အယုတ္တာပြည် ဂင်္ဂါမြစ်ကမ်းနားဌာ နေတော်မူစဉ် ဘုရားရှင်သည် ဂင်္ဂါမြစ်ဌ အနှစ်မပါ အကာအချည်းနှီးဖြစ်သော ရေမြုပ်စိုင်ကို ဥပမာထား၍ အတိတ် အနာဂတ် ပစ္စုပ္ပန်စသည်ပြားသောရုပ်တရားကို ဉာဏ်ဖြင့်ရှုကြည့်သောရဟန်းမှာ နိစ္စသုခ အတ္တမမှီး အချည်းနှီးထင်ပုံကို ရဟန်းတို့အား ဟောကြားတော်မူခြင်း ၁၃၀

၁၈၄။ တန်ဆောင်မုန်းလ ကြီးသောမိုးပေါက်ရှိသော မိုးကြီးရွာသွန်းထဌ် ဖြစ်ပေါ်ပျက်စီးသွားသော ရေပွက်ကို ဥပမာထား၍ အတိတ်အနာဂတ်စသည်ပြားသော ခံစားမှုဝေဒနာဌ် မြဲသောနိစ္စ ခိုမ်းသာသော သုခ အလိုလိုက်အစိုးရသော အတ္တအနှစ်များမရှိပုံ နွေလနောက်ဆုံး ဝါဆိုလ နွေလည်(မွန်းတည့်)ချိန် တုံလှုပ်နေသောတံလျှပ်ကို ဥပမာထား၍ အတိတ်စသည်ပြားသော မှတ်သားမှုသညာဌ် ဉာဏ်ဖြင့်ရှုကြည့်သော ရဟန်းမှာ နိစ္စသုခ အတ္တ အနှစ်ကင်း၏ ဟု ထင်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၃၀

၁၈၅။ ဖြောင့်မတ်နုပျိုဖူးတံမဖြစ်သေးသော ငှက်ပျောတုံးကြီးကို အနှစ်လိုလားသောယောကျ်ားသည် အရင်းအဖျားဖြတ်၍ ငှက်ပျောပတ်အရစ်ကိုခွါထဌ် အကာအနှစ်ကိုမတွေ့ရသကဲ့သို့ အတိတ်စသည်ပြားသော သဒ်ါရတရားတို့ဌ် ပညာဖြင့်ရှုကြည့်သော ရဟန်းမှာ နိစ္စသုခ အတ္တ အနှစ်ကင်း၏ ဟု ထင်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၃၁

၁၈၆။ လမ်းလေးခွဆုံဌ် မျက်လှည့်ပြရာ မျက်စိအမြင်ရှိသူက ဉာဏ်ဖြင့် ရှုကြည့်ဆင်ခြင်ရာဌ် အနှစ်မပါ ဗလာအချည်းနှီးထင်သကဲ့သို့ အတိတ်စသည်ပြားသော ဝိညာဏ်ကိုဉာဏ်ဖြင့် ရှုကြည့်ရာဌ် နိစ္စသုခ အတ္တ အနှစ်ကင်း၏ ဟု ထင်ပုံ ဤသို့ခန္ဓာတို့ဌ် အနှစ်ကင်း၏ ဟု သိမြင်သူမှာ ရုပ်စသည်ဌ် ငြီးငွေ့ပုံ တပ်ခြင်းကင်းပုံ ကိလေသာမှလွတ်၍ ရဟန္တာဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၃၁

၁၈၇။ လမ်းလေးခွဆုံဌ် မျက်လှည့်ပြရာ မျက်စိအမြင်ရှိသူက ဉာဏ်ဖြင့် ရှုကြည့်ဆင်ခြင်ရာဌ် အနှစ်မပါ ဗလာအချည်းနှီးထင်သကဲ့သို့ အတိတ်စသည်ပြားသော ဝိညာဏ်ကိုဉာဏ်ဖြင့် ရှုကြည့်ရာဌ် နိစ္စသုခ အတ္တ အနှစ်ကင်း၏ ဟု ထင်ပုံ ဤသို့ခန္ဓာတို့ဌ် အနှစ်ကင်း၏ ဟု သိမြင်သူမှာ ရုပ်စသည်ဌ် ငြီးငွေ့ပုံ တပ်ခြင်းကင်းပုံ ကိလေသာမှလွတ်၍ ရဟန္တာဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၃၁

၁၈၈။ ဖေဏပိဏ္ဍူပမံ-စသော ဂါထာတို့၏ အနက်များနှင့် ဤကိုယ်ကြီးသည် အသက်'ဇီဝိတ' အငွေ့ 'ကမ္မဇ တေဇော'ခတ် ဝိညာဏ်သုံးပါးမရှိလျှင် သုဿာန် စွန့်ချပစ်လွှင့်ခံရပြီး ပိုးလောက် မြေခွေး ဘီလူး စသည်တို့၏ အစာဖြစ်၍ စိတ်စေတနာကင်းမဲ့ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၃၁

၄-ဂေါမယပိဏ္ဍသုတ်

၁၈၈။ မြတ်စွာဘုရား တည်တံ့ခိုင်မြဲမပြောင်းလဲသော အခြင်းအရာအားဖြင့်သာ တည်တံ့လတ္တံ့သော ရုပ်စသည် ရှိပါသလော ဟု လျှောက်ထား မေးမြန်းသော ရဟန်းကို အနည်းငယ်သော နွားချေးစိုင်ခဲကို လက်ဖြင့်ယူ၍

အကြောင်းအာဟ မျက်နှာအမှတ်

ရဟန်း ဤနွားချေးခဲမျှပမာဏရှိသော်လည်းဖြစ်သော မြမြုံခိုင်ခဲ့တည်တံ့သော ရအပ်သော အတ္တဘော ဒန္ဓာမရှိ ဤမျှလောက် မြဲမြုံခိုင်ခဲ့တည်တံ့လတ္တံ့သော အတ္တဘော ခန္ဓာရှိနေသေးလျှင် ကောင်းစွာ ဝင်္ဆင်းရဲ၏ ကုန်ခြင်းငှါ ကျင့်သုံးရမည့် မဂ္ဂ ဩဇာစရိယ ထင်ရှား မဖြစ်ပုံ၊ မြဲမြုံခိုင်ခဲ့သော အတ္တဘော ခန္ဓာမရှိသောကြောင့်သာ ဝင်္ဆင်းရဲကုန်ခြင်းငှါ မဂ္ဂ ဩဇာစရိယ ထင်ရှားပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၃၂-၃

၇။ နယိဒံ ဩဇာစရိယဝါသော ပညာယေထ-၌ မှတ်သားဖွယ်ရာမျှား ၁၃၃

၉၀။ ရှေးအခါက -ရေမြေကို အစိုးရသော အဘိသိက်သွန်းပြီး၍ မင်းဖြစ်စဉ် ကုသဝတီမင်းနေပြည်အမှူးရှိသော မြို့-ပြာသာဒ် အထွဋ်တပ်သော အိမ်-ပလ္လင်-တန်ဆာဆင်ထားသော ဆင်, မြင်း, ရထား, ပဉ္စာမြား, မိဖုရား သားကြီးရတနာ အမှူးထားသော မင်းမျိုး နွားမ အဝတ်အထည် ပဲ့တော်ခွက် အရောင်းဆုံး ရွှစ်သောင်းလေးထောင်စီ ရှိခဲ့ရန် ထိုတွင် တခုခုကိုသာ သုံးဆောင်ခဲ့၍ ထိုအားလုံးသော သခါရတွေ့ လွန်သွား ချုပ်ပျောက် ဖောက်ပြန်သွား၍ သခါရတို့မမြဲပုံ မခိုင်ခဲ့ပုံ သက်သာရာမရပုံ သခါရတို့၌ ငြီးငွေ့သင့် မတပ်မက်ထိုက်ပုံ လွတ်မြောက်ထိုက်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၃၄-၁၃၇

၉၁။ ဒုက္ခလက္ခဏနာနှိ – ခေါမသုခုမာနိ – ခေါမသုခုမာနံ-သောဝဏ္ဏမယော--တို့၌ မှတ်သားဖွယ်ရာမျှား ၁၃၄-၁၃၅

၉၂။ ဝေလာမိကာ-ပုဒ်နှင့်စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ် ၁၃၆

၅-နုခသိခါသုတ်

၉၃။ လက်သည်းပေါ် အနည်းငယ်မြေမှုန့်တင်၍ မြေမှုန့် ဥပမာထားလျက် ဟော သည်သာထူး၏၊ ရှေးသုတ်၌ တူသည်သာတည်း ....

၆-သုဒ္ဓိကသုတ်

၉၄။ ဂေါမယပိဏ္ဍာသုတ် နုခသိခါသုတ်နှင့် တူသည်သာ ....

၇-ဂဒ္ဒုလဗဒ္ဓသုတ

၉၅။ ဤ (ရုပ်, နာမ်, ခန္ဓာအစဉ်အဆက်) သံသရာသည် ဉာဏ်ဖြင့် အစဉ်လျောက် သော်လည်း မသိအပ် မသိနိုင်သော အပိုင်းအခြားရှိ၍ အဝိဇ္ဇာဖုံးကွယ် တဏှာတွယ်၍ အဖန်ဖန်ပြေးသွား ကျင်လည်နေကြသော သတ္တဝါတို့မှာ ရွေ့အစွန်းကို မသိအပ်ပုံကို ရဟန်းတို့အား ဘုရားရှင် ဟောတော်မူခြင်း ၁၃၈

၉၆။ အနုမတဂ္ဂါ သံသရာ- မသိအပ်သော အပိုင်းအခြား ရှိဟူသည်နှင့် ပုဗ္ဗ-ကောဋိ နှ ပညာယတိတို့၌ မှတ်သားဖွယ်ရာမျှား ၁၃၈

ဦးရေ အခြောင်းအရာ မျက်နှာအမှတ်

၁၉၇။ မဟာသမုဒ္ဒရာခန်းခြောက်ရာ မဖြစ်ရာ အခါသော်လည်း ရှိရဖြစ်ရမည်၊ မြင့်မိုရ်တောင်မင်း မီးလောင်ပျက်ဆုံးရာ မချိုပြစ်ရာ အခါသော်လည်း မှိုရဖြစ်ရမည်၊ အဝိဇ္ဇာဖုံးကွယ် တဏှာတွယ်၍ အဖန်ဖန် ပြေးသွားကျင်လည် ကုန်သော သတ္တဝါတို့၏ ဝဋ်ဆင်းရဲ၏ အဆုံးအပိုင်းကို ပြုခြင်းကိုကား ငါဘုရားမဟော ထိုအဝိဇ္ဇာဖုံးကွယ် တဏှာတွယ်သူတို့ ဝဋ်ဆင်းရဲအဆုံးကို မပြုနိုင်ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၃၈-၉

၁၉၈။ မြဲမြံသော ငုတ်-တိုင်၌ ဘောက် (သဲကြိုး)ဖြင့် ဖွဲ့ချည်အပ်သော ခွေးသည် ထိုငုတ်တိုင်သို့သာ အဖန်ဖန် ပြေးသွားလည်နေသကဲ့သို့ ဘုရားစသော အရိယာတို့ကို မြင်လေ့မရှိသော နာခံမှတ်သား ဆောင်ထားမှု သုဓာမရှိသော ပုထုဇဉ်သည် ရုပ်စသည်ကို အတ္တစသော အခြင်းအရာအားဖြင့် အဖန်ဖန်ရှု၍ ရုပ်စသည်သို့သာ အဖန်ဖန် ပြေးသွားလည်နေရုံ၊ ရုပ်စသည်မှ အို,နာ,သေစသော ဝဋ်ဆင်းရဲမှ မလွတ်ပုံ၊ သုတရှိသူ အရိယသာဝကမှာ ရုပ်စသည်ကို အတ္တဟု မရှုသဖြင့် သက္ကာယဒိဋ္ဌိကင်းကာ ရုပ်စသည်မှ လွတ်ပုံ ဆင်းရဲအမျိုးမျိုးမှ လွတ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၄၉

ဂ-ဒုတိယဂဒ္ဒုလဗဒ္ဓသုတ်

၁၉၉။ မြဲမြံသော တိုင်ုတ်၌ ဖွဲ့ချည်ထားသော ခွေးသည် သွား ရပ် ထိုင် အိပ်လျှင် ထိုတိုင်ငုတ်သို့သာ ကပ်၍ သွား ရပ် ထိုင် အိပ်သကဲ့သို့ အသုတဝါ ပုထုဇဉ်သည် ရုပ်စသည်ကို ငါ၏ဥစ္စာ ငါ ငါ၏ အတ္တဟုရှုပုံ၊ သွား ရပ် ထိုင် အိပ်ဆဲ၌ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကိုကပ်ပုံ ဘုရားရှင် ဟောတော်မူခြင်း ၁၄၉

၂၀၀။ ဤစိတ်သည် ရှည်မြင့်စွာ နေ့ည၌ပတ်လုံး ရာဂ ဒေါသ မောဟကြောင့် ညစ်နွမ်းသည်ဖြစ်၍ မိမိစိတ်ကို မပြတ်ဆင်ခြင်ထိုက်ပုံ၊ စိတ်ညစ်နွမ်းခြင်းကြောင့် သတ္တဝါတို့ညစ်နွမ်း၍ စိတ်ဖြူစင်ခြင်းကြောင့် သတ္တဝါစင်ကြယ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၄၀

၂၀၁။ အနုယ်နုယ်လှည့်ပြသော စံပြပန်းချီကား ဆန်းကြယ်ပုံ၊ သတ္တဝါအပေါင်း အစုထဲတွင် တိရစ္ဆာန်များ ဆန်းကြယ်ပုံ ထိုနှစ်မျိုးသည် စိတ်ကြောင့် ဖြစ်ပေါ်ကြ၍ စိတ်သာလျှင် အထူးဆန်းကြယ်ပုံတို့ဖြင့် ညစ်နွမ်းသော စိတ်ကို အမြဲပြတ်နှုတ်ပုံ ဘုရားရှင် ဟောတော်မူခြင်း ၁၄၀-၁

၂၀၂။ စရဏံ နာမ စိတ္တံ စိတ္တေနေဝ စိန္တိတံ တိရစ္ဆာနဂတာ ပါဏာ စိတ္တေနေဝ စိတ္တိ-တာ-တို့၌ မှတ်သားဖွယ်ရာများ ၁၄၀-၁

၂၀၃။ ဆေးဆိုးပန်းရိုက်သမား ပန်းချီဆရာသည် ဆိုးရောချိပ်ရောစသည်ဖြင့် ပြေပြစ်သော ပျဉ်ချပ်နံရံပိတ်ကားပြင်၌ အင်္ကျီကြီးငယ်ပြည့်စုံသော မိန်းမရုပ်

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ယောကျ်ားရုပ်ကို ရိုက်နှိပ်ရေးခြယ်သကဲ့သို့ နာခံမှတ်သားဆောင်ထားမှု သုတမရှိသော ပုထုဇဉ်သည် ဖြစ်စေသည်ရှိသော် ရုပ်စသည်ကိုသာ ဖြစ်စေပုံ၊ ရုပ်စသည်၏မမြဲပုံစသည်ကိုမမေး၍ တရားဟောတော်မူခြင်း ၁၄၂

၉-ဝါသိဋ္ဌသုတ်

၂၀၄။ ဤကာယရုပ်တည်း ဤကာယ ရုပ်၏ဖြစ်ခြင်း ဖြစ်ကြောင်းတည်း ဤကာယရုပ်၏ချုပ်ခြင်းချုပ်ကြောင်းတည်းဟု သိမြင်သော်လည်း ဤကာယ ဝေဒနာသညာ သင်္ခါရ ဝိညာဏ်တည်း ဆိုဝေဒနာစသည်တို့၏ ဖြစ်ခြင်း ဖြစ်ကြောင်းတည်း ချုပ်ခြင်းချုပ်ကြောင်းတည်းဟု သိမြင်သောသူအား အာသဝေါတရားတွေ့ ကုန်နိုင်၍ အာသဝေါကုန်ခြင်းကို ငါဟောဏ်ဟု ဘုရားရှင် မိန့်တော်မူခြင်း.... .... ၁၄၂

၂၀၅။ ကြက်မကြီးသည် ကောင်းစွာမဝပ်အပ် ကိုယ်ဧမေပေးအပ် ကြက်နုံဖြင့် မဆုံအပ်ကုန်သော ကြက်ဥတို့သည် ကြက်မကြီး၏ "ငါ၏ ဤသားငယ်တို့သည် ခြေသည်းဖျားဖြင့်၎င်း နှုတ်သီးဖြင့်၎င်း ဥခွံကိုဖောက်ခဲ့၍ ချမ်းသာသဖြင့် ပေါက်မူ ကောင်းလေစ"ဟု အလိုဆန္ဒဖြစ်ကုန်သော်လည်း ဥခွံကိုဖောက်ခဲ့၍ ချမ်းသာသဖြင့် ပေါက်ခြင်း၌ မထိုက်သကဲ့သို့ ဘဝနာကို အားမထုတ်ပဲနေသော ရဟန်းအဘို့ "ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝတို့မှ လွတ်မြောက်ရမူ ကောင်းလေစ"ဟု အလိုဆန္ဒဖြစ်သော်လည်း သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့ကို မပွါးသောကြောင့် အာသဝတို့မှ မလွတ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၄၂

၂၀၆။ ကြက်မကြီးသည် ကောင်းစွာဝပ်မှုစသည်ကို ပြုအပ်သော ကြက်ဥတို့သည် ကြက်မကြီး၏ ကောင်းစွာပေါက်ဖွားပါစေကြောင်း ဆန္ဒကောင်းမရှိစေကာမူ ကောင်းစွာဝပ်မှုစသည်ကို ပြုထားသောကြောင့် ကောင်းစွာပေါက်ဖွားကုန်သကဲ့သို့ ဘာဝနာကို အားထုတ်နေသော ရဟန်း၏စိတ်သည် အာသဝမှ လွတ်လိုသောဆန္ဒ မဖြစ်စေကာမူ သတိပဋ္ဌာန်စသော တရားတို့ကို ပွါးများထားသောကြောင့် အာသဝမှလွတ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၄၃

၂၀၇။ လက်ကိုင်ထုဆွဲ လက်ချောင်းရာ လက်မရာ တွေ့မြင်အပ်သော ပဲခွပ်ရိုးကို ကိုင်သော လက်သမား၏သန္ဓာန်၌ ငါ၏ပဲခွပ်ရိုးလက်ကိုင်၌ ဤမျှသည် ယနေ့ကုန်သွားပြီစသည်ဖြင့် သိသောဉာဏ်မဖြစ်၊ ပဲခွပ်ရိုးကုန်သွားသော အခါ၌သာ ကုန်သွားပြီဟု အသိဉာဏ်ဖြစ်သကဲ့သို့ ဘာဝနာအားထုတ်သော ရဟန်း၏သန္ဓာန်၌ ငါ၏အာသဝ ယနေ့ ဤမျှကုန်သွားပြီစသည်ဖြင့် မသိသော်လည်း အာသဝကုန်သွားသောအခါ၌ ကုန်သွားပြီဟု ဉာဏ်ဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၄၄

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၂၀၈။ မိုးလတ္ထိုပတ်လုံး ရေဒဏ်ဆား၍ ဆောင်းဥတုဒဏ် ကုန်းပေါ်တင်ထားအပ်သော သမုဒ္ဒရာဒဏ်လျှင် ကြိမ်ကြိုးအဖဲ့တို့သည် လေနေပူတို့ နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပြင်းထန်စွာရှာသော မိုးရေဖြင့် အလွယ်တကူလျော့ဖြေကုန် ဆေးမြွေကုန်သကဲ့သို့ ဘာဝနာအားထုတ်သော ရဟန်းဇီးသံယောဇဉ်တို့သည် မပင်ပမ်း မဆင်းရဲပဲ ငြိမ်းပျောက်ဆေးမြွေ ပျက်စီးပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၄၄

၁၀-အနိစ္စသညာသုတ်

၂၀၉။ ဖြစ်စေအပ် အကြိမ်များစွာ ပြုအပ်သော ရုပ်နာမ်တို့၏ မမြဲမှုကို ရှုမှတ်သော အနိစ္စသညာသည် အလုံးစုံသော ကာမဇာဂ ဘဝဇာဂ အဝိဇ္ဇာကို ကုန်ခန်းစေပုံ အလုံးစုံသော အသိမ်မာနကို ပယ်နှုတ်ပုံကို ပြန့်ကျယ်စွာ တည်နေသော အမြစ်တို့ကို ဖောက်ခဲဖျက်ဆီးလျက် လယ်ထွန်သော လယ်သမား၊ ဖြိတ်မြောက်ရိပ်သား သရက်သီးခိုင်ဖြတ် ဥပမာတို့ဖြင့် ဘုရားရှင် ဟောတော်မူခြင်း ၁၄၅

၂၁၀။ အထွတ်တပ်သော အိမ်ကျောင်း၏ အထွတ် အမြစ် နှံသာတို့တွင် အကောင်းဆုံး အကျော်ဆုံး အမြစ်နှံသာ, အနှစ်နှံသာတို့တွင် အကောင်းဆုံးစန္ဒကူးနှံနှံသာ၊ပန်းနှံသာတို့တွင် အကောင်းဆုံး မြတ်လေးပန်းနှံသာ၊ မင်းအားလုံးတို့တွင် အမြတ်ဆုံး စကြဝတေးမင်း၊ ကြယ်တာရာ အရောင်တို့တွင် အတောက်ဆုံး လမင်းအရောင်, တန်ဆောင်မုန်းလ အပြစ်ကင်းသော နေမင်း ဥပမာတို့ဖြင့် အနိစ္စသညာပွါး၍ ရာဂအဝိဇ္ဇာမာနတို့ကို အကြွင်းမဲ့ပယ်နိုင်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၄၅

၂၁၁။ ဘုရားရှင်သည် "ရဟန်းတို့ အဘယ်သို့ ဖြစ်စေအပ် အကြိမ်များစွာ ပြုအပ်သော အနိစ္စသညာသည် အားလုံးသော ကာမဇာဂ ဘဝဇာဂ အဝိဇ္ဇာကို ပယ်၍ မာနကို ပယ်နှုတ်သနည်း" ဟု မေးတော်မူ၍ "ဤကား ရုပ်တည်း ဤကား ရုပ်၏ဖြစ်ကြောင်းတည်း ဤကား ရုပ်၏ ချုပ်ကြောင်းတည်း စသဖြင့် ခန္ဓာငါးပါးတို့၏ သဘောအဖြစ်အပျက် ဖြစ်ကြောင်း ပျက်ကြောင်းကို ရှုရမည်" ဟု ဟောတော်မူခြင်း ၁၄၆

---

(၁၁) ၁-အန္တဝဂ်

၁-အန္တသုတ်

၂၁၂။ ဥပါဒါနက္ခန္ဓာငါးပါး, ဒုက္ခသစ္စာကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော အဖို့အစု 'သက္ကာယန္တ' သမုဒယသစ္စာကို ထင်ရှားရှိသော ပရမတ္ထတရားအပေါင်း သက္ကာယ၏ ဖြစ်ကြောင်းအဖို့အစု 'သက္ကာယသမုဒယန္တ' နိဒါန်း

ဦးရေ အကြောင်းအထု မျက်နှာအမှတ်

သစ္စာနိဗ္ဗာန်ကို သက္ကာယ၏ ချုပ်ရာ နိဗ္ဗာန်အဖို့အစု 'သက္ကာယနိရောဓန္တ'
သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး မဂ်တရား မဂ္ဂသစ္စာကို သက္ကာယ၏ ချုပ်ရာ
နိဗ္ဗာန်ရောက်ကြောင်း အကျင့်အပို့အစု 'သက္ကာယနိရောဂါမိနိပ္ပဋိပဒန္တ'
ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၄၇

၂-ဒုက္ခသုတ်

၂၁။ သစ္စာလေးပါးကိုပါ ဒုက္ခ ဒုက္ခသမုဒယစသည်ဖြင့်ရင်း သက္ကာယ သက္ကာယ
သမုဒယစသည်ဖြင့်ရင်း ဟောတော်မူခြင်း ၁၄၈

၃-ပရိညေယ္ယသုတ်

၂၁။ ပိုင်းခြားချ သိဆိုက်ပယ်ထိုက်သော ခန္ဓာငါးပါးကို ပရိညေယ္ယပိုင်းခြားချ
သိကြောင်း ပယ်ကြောင်း မဂ်ဉာဏ်ကိုပရိညာ ပိုင်းခြားချ သိပြီး ရဟန္တာ
ပုဂ္ဂိုလ်ကို ပရိညာတာဝိ,ဟု ဟောတော်မူခြင်း ၁၄၉

၅-သမဏသုတ်

၆-ဒုတိယသမဏသုတ်

၂၁။ ဥပါဒါနက္ခန္ဓာငါးပါးတို့၏ ဖြစ်ကြောင်း သမုဒယ ပျက်ကြောင်း အတ္ထင်္ဂမ
သာယာဖွယ်'အဿာဒ'အပြစ်'အာဒီနဝ'ထွက်မြောက်ကြောင်း'နိဿရဏ'
တို့ကို ဟုတ်တိုင်းမှန်စွာမသိသူ ရဟန်းပုဏ္ဏားတို့သည် စစ်မှန်သော ရဟန်း
ပုဏ္ဏားတို့မမည်ပဲ မင်္ဂဖိုလ် နိဗ္ဗာန်ဟူသော အကျိုးကို မခံစားရပုံ၊ ထို
သမုဒယ, အတ္ထင်္ဂမ, အဿာဒစသည်ကို သိသူတို့သာ ရဟန်းပုဏ္ဏား အစစ်
ဖြစ်ရာ မင်္ဂ ဖိုလ် နိဗ္ဗာန်ဟူသော အကျိုးကို မျက်မှောက်၌ ခံစားရပုံကို
ဘုရားရှင် ဟောတော်မူခြင်း ၁၆၉-၁၅၀

၇-သောတာပန္နသုတ်

၂၁။ ဥပါဒါန်၏အာရုံဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဥပါဒါ-
နက္ခန္ဓာငါးပါးတို့၏ ဖြစ်ကြောင်း 'သမုဒယ' ပျက်ကြောင်း 'အတ္ထင်္ဂမ'
သာယာဖွယ် 'အဿာဒ' အပြစ် 'အာဒီနဝ' ထွက်မြောက်ကြောင်း
'နိဿရဏ'ကို ဟုတ်တိုင်းမှန်စွာ သိသူကို အပါယ် ၄-ဘုံသို့ မကျရောက်
သော မဂ္ဂနိယာမအားဖြင့် မြဲသော အထက်မဂ် ၃-ပါးလျှင်လည်းလျှင်း
ထူရှိသော သောတာပန်ပုဂ္ဂိုလ် ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၅၀

၈

ဦးရေ အကြောင်းအထူ မျက်နှာအမှတ်

၉-ဆန္ဒပဟာနသုတ်

၁၀-ဒုတိယဆန္ဒပဟာနသုတ်

၂၁၈။ ရုပ်စသည်၌ လိုချင်မှု'ဆန္ဒ'တပ်မက်မှု'ထုဂ'နှစ်သက်မှု'နန္ဒိ'ဆာမွတ်မှု'တဏှာ' ကပ်ထောက်စွဲလမ်းမှု 'ဥပယုပါဒါန်' အကုသိုလ်စိတ်တည်မှု မှားသေးအား ဖြင့် နှလုံးသွင်းမှု အဖန်ဖန်ကိန်းဝပ်မှု 'စေတသောအဓိဋ္ဌာနာဘိနိဝေသာ နုသယ'တို့ကို ပယ်စွန့်ကြရန် ထိုရုပ်စသည်၏ ဖြစ်ကြောင်း ဆန္ဒစသည်ကို ပယ်လျှင် ရုပ်စသည်ကိုလည်း ပယ်စွန့်ပြီး အမြစ်ရင်း အကြွင်းမဲ့ ဖြတ်မှု ထန်းပင်၏တည်ရာကဲ့သို့ ပြုအပ်မှု နောင်တဖန် မဖြစ်အောင် ပြုအပ်မှု ကိစ္စ ဖြစ်၍ နောင်အခါ ထိုရုပ်စသည် ဖြစ်ပေါ်ခြင်းသဘောမရှိပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၅၀-၁၅၁

---

(၁၂) ၂-ဓမ္မကထိကဝဂ်

၉-ဓမ္မကထိကသုတ်

၂၁၉။ အကြားအမြင် ဗဟုသုတမရှိသူ ပုထုဇဉ်၏ ရုပ်ကိုမသိမှု ရုပ်၏ ဖြစ်ကြောင်း ရုပ်၏ချုပ်ရာ ရုပ်၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို မသိမှု။ ဝေဒနာ စသည်ကို မသိမှု။ ဝေဒနာ စသည်၏ ဖြစ်ကြောင်း ချုပ်ရာ ချုပ်ကြောင်း အကျင့်ကို မသိမှု။ အဝိဇ္ဇာ ထိုအဝိဇ္ဇာနှင့်ပြည့်စုံသူကို အဝိဇ္ဇာဂတ။ သုတ ရှိသူ အရိယသာဝက၏ ရုပ်စသည်ကို သိမှု ရုပ် စသည်၏ ဖြစ်ကြောင်း ချုပ်ရာ ချုပ်ရာရောက်ကြောင်း အကျင့်ကိုသိမှု။ ဝိဇ္ဇာ ထိုဝိဇ္ဇာနှင့် ပြည့်စုံသူကို ဝိဇ္ဇာဂတဟု ဘုရားရှင် ဟောတော်မူခြင်း ၁၅၁-၂

၃-ဓမ္မကထိကသုတ်

၂၂၀။ မြတ်စွာဘုရား "အဘယ်မျှလောက်သော အကြောင်းဖြင့် ဓမ္မကထိက မည်ပါသနည်း၊ လောကုတ္တရာ တရားအားလျော်သော အကျင့်ကိုကျင့်သူ မြောနှုံ-ဓမ္မပပ္ပဋိပန္နာ မည်ပါသနည်း၊ မျက်မှောက်ဘဝ၌ နိဗ္ဗာန်ရောက်သူ ဒိဋ္ဌဓမ္မ နိဗ္ဗာနပတ္တ မည်ပါသနည်း" ဟူသော ရဟန်းတပါး၏ အမေးကို ရုပ်စသည် ငြီးငွေ့ခြင်းဌာ ပျက်စီးခြင်းဌာ ရုပ်၌မတပ်မက်ခြင်းဌာ၊ ချုပ်ခြင်းဌာ တရား ဟောသူသည် ဓမ္မကထိက မည်၏။ ရုပ်စသည် ငြီးငွေ့ခြင်း စသည်အကျိုးဌာ ကျင့်သူသည် လောကုတ္တရာတရား အားလျော်သောအကျင့်ကို ကျင့်သူ ဓမ္မာနုဓမ္မပပ္ပဋိပန္နဲ့ မည်၏။ ရုပ်ကို ငြီးငွေ့ခြင်းကြောင့် မတပ်မက်ခြင်းကြောင့် ချုပ်ခြင်းကြောင့် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ ကိလေသာမှ လွတ်မြောက်သူကို မျက်မှောက်ဘဝ၌ နိဗ္ဗာန်ရောက်သူ မည်၏ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၅၂

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၄-ဒုတိယဓမ္မကထိကသုတ်

၂၂၁။ ရွှေသုတ်နှင့်တူသည်သာ ၁၅၃

၅-ဗန္ဓနသုတ်

၂၂၂။ ရုပ်စသည်ကို အတ္တစသည်ဖြင့် စွဲလမ်းသော သက္ကာယဒိဋ္ဌိရှိသူ အဆုတဝါ ပုထုဇဉ်ကို ရုပ်ဝေဒနာ စသည်တို့ အနှောင့်အဖွဲ့ခံရသူ အတွင်းအပြင် အနှောင်အဖွဲ့ရှိသူ ဝဋ်ဒုက္ခဟူသော ဤ ဘက်ကမ်းကို မမြင်သူ၊ နိဗ္ဗာန် ဟူသော ထိုဘက်ကမ်းကိုမမြင်သူ၊ အနှောင်အဖွဲ့ခံရလျက် အိုသူ သေသူ ဤဘဝမှ ထိုဘဝသွားသူဟူ၍ ဆိုအပ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း.... ၁၅၃

၂၂၃။ သက္ကာယဒိဋ္ဌိ မရှိသူ၊ သူတဝါ အရိယသာဝကကို ရုပ်စသည် အနှောင်အဖွဲ့ မခံရသူ၊ အတွင်းအပြင် အနှောင်အဖွဲ့ မရှိသူ၊ ဝဋ်ဒုက္ခ ဟူသော ဤ ဘက်ကမ်းကို မြင်သူ၊ နိဗ္ဗာန် ဟူသော ထိုဘက်ကမ်းကို မြင်သူ၊ ဆင်းရဲ ဒုက္ခမှ လွတ်သူ ဟု ဆိုအပ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၅၃

၆-ပရိပုဏ္ဏကသုတ်

၇-ဒုတိယပရိပုဏ္ဏကသုတ်

၂၂၄။ ရုပ်စသည်ကို ငါ၏ဥစ္စာ ငါ ငါ၏ အတ္တဟု မရှုကြပဲ၊ ငါ၏ ဥစ္စာ မဟုတ် ငါမဟုတ် ငါ၏ အတ္တမဟုတ်ဟု ရှုရန် ဘုရားရှင် ဟောတော်မူခြင်း ၁၅၃-၄

၈-သံယောဇနိယသုတ်

၂၂၅။ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးကို သံယောဇဉ်တို့၏ အစီးအပွါး ဖြစ်သော ကြောင့် သံယောဇနိယ၊ ထိုရုပ်စသော ခန္ဓာတို့၌ လိုချင်တပ်မက်မှု ဆန္ဒရာဂကို အနှောင်အဖွဲ့ နှောင်ကြိုး ဖြစ်သောကြောင့် သံယောဇဉ်ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၅၄

၉-ဥပါဒါနိယသုတ်

၂၂၆။ ရုပ်ဝေဒနာစသော ခန္ဓာ ငါးပါးကို ဥပါဒါန်တို့၏ အစီးအပွါး ဖြစ်သော ကြောင့် ဥပါဒါနိယ ထိုရုပ်စသော ခန္ဓာတို့၌ လိုချင်တပ်မက်မှု ဆန္ဒရာဂကို စွဲလမ်းတတ်သောကြောင့် ဥပါဒါန်ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၅၄

၁၀-သီလဗ္ဗတသုတ်

၂၂၇။ ဗာရာဏသီ ဋ္ဌသိပတန မိဂဒါဝုန်၌ နေကြစဉ် အရှင် မဟာကောဋ္ဌိက သည် ညနေချမ်း တပါးတည်း ကိန်းအောင်းထွဋ္ဌာန်မှ ထ၍ အရှင်သာရိ

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ပုတ္တဆုကို သိလရှိသောရဟန်း, သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတို့ သင့်သောအကြောင်း ဥပါယ်အားဖြင့် နှလုံးသွင်းထိုက်သော တရားတို့ကို မေးလျှောက်ခြင်း ၁၅၅

၂၂၈။ အရှင်မဟာ ကောဋ္ဌိကက သိလရှိသော ရဟန်းသည် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို မမြဲသော အနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အနာဆောဂါ ဆော၀၊ အိုင်းအမာ ဂဏ္ဍာ၊ ငြောင့် သလ္လ၊ အလွန်နှိပ်စက်သော ဆင်းရဲ အဃ၊ အနာအနာဖြစ်ကြောင်း အာဗာဓ၊ သူစိမ်းပြင်ပြင် ပရ၊ ပျက်စီးတတ်သော ပလောက၊ အတ္တမှ ဆိတ်သုဉ်းသော သုည၊ အတ္တမဟုတ်သော အနတ္တ ဟု နှလုံးသွင်းထိုက်ပုံ၊ ထိုသို့ နှလုံးသွင်းသဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်သော အကြောင်းရှိပုံကို ဖြေဆိုတော်မူခြင်း.... .... ၁၅၅

၂၂၉။ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန်းတို့သည်လည်း ဥပါဒါနက္ခန္ဓာတို့ကိုပင် မမြဲသော အနိစ္စ စသောအားဖြင့် နှလုံး သွင်းထိုက်ပုံ၊ ထိုသို့ နှလုံးသွင်းသဖြင့် ရှေးသုံးယောက်တို့သည် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့ကို မျက်မှောက်ပြုနိုင်သော အကြောင်းရှိ၍ ရဟန္တာမှာ ထိုသို့ နှလုံးသွင်းခြင်းဖြင့် မျက်မှောက်ဘ၀ ချမ်းသာစွာနေရခြင်းအကျိုး သတိသမ္ဗောဇ္ဈင်အကျိုးများရှိပုံကို အရှင် မဟာ ကောဋ္ဌိကက ဖြေဆိုတော်မူခြင်း ၁၅၅

၁၁-သုတ၀ဏ္ဏသုတ်

၂၃၀။ ကမ္မဋ္ဌာန်း ပဋိပတ္တိသုတရှိသော ရဟန်းမျ ပြောင်းလဲသည်သာ ရှေးသိလ ၀ဏ္ဏသုတ်နှင့် တူ၏ ၁၅၆

၁၂-ကပ္ပသုတ်

၁၃-ဒုတိယကပ္ပသုတ်

၂၃၁။ ဤနိဿယ စာပိုဒ် ဂ၂-နှာ ၉၀ ပုဏ္ဏမသုတ် ပ-၂၀၄ ရာဟု လော၀ါဒသုတ်နှင့် ကပ္ပသုတ်တူ၊ ဤနိဿယ အပိုဒ် ၉၂ နှာ ၁၂၆ ဒုတိယ ရာဟုလသုတ်နှင့် ဒုတိယ ကပ္ပသုတ် တူ၏ ၁၅၆

---

(၁၃) ၃-အဝိဇ္ဇာ၀ဂ်

၁-သမုဒယမွသုတ်

၂၃၂။ "ဖြစ်ခြင်းသဘော ပျက်ခြင်းသဘောရှိသော ရုပ်စသည်ကို ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ရုပ်စသည်ဟု မသင်ခြင်းကို အဝိဇ္ဇာ"ဟု ဆိုအပ်၍ ထိုအဝိဇ္ဇာနှင့် ပြည့်စုံသူသည် အဝိဇ္ဇာဂတ မည်ပုံ၊ "ဖြစ်ခြင်း ပျက်ခြင်း

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

သဘောရှိသော ရုပ်စသည်ကို ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ရုပ်စသည်ဟု သိခြင်းကို ဝိဇ္ဇာ"ဟု ဆိုအပ်၍ ထိုဝိဇ္ဇာနှင့် ပြည့်စုံသူသည် ဝိဇ္ဇာဂတ မည်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၅၆

၂-ဒုတိယသမုဒယဓမ္မသုတ်

၃-တတိယသမုဒယဓမ္မသုတ်

၄-စတုတ္ထဒုတိသုတ်

၄-၅-၆-၇-၈-၉-၁၀-သုတ်

၂၃၃။ လွယ်ပြီ ရှေသုတ်ကို မှီ၍သိလေ အနက်ယောဇနာမှမပြုသဖြင့် သိမှတ်ဖွယ် မရှေးပြီ ၁၅၇

---

(၁၄) ၄-ကုက္ကုဋဝဂ်

၁-ကုက္ကုဋသုတ်

၂၃၄။ ရုပ်စသည်ကို ပြောပုံဥပမာထား၍ ဟောတော်မူပုံနှင့် ကုက္ကုဋ အဖွင့်-ဌ-ဋ္ဌီ-နှင့် ဝိဂြိုဟ်ပြု အရကောက်ပုံ ၁၅၇

၂-အနိဇသုတ်

၂၃၅။ မမြဲသော အနိစ္စဖြစ်သည် ရုပ်ဝေဒနာသညာ သင်္ခါရဝိညာဏ်တို့၌ လိုချင်မှု ဆန္ဒကို ပယ်စွန့်ရန် ဘုရားရှင် ဟောတော်မူခြင်း ၁၅၈

၃-ဒုတိယအနိစ္စသုတ်

၄-တတိယအနိစ္စသုတ်

၂၃၆။ မမြဲသော ရုပ်စသည်၌ တပ်မက်မှုရှိ၍ လိုချင်တပ်မက်မှု ဆန္ဒရှိကို ပယ်ရန် ဟောသည်သာထူး၏ ၁၅၈

၅-၆-၇-ဒုက္ခသုတ်

၈-၉-၁၀-အနတ္တသုတ်

၂၃၇။ ဆင်းရဲသော ဒုက္ခ အစိုးမရအလိုမလိုက်သော အနတ္တဖြစ်သည်၊ ရုပ် စသည်၌ လိုချင်တပ်မက်မှု ဆန္ဒရှာကို ပယ်ရန် ဘုရားရှင် ဟောတော်မူခြင်း ၁၅၈

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၁-နိဗ္ဗိဒါဇဟုလသုတ်

၂၃၈။ ရူပ်စသည်၌ ငြီးငွေ့ခြင်းများသည်ဖြစ်၍ နေခြင်းသည် ဝဋ်မှထွက်လို၍ သဒ္ဓါတရားဖြင့် ရဟန်းပြုသူ၏ လောကုတ္တရာတရားအား လျော်သော အကျင့်ဖြစ်သည်။ ယင်းသို့နေလျှင် ရူပ်စသည်ကိုပိုင်းခြားသိ၍ ရူပ်စသည်မှငြင်း ဇာတိဇရာမရဏ စသည်မှငြင်း၊ ဝဋ်ဆင်းရဲတို့မှငြင်း လွတ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၅၈

၁၂-အနိစ္စာနုပဿီသုတ်

၁၃-ဒုက္ခာနုပဿီသုတ်

၁၄-အနတ္တာနုပဿီသုတ်

၂၃၉။ ရူပ်စသည်၌ မမြဲဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဆင်းရဲ၏ဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ အစိုးရသော အတ္တမဟုတ်ဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍နေခြင်းသည် ဝဋ်မှထွက်လို၍ သဒ္ဓါဖြင့် ရဟန်းပြုသူ၏ လောကုတ္တရာတရားအား လျော်သော အကျင့်ဖြစ်၍ ယင်းသို့နေလျှင် ရူပ်စသည်ကို ပိုင်းခြားသိပုံ ရူပ်စသည်မှငြင်း၊ ဇာတိဇရာစသည်တို့မှငြင်း၊ ဝဋ်ဆင်းရဲမှငြင်း၊ လွတ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၅၉

---

(၁၅) ၅-ဒိဋ္ဌိဝဂ်

၁-အဇ္ဈတ္တသုတ်

၂-ကံ့မမသုတ်

၂၄၀။ အဘယ်သဘောတရားတို့ဖြစ်ကုန်လတ်သော် (သို့မဟုတ်) အဘယ်သဘောတရားကိုစဲ၍ အတွင်း (အဇ္ဈတ္တ) သန္တာန်၌ သုခ-ဒုက္ခတို့ဖြစ်သနည်း၊ အဘယ်သဘောတရားတို့ဖြစ်ကုန်လတ်သော် (သို့မဟုတ်) အဘယ်သဘောတရားကိုစဲမှီ နှလုံးသွင်း၍ ငါ၏ဥစ္စာ၊ ငါ ငါ၏ အတ္တဟု ဖြစ်ပါသနည်းဟု မြတ်စွာဘုရားက မေးတော်မူသည်ကို ရဟန်းတို့က ဘုရားရှင်အား ရှင်းပြရန် ပြန်၍ လျောက်ထားကြသဖြင့် ရူပ်စသောခန္ဓာ ငါးပါးတို့ကိုရှိကုန်လတ်သော် ရူပ်စသောခန္ဓာတို့ကိုစဲ၍ အတွင်းအဇ္ဈတ္တသန္တာန်၌ ချမ်းသာဆင်းရဲသုခ ဒုက္ခ တို့ဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၅၉

၂၄၁။ ရူပ်စသော ခန္ဓာတို့ရှိကုန်သော်သာ ရူပ်စသောခန္ဓာတို့ကိုစဲ၍ ဤရူပ်စသည် ငါ၏ ဥစ္စာ၊ ငါ ငါ၏ အတ္တဟုစွဲလမ်း ရှုမြင်မှု ဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၀

၃-သော အတ္တာသုတ်

၂၄၂။ "ခန္ဓာတို့ကိုစွဲ၍ ထိုငါသည် အတ္တာ၊ထိုငါသည် လောက၊ ထိုငါသည် တမလွန်ဘဝသို့ ရောက်၍ မြဲမြံခိုင်ခဲ့တည်တံ့သည် မဖောက်ပြန်သည်ဖြစ်လတ္တံ့"ဟူသော သဿတ အယူဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၀

၄-နော်ဧဝမေသယ်သုတ

၂၄၃။ "ခန္ဓာတို့ကိုစွဲ၍ ရှေးက(အတ္တဟူသောကမ္မဝင်္ဂ)မဖြစ်ဖြားအံ့ ငါ၏ ဝိပါကဝင်္ဂ် မဖြစ်ရာ ယခုအတ္တဟူသောကမ္မဝင်္ဂ်မဖြစ်အံ့ ငါ၏ အတ္တဟူသော ဝိပါကဝင်္ဂ် မဖြစ်လတ္တံ့"ဟူသော ဥစ္ဆေဒ အယူဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၀

၅-မိစ္ဆာဒိဋ္ဌိသုတ်

၂၄၄။ "ခန္ဓာတို့ကိုစွဲ၍ မိစ္ဆာဒိဋ္ဌိဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၀

၆-သက္ကာယဒိဋ္ဌိသုတ်

၇-အတ္တာနုဒိဋ္ဌိသုတ်

၂၄၅။ ခန္ဓာတို့ကိုစွဲ၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ ၅-ပါးအပေါင်း၌ စုံမှီဖြစ်သော သက္ကာယဒိဋ္ဌိ၊ အတ္တသို့ အစဉ်လိုက်သော အတ္တာနုဒိဋ္ဌိ ဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၁

၈-အဘိနိဝေသသုတ်

၉-ဒုတိယအဘိနိဝေသသုတ်

၂၄၆။ ခန္ဓာတို့ကိုစွဲ၍ ဝင်္ဆေးခဲ၌ ယှဉ်စေခြင်း မှားသောအားဖြင့် နှလုံးသွင်းခြင်း စိတ်ကို နှောင်ဖွဲ့ခြင်း မျိုမတတ် စွဲလမ်းခြင်းတို့ ဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၁

၁၀-အာနန္ဒသုတ

၂၄၇။ "တပါးထည်းတည်း ဆိတ်ငြိမ်ရာကပ်လျက် မမေ့မလျော့ ကိလေသာတို့ကို လောင်ကျွမ်းစေသော လုံ့လ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍နေပါမည်၊ နိဗ္ဗာန်ရောက်ကြောင်း အကျဉ်းချုပ်တရား ဟောကြားတော်မူပါ ဘုရား"ဟု လျှောက်ထားသော အရှင်အာနန္ဒာကို အာနန္ဒာအဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော မမြဲသလော စသည်မေး၍ ရဟန္တာဖြစ်နိုင်သောတရားကို ဘုရားရှင် ဟောတော်မူခြင်း ၁၆၁

၂-ရာဓသံယုတ်

၁-ပဌမဝဂ်

၁-မာရသုတ်

၂၄၈။ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်ရာဓက "မြတ်စွာဘုရား "မာရ်မာရ်"ဟူ၍ ဆိုအပ်ပါ၏၊ အဘယ်မျှလောက်ဖြင့် မာရ် မည်ပါသနည်း"ဟု ဘုရားရှင်ကို လျှောက်ထားရာ၊ ရာဓ ရုပ်စသည် ရှိလတ်သော် သေခြင်းမာရ်သည်၎င်း သေထိုက်သော သဘော (မာရေတာ) သည်၎င်း သေသူသည်၎င်း ဖြစ်ရာသောကြောင့် ဤလောကရုပ်စသည်ကို'မာရ'သေခြင်းတရားဟု နာကျင်တတ်သော ရောဂါနှင့် တူ၏ဟု အိုင်းအမာနှင့်တူ၏ ဟု ငြောင့်နှင့် တူ၏ ဟု အလွန်နှိပ်စက်တတ်သော ဆင်းရဲဟု ဆင်းရဲတုံးသဖွယ်ဟု ရှုလော့ ဤသို့ ရှုမြင်ကြသူတို့သည် ကောင်းစွာရှုမြင်သူတို့ပဲဟု ဘုရားရှင် မိန့်တော်မူခြင်း ၁၆၁

၂၄၉။ ကောင်းစွာရှုမြင်ခြင်း'သမ္မာဒဿန'သည် ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ် အကျိုးရှိပုံ၊ နိဗ္ဗိဒါသည် မတပ်မက်ခြင်း ဝိရာဂမဂ်အကျိုးရှိပုံ ဝိရာဂမဂ်သည် ကိလေသာမှ လွတ်ခြင်း ဝိမုတ္တိအကျိုးရှိပုံ၊ ဝိမုတ္တိသည် ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်း အနုပါဒါနိဗ္ဗာန်အကျိုးရှိပုံ အရှင်ရာဓက ဆက်မေးသဖြင့် ဘုရားရှင် ဖြေတော်မူပုံ ၁၆၃

၂၅၀။ "အရှင်ရာဓက နိဗ္ဗာန်သည် အဘယ်အကျိုးရှိပါသနည်း"ဟု ဆက်မေးပြန်ရာ၊ ရာဓ "သင့်ပြဿနာ လွန်သွားပြီ၊ ပြဿနာမဆုံးနိုင် အဆုံးကို ယူခြင်းငှါ မစွမ်းနိုင်၊ အနုပါဒါနိဗ္ဗာန်၌ အတွင်းဝင်သော အနုပါဒါနိဗ္ဗာန်လျှင် လည်း လျှောင်းရာရှိသော အနုပါဒါနိဗ္ဗာန် အဆုံးရှိသော မဂ်ဟူသော အကျင့်မြတ်ကို ကျင့်သုံးအပ်၏"ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၆၄

၂၅၁။ အစ္ဆယာသိ-နိဗ္ဗာနေဂဓံ-တိဋ္ဌဉ္ဆ-ဠီ- ဗျာကရဏ်းအရ မှတ်သားဖွယ်ရာ အဆုံးအဖြတ် ၁၆၄

၂-သတ္တသုတ်

၂၅၂။ "သတ္တဝါသတ္တဝါဟု ဆိုအပ်ပါ၏၊ အဘယ်မျှလောက်ဖြင့် သတ္တဝါဟု ဆိုအပ်ပါသနည်းဟူ"သော အရှင်ရာဓ၏ အမေးကို ရုပ်စသည်တို့၌ လိုချင်မှု ဆန္ဒ တပ်မက်မှု ရာဂ နှစ်သက်မှု နန္ဒီ မှတ်သိပ်မှု တဏှာရှိရာ လိုချင်မှု ဆန္ဒ စသည်ဖြင့် ထိုထိုရုပ်စသည်တို့၌ ကပ်ငြိတတ် အထူးသဖြင့် ကပ်ငြိတတ်သောကြောင့် သတ္တဝါဟု ခေါ် ဆိုအပ်ပုံကို ဘုရားရှင် ဖြေဆိုတော်မူခြင်း.... ၁၆၄

၂၅၃။ မြေမှုန့်အိမ်ငယ်တို့ဖြင့် ကစားကြသော သတ္တိသားသမီးငယ်တို့သည် မကင်းသော တပ်မက်မှု လိုချင်မှု ချစ်ခင်မှု ရှိသော်သာလျှင် ထိုမြေမှုန့်အိမ်ငယ်

တို့ကို ကပ်ငြိစွဲလမ်းကြ၍ တပ်မက်မှု လိုချင်မှုစသည် ကင်းသောအခါ၌ ကား ထိုမြမှုန့်အိမ်ငယ်တို့ကို လက်ခြေတို့ပြင့် ဖြန့်ကြဲမှုတ်လွှင့်သကဲ့သို့ ရာဂ-သင်တို့သည်ရုပ်စသည်ကိုဖြန့်ကြဲမှုတ်လွှင့် ဖျက်ဆီးကြ၊ တရားကုန်ခြင်း အကျိုးငှါ ကျင့်ကြ တရားကုန်ရာသည် နိဗ္ဗာန်ပင်တည်းဟု ဘုရားရှင် ဟောတော်မူခြင်း.... .... ၁၆၅

၃-ဘဝနေတတ်သုတ်

၂၅၃။ "အရှင်ရာဓ က "ဘဝနေတတ် နိရောဓ ဘဝနေတတ် နိရောဓ" ဟု ဆိုအပ်ပါ၏၊ ဘဝနေတတ်နိရောဟူသည် အဘယ်ပါနည်း"ဟူသော အမေးကို ရှင်ဘုရား ခန္ဓာတို့၌ လိုချင်မှု တပ်မက်မှု နှစ်သက်ဆာလောင်မှုစသည်သည် သတ္တဝါတို့ကို ဘဝသို့ဆောင်သော ဘဝနေတတ်ဖွယ်စသော ခန္ဓာတို့၌ လိုချင်မှုစသည်တို့၏ ချုပ်ခြင်း ချုပ်ရာသည် သတ္တဝါတို့ကို ဘဝသို့ ဆောင်သောတရား၏ ချုပ်ရာ ဘဝနေတတ်နိရောဓဟု ဘုရားရှင် ဟောတော်မူခြင်း ၁၆၆

၄-ပရိညေယျသုတ်

၂၅၄။ ဘဝ-စာပိုဒ် ပရိညေယျသုတ်နှင့် တူ၏ ....
၅-၆-၇-၈-၉-၁၀-သမဏသုတ် စသော ၆-သုတ် ၁၆၄-၁၆၉ (၌ ၆-သုတ် သည် စာပိုဒ် ၁၀၇၊ ၁၁၂-သုတ်များနှင့် တူ၏) ၁၆၆

၂-ဒုတိယဝဂ်

၁-မာရသုတ်

၂-မာရဓမ္မသုတ်

၂၅၅။ ပဌမဝဂ် မာရသုတ်နှင့်တူ၏
၅-၆-၇-၈-၉-၁၀-၁၁-၁၂-ဒုက္ခစသော ရှစ်သုတ် မထူးပြီ ၁၆၇

၃-အာယာစနဝဂ်

၁-၁၂-မာရာဒိသုတ္တဒ္ဒါဒသက

၂၅၆။ နိဗ္ဗာန်ဆောက်ကြောင်း တရားကို အကျဉ်းချုပ်ဟောရန် လျှောက်ထားသော အရှင်ဆုဓကို သေခြင်း မာရဓမည်သော ရုပ်စသည်၌ လိုချင်မှုဆန္ဒ တပ်မက်မှုရာဂကို ပယ်စွန့်ရန် ဘုရားရှင် ဟောတော်မူခြင်း ....

ဦးရေ ဟာကြောင်းအရာ မျက်နှာအမှတ်

၂၅၇။ မာရမ္မေ သေကြပျက်စီးခြင်းသဘော၊ အနိစ္စ မမြဲခြင်းသဘော၊ အနိစ္စမမြဲခြင်းသဘော ရှိသော၊ ဒုက္ခ ဆင်းရဲခြင်း၊ ဒုက္ခမမြဲ ဆင်းရဲခြင်းသဘော ရှိသော၊ အနတ္တာ အတ္တမဟုတ်သော၊ အနတ္တမမြဲ အတ္တမဟုတ်သော သဘော၊ ခယဓမ္မ ကုန်ခန်းခြင်း သဘော ရှိသော၊ ဝယဓမ္မ ပျက်စီးခြင်း သဘောရှိသော၊ သမုဒယဓမ္မ ဖြစ်ခြင်းသဘောရှိသော၊ နိရောဓဓမ္မ ချုပ်ခြင်းသဘောရှိသော ရုပ်စသည်၌ လိုချင်တပ်မက်မှု ဆန္ဒ ရာဂကို ပယ်ရန် ဟောသည်သော ထူး၏ ၁၆၈

၃-ဒိဋ္ဌိသံယုတ်

၁-သောတာပတ္တိဝဂ်

၁-ဝါတသုတ်

၂၅၈။ "အဘယ်တရားသည် ရှိခဲ့သော် အဘယ်တရားကို အကြောင်းပြုလျက် မှား သောအားဖြင့် နှလုံးသွင်း၍ "လေအစစ်တို့မတိုက်၊ မြစ်အစစ်တို့မစီး၊ ကိုယ်ဝန်ဆောင်မိန်းမအစစ်တို့ သားမဖွား၊ လနေစစ်တို့ မထွက် မဝင်၊ တံခါးတိုင်တည်သကဲ့သို့ ခိုင်မြဲစွာတည်ကုန်၏"ဟူသော ဒိဋ္ဌိအယူသည်ဖြစ် သနည်း"ဟူသော အမေးကိုမေး၍ "ရုပ်ဝေဒနာ စသည်ရှိခဲ့သော် ရုပ်ဝေဒနာစသည်ကို အကြောင်းပြု၍ ဤမှားသော ဒိဋ္ဌဒိဋ္ဌိအယူဖြစ်၏"ဟု ဟောတော်မူခြင်း။ မမြဲ ဆင်းရဲဖောက်ပြန်ခြင်း သဘောရှိသော ရုပ် စသည်ကို မစဲလမ်းလျှင် ဤလေစသော ခြောက်ဌာနတို့၌ မှားသောအယူ မဖြစ်နိုင်ပုံ၊ ဒုက္ခစသော သစ္စာလေးပါး၌ ယုံမှားမှုကို ပယ်အပ်ပြီးသူကို အပါယ်မကျသော မဂ္ဂနိယာမအားဖြင့် မြဲသောအထက်မဂ် ၃-ပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု ဆိုအပ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၇၀-၁

၂၅၉။ သေကဋ္ဌာယိဒိဋ္ဌိတာ-၌ မှတ်သားဖွယ်ရာ ၁၇၀

၂-တေမမသုတ်

၂၆၀။ ရုပ်စသည်ကိုစွဲ၍ "ဤရုပ်စသည်သည် ငါ၏ဥစ္စာ ငါ၏အတ္တ"ဟု မှားသော ဒိဋ္ဌိအယူဖြစ်ပုံ မမြဲဆင်းရဲဖောက်ပြန်သော ရုပ်စသည်ကို မစဲလမ်းလျှင် ဤဒိဋ္ဌိအယူမဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၇၁

၃-သောအတ္တာသုတ်

၂၆၁။ ဒိဋ္ဌိဝဂ် စာပိုဒ် ၁၅၂ သောအတ္တာသုတ် ၄ နှော စ မေသိယာသုတ် ဒိဋ္ဌိဝဂ် စာပိုဒ်-၁၅၃ နှော စ မေသိယာသုတ်တို့၌ ရေးခဲ့ပြီ၊ ရုပ် စသည်ကိုစွဲ၍

ဒုရ အကြောင်းအရာ မျက်နှာအမှတ်

သောအတ္တာ စသော ဒိဋ္ဌိ နောစသံ်စသော ဒိဋ္ဌိတို့ ဖြစ်ပေါ်ပုံကို ဟောသည်သာထူး၏ ....

၅-နတ္ထိဒိန္နသုတ်

၂၆၂။ "အလှူ၏ အကျိုးမရှိ၊ အလှူကြီးငယ်မျိုး၏ အကျိုးမရှိ၊ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးဖျား အကျိုးအရင်းမရှိ၊ ဤမျက်မှောက်လောကမရှိ၊ တပါးသော လောကမရှိ၊ အမိအဖ၌ အကောင်းအဆိုးပြုကျိုးမရှိ၊ စုတေပြီး ပဋိသန္ဓေနေမည့်သူမရှိ၊ ပစ္စုပ္ပန်လောက တမလွန်လောကကို ထူးသော ပညာဖြင့် ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍သိကုန်—ဟောပြန်ိုင်ကုန်သော ညီညွတ်ခြင်းသို့ရောက်ကုန်သော ကောင်းစွာ ကျင့်ကုန်သော (သမဏ ဗြာဟ္မဏ) ရဟန်းပုဏ္ဏားတို့ လောက၌မရှိကုန်ဟု စွဲယူသော မှားသော ဒိဋ္ဌိ ၁၇၂

၂၆၃။ မဟာဘုတ် ၄-ပါးဖြင့်ပြီးသော ဤသတ္တဝါသည် (သေ၍) အတ္တဘောကို ပစ်ချသောအခါ အဇ္ဈတ္တပထဝီ အာပေါ တေဇော ဝါယောဓာတ်သည် ဗဟိဒ္ဓပထဝီ အာပေါ တေဇော ဝါယော ဓာတ်တို့အစဉ်လိုက် ကပ်၏ ဟူသော မှားသောအယူဒိဋ္ဌိ ၁၇၃

၂၆၄။ မနိန္ဒြေလျှင် ခြောက်ခုမြောက်ရှိကုန်သော ဤန္ဒြေတို့သည် ကောင်းကင်သို့ ပြောင်းလွှဲပြေးဝင်ကုန်၏၊ သေရာညောင်စောင်းလျှင် ငါးခုမြောက်ရှိကုန်သော သတ္တဝါတို့သည် သေသူကို သုသာန်သင်းချိုင်း တိုင်အောင် ယူ၍သွားကြ၏၊ ကောင်းမကောင်း ဂုဏ်အစုံတို့သာထင်ကုန်၏၊ အရိုးတို့သည် ခိုတောင်အဆင်းရှိကြကုန်၏၊ လက်ဆောင်ပေးလှူ၊ ပူဇော်ခြင်းတို့သည် ပြာလျှင်အဆုံးရှိကြတယ်၊ အလှူပေးခြင်းဒါနဟူသည် လူမိုက်တို့ ပညတ်သော အရာသာတည်း၊ တမလွန်လောကရှိ၏ဟု ပြောဆိုကြသော ရဟန်းပုဏ္ဏားတို့၏စကားသည် အချည်းနှီး အမှားယောင်ယမ်းပြောဆိုခြင်းသာတည်း၊ သူမိုက်နှင့်ပညာရှိတို့သည် ကိုယ်ခန္ဓာပျက်သည်မှ ပြတ်ကုန်ပျက်စီးကုန်၏၊ အထက်၌ ဘာမှမဖြစ်ဟုယူသော မှားသောအယူဒိဋ္ဌိ၊ ဤမှားသော ဒိဋ္ဌိအားလုံးသည် ရုပ်စသည်ကိုစွဲ၍ ဖြစ်ပေါ်လာ၍ မမြဲဆင်းရဲဖောက်ပြန်သော ရုပ်စသည်ကို မစွဲလမ်းလျှင် ဒိဋ္ဌိမဖြစ်ပုံကို ဘုရား ရှင် ဟောတော်မူခြင်း ၁၇၃

၂၆၅။ နတ္ထိဒိန္နံယိဋ္ဌံ စာတုမဟာဘူတိကော ပထဝီ ပထဝီကာယ-စသည်တို့၌ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များ.... .... ၁၇၃

၂၆၆။ ပဒါနိ-ဒတ္တုပညတ်-အတ္ထိကဝါဒ-တို့၌ မှတ်သားဖွယ်ရာများ.... ... ၁၇၃

ဦးရေ အကြောင်းအရာ မျက်နှာစာမှတ်

၆-ကရောတောသုတ်

၂၆၇။ သတ်ဖြတ်ညှဉ်းဆဲ ခိုးဝှက်တိုက်ယူ လုယက်ဖျက်ဆီး သူ့သားအိမ်ရာ ကျူးလွန်မှုစသည်ကို ကိုယ်တိုင်ပြု သူဟုပါးကို တိုက်တွန်းပြုစေသော်လည်း မကောင်းမှုကို ပြုအပ်သည်မမည်၊ မြေပြင်ရှိ သတ္တဝါအားလုံးကို သင်္ခန်းသွားတပ်သောစက်ဖြင့် သတ်ဖြတ်၍ အသားပုံ အသားစု ပြုသော်ငြားလည်း မကောင်းမှုမရှိ၊ သတ်ဖြတ်ညှဉ်းပန်းသော သူ တိုက်တွန်းသူသည် ဂင်္ဂါမြစ် တောင်ဘက်ကမ်းသို့ အကယ်၍ သွားငြားအံ့ မကောင်းမှုမရှိ၊ မဖြစ်ပေါ်လာ၊ ပေးလှူသူ လှူစေသောသူသည် ဂင်္ဂါမြစ် မြောက်ဘက်ကမ်းသို့ အကယ်၍ သွားငြားအံ့ ကောင်းမှုမရှိ မဖြစ်ပေါ်လာ၊ လှူမှုဒါန၊ ဤနှစ်ခုကို ဆုံးမမှု ဓမ္မ၊ သီလစောင့်မှု သံယမ၊ မှုန်ကန်စွာပြောဆိုမှု သစ္စာကြောင့် ကောင်းမှုမရှိဟု ယူသော မှားသောဒိဋ္ဌိသည် ရုပ်စသည်ကိုစွဲ၍ ဖြစ်ပေါ်၏ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၇၄-၅

၂၆၈။ ပါဏာမတိပါတာယတော ဂင်္ဂါယ ဒက္ခိဏံ တီရံ-တို့၌ မှတ်သားဖွယ်ရာ အဆုံးအဖြတ် ၁၇၅

၇-ဟေတုသုတ်

၂၆၉။ သတ္တဝါတို့ ညစ်ညူးခြင်း ဖြူစင်ခြင်းငှါ အကြောင်းမရှိ အထောက်အပံ့မရှိ အကြောင်းအထောက်အပံ့မရှိပဲ၊ သတ္တဝါတို့ ညစ်ညူးကြ ဖြူစင်ကြ၏၊ နိဗ္ဗာန်တိုင်အောင် ဆောင်နိုင်သော အားစွမ်းဗလ ရဲရင့်မှု ဝီရိယ ယောကျ်ားတို့အစွမ်း ပုရိသထာမ မရှိ၊ အားလုံးသော ကပ်ငြိတတ်သော သတ္တဝါ၊ ဖြစ်တတ်သော ဘူတ၊ ရှုံ့ရှိုက်တတ်သော ပါဏ၊ အသက်ရှင်သလို ကြီးပွါးသောသစ်ပင် ဇီဝတို့သည် မိမိတို့ အစွမ်းမရှိကြကုန်ပဲ၊ အားမရှိကြကုန်ပဲ၊ ရဲရင့်မှုမရှိကြကုန်ပဲ၊ မြဲခြင်း ကပ်ဆောက်ပေါင်းဆုံခြင်း ပင်ကိုယ်သဘောတို့ဖြင့် ပြောင်းလဲကုန်၍ ခြောက်မျိုးသော မည်း, ညို, နီ, ဝါ, ဖြူ, အလွန်ဖြူ ဟူသော အဘိဇာတိတို့၌ ချမ်းသာဆင်းရဲကို ခံစားကြရကုန်၏ ဟု ယူသော ဒိဋ္ဌိအယူသည် ရုပ်စသည်ကိုစွဲ၍ ဖြစ်ပေါ်လာပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၇၆

၂၇၀။ နတ္ထိဗလံ သတ္တာ၊ ပါဏာ၊ ဘူတာ၊ ဇီဝါ၊ နိယတိ သင်္ဂတိ ဘာဝ ပရိဏာမတာ-တို့၌ သိမှတ်ဖွယ်ရာများ ၁၇၆

၂၇၁။ "အဘယ်တရားသည်ရှိခဲ့သော် အဘယ်တရားကိုအကြောင်းပြုလျက် မှားသောအားဖြင့် နှလုံးသွင်း၍ ဒိဋ္ဌိဖြစ်ပေါ်လာသနည်း" ဟု မြတ်စွာဘုရားက မေးတော်မူသည်ကို ရဟန်းတို့က ဘုရားရှင်အား ရှင်းပြရန် လျှောက်ထားသဖြင့် ရုပ်စသည်ကိုစွဲ၍ ဒိဋ္ဌိဖြစ်ပေါ်၏ဟု ဟောတော်မူခြင်း ၁၇၆

၂၇၂။ ၉-သဿတဒိဋ္ဌသုတ်၊ ၁၀-အသဿတဒိဋ္ဌသုတ်၊ ၁၁-အန္တဝါသုတ်၊ ၁၂-အနန္တဝါသုတ်၊ ၁၃-တံဇိဝံတံသရိရံသုတ်၊ ၁၄-အညံဇိဝံ အညံသရိရံသုတ်၊ ၁၅-ဟောတိတထာဂတောသုတ်၊ ၁၆-နဟောတိတထာဂတောသုတ်၊ ၁၇-ဟောတိစ နစဟောတိတထာဂတောသုတ်၊ ၁၈-နေဝဟောတိ နနုဟောတိတထာဂတောသုတ်၊ လောကသည်မြဲ၏ဟု ယူသော သဿတဒိဋ္ဌိ၊ လောကသည် မမြဲ ဟု ယူသော အသဿတဒိဋ္ဌိ၊ အဆုံးရှိ၏ ဟု ယူသော အန္တဝါဒိဋ္ဌိ၊ အဆုံးမရှိ ဟု ယူသော အနန္တဝါဒိဋ္ဌိ၊ အသက်သည် ထိုကိုယ် ကိုယ်သည် ထိုအသက် ဟု ယူသော ဒိဋ္ဌိ၊ အသက်သည် ကိုယ်မှတခြား ကိုယ်သည် အသက်မှတပါး အခြားတည်း ဟု ယူသော ဒိဋ္ဌိ၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ရှိ၏ ဟူသော ဒိဋ္ဌိ၊ မဖြစ်ဟူသောဒိဋ္ဌိ၊ သေသည်မှ ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ် ဟု ယူသော ဒိဋ္ဌိ၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ဟု ယူသော ဒိဋ္ဌိသည် ရုပ် ဝေဒနာ စသည်ရှိသော်သာ ရုပ် ဝေဒနာ စသည်ကို စွဲ၍ ဖြစ်ပေါ်ပုံ၊ မမြဲသော ရုပ် စသည်ကိုသိ၍ မစွဲလမ်းလျှင် ထို ဒိဋ္ဌိမျိုး မဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၇၈-၁၈၀

၂–ဒုတိယကမနဝဂ်

၁–ဝါတသုတ် စသည်

၂၇၃။ ဤသုတ်မှစ၍ ၁၇-သုတ်တို့သည် သောတာပတ္တိဝင်သုတ်မျှားနှင့် တူကြ၏၊ ရုပ် စသည်ကို မစွဲလမ်းမူ၍ ဒိဋ္ဌိမဖြစ်ပုံ၊ ဆင်းရဲဒုက္ခရှိသော်သာ ဆင်းရဲဒုက္ခကိုစွဲ၍ ဒုက္ခကိုနှလုံးသွင်း ဒိဋ္ဌိဖြစ်ပုံကို ဘုရားရှင် ဟောတော်မူသည်သာ ထူး၏ ၁၈၀

၁၉-ရူပီအတ္တာသုတ်

၂၇၄။ "အတ္တသည် ကသိုဏ်းရုပ်အာရုံတည်း၊ သေသည်မှနောက်၌ နာကျင် ပျက်စီးမှုမရှိ" ဟု ယူသော ဒိဋ္ဌိအယူသည် ရုပ်ဝေဒနာစသည်ကို စွဲ၍ဖြစ်ပုံ၊ မမြဲသော ရုပ်စသည်ကို မစွဲလမ်းမူ၍ ထိုဒိဋ္ဌိမဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၈၁

၂၇၅။ ရူပီ၌ ဌ-ဋ္ဌိ-ဗျာကရဏ်းတို့ဖြင့် ဆုံးဖြတ်ထားခြင်း ၁၈၁

၂၀-အရူပီအတ္တာသုတ်

၂၇၆။ "အတ္တသည် အရူပစ္ဈာန်သမာပတ်၏ အာရုံတည်း၊ သေသည်မှ နောက်၌ နာကျင်ပျက်စီးခြင်း မရှိ" ဟု ယူသော ဒိဋ္ဌိရုပ်စသည်ကို စွဲ၍ ဖြစ်ပုံ၊ မမြဲသော ရုပ်စသည်ကို မစွဲလမ်းပဲ ထိုဒိဋ္ဌိ မဖြစ်ပုံကို ဟောတော်မူခြင်းနှင့် အရူပီ၌ မှတ်သားဖွယ်အဆုံးအဖြတ် ၁၈၂

ဦးရေ အကြောင်းအထု မျက်နှာအမှတ်

(က) ၂၁-ရူပီ ဓ အရူပီ ဓ အတ္တာသုတ်

(ခ) ၂၂-နေဝရူပီ နာရူပီအတ္တာသုတ်

၂၇၈။ (က) အတ္တာသည် ကသိုဏ်း ရူပ်အာရုံလည်းဟုတ်၏ အရူပစျာန် သမာပတ်၏ အာရုံလည်းဟုတ်၏ သေသည်မှ နောက်၌ နာကျင်ပျက်စီးခြင်း မရှိ ဟု ယူသောဒိဋ္ဌိ ၁၈၂

(ခ) အတ္တာသည် ကသိုဏ်း ရူပ် အာရုံလည်းမဟုတ် အရူပစျာန် သမာပတ်၏ အာရုံလည်းမဟုတ် သေသည်မှ နောက်၌ နာကျင်ပျက်စီးခြင်း မရှိဟု ယူသော ဒိဋ္ဌိ ဤဒိဋ္ဌိများ ရူပ်စသည်ရှိသော်သာ ရူပ်စသည်ကို စွဲ၍ ဖြစ်ပုံ ရူပ်စသည်ကို မစွဲလမ်းမူ၍ မဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၈၂

၂၃-ကေန္တသုခဲသုတ် (က)

၂၄-ကေန္တဒုက္ခီသုတ် (ခ)

၂၅-သုခဒုက္ခဲသုတ် (ဂ)

၂၆-အဒုက္ခမသုခီသုတ် (ဃ)

၂၇။ (က) အတ္တာသည် စင်စစ်ချမ်းသာ ရှိ၏ဟု ယူသော ဒိဋ္ဌိ (ခ) စင်စစ်ဆင်းရဲရှိ၏ဟု ယူသော ဒိဋ္ဌိ (ဂ) ချမ်းသာဆင်းရဲရှိ၏ဟု ယူသော ဒိဋ္ဌိ (ဃ) အတ္တာသည် ဆင်းရဲချမ်းသာ မရှိ ဟု ယူသော ဒိဋ္ဌိ ဤဒိဋ္ဌိများသည် ရူပ်စသည်ကို စွဲ၍ဖြစ်ပုံ မမြဲဆင်းရဲ ဖောက်ပြန်သော ရူပ်စသည်ကို မစွဲလမ်းပဲ မဖြစ်ပုံကို ဆင်းရဲကိုခွဲ၍ ဒိဋ္ဌိဖြစ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၈၃

၃-တတိယဂမနဝဂ်

၄-စတုတ္ထဂမနဝဂ်

၂၉။ တတိယဂမနဝဂ် ဒုတိယဂမနဝဂ်နှင့်အတူ များ၏၊ကျွတိ ခေါ ဘိက္ခဝေ ယဒနိစ္စံ-စသော နိဂုံးမျှသာထူး၏၊ ရဟန်းတို့ မမြဲသော အနိစ္စသည် ဆင်းရဲသော ဒုက္ခ ဖြစ်၏၊ ဆင်းရဲသော ဒုက္ခရှိသော်သာ ထိုဆင်းရဲဒုက္ခကို အကြောင်းပြု၍ နာ ဝါတာ ဝါယန္တီ-စသော ဒိဋ္ဌိအယူများ ဖြစ်ပေါ်ပုံကို ဟောတော်မူ၍ စတုတ္ထဂမနဝဂ်၌ ရူပ်ဝေဒနာစသည်ကိုစွဲ၍ ဒိဋ္ဌိဖြစ်ပုံကိုဟော၍ ရူပ်သည် မြဲသလော မမြဲသလော စသည်ဖြင့် အနတ္တလက္ခဏသုတ်အတူ ဆက်လက်ဟောတော်မူသည်သာ ထူး၏ ၁၈၄-၅

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၄-သြကန္တသံယုတ်

၁-စက္ခုသုတ်

၂၈၀။ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန (မျက်စေ့ နား နှာခေါင်း လျှာ ကိုယ် စိတ်)သည် မမြဲ ဖောက်ပြန်ခြင်း ရှိ၏၊ တပါးသော အခြင်းအရာ အားဖြင့် ဖြစ်ခြင်း ရှိ၏ဟု ဤသဘောတရားတို့ကို ယုံကြည်သက်ဝင်သော သူကို မဖောက်ပြန်သော သဘောရှိသော သမ္မတ္တနိယာမသို့ သက်ဝင်သော သူတော်ကောင်းဘုံအဆင့်သို့ သက်ဝင်သော ပုထုဇဉ်ဘုံအဆင့်ကို လွန်ပြီးသော ငရဲ တိရစ္ဆာန် ပြိတ္တာဘုံ၌ဖြစ်သောကံကို မပြုထိုက်သော သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုပဲ မသေသောသဒ္ဓါဖြင့် အစဉ်အောက်မေ့သူ သဒ္ဓါနုသာရီ သောတာပတ္တိ မဂ္ဂဋ္ဌာန်ဟု ဆိုအပ်၍ ဤစက္ခုစသည်တို့ကို ဤသို့ပညာဖြင့် အတိုင်းအရှည်အားဖြင့် သစ္စာဘိသမယအားဖြင့် ကြည့်ရှုသိမြင်ခြင်းငှါ စွမ်းနိုင်သူကို သမ္မတ္တနိယာမသို့ သက်ဝင်သော သူတော်ကောင်း ဘုံအဆင့်သို့သက်ဝင်သော ပုထုဇဉ်ဘုံအဆင့်ကို လွန်သော အပါယ်ရောက်စေမည့် ကံကို မပြုသော သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုပဲ မသေသော ပညာဖြင့် အစဉ်အောက်မေ့သူ ဓမ္မာနုသာရီ သောတာပတ္တိမဂ္ဂဋ္ဌာန် ဟု ဆိုအပ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၁၈၆

၂၈၁။ စက္ခုစသည်ကိုမမြဲ ဖောက်ပြန်ခြင်းရှိ၏ တပါးသောအခြင်းအရာအားဖြင့် ဖြစ်၏ ဟု ဤသဘောတရားတို့ကို သိသူမြင်သူကို အလိုအာသာကင်း၍ ကျေခြင်းသဘောမရှိသော အပါယ်မကျသော မဂ္ဂနိယာမအားဖြင့် မြဲသော ကောင်းစွာသိကြောင်း အထက်မဂ် ၃-ပါးလျှင် လည်းလျော်းရှိသော သောတာပန်ပုဂ္ဂိုလ် ဟု ဆိုအပ်၏ ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၈၇

၂၈၂။ ၁။ ရူပသုတ် ရူပါရုံစသောအာရုံ (ခြောက်) ပါး
၃။ ဝိညာဏသုတ်-စက္ခုဝိညာဏ်စသော ဝိညာဉ် (ခြောက်) ပါး
၄။ သမ္ဖဿသုတ်-စက္ခုသမ္ဖဿစသော (ခြောက်) ပါး
၅။ သမ္ဖဿဇာသုတ်-စက္ခုသမ္ဖဿဇာစသော (ခြောက်) ပါး
၆။ ရူပသညာသုတ်-ရူပသညာစသော (ခြောက်) ပါး
၇။ ရူပသဉ္စေတနာသုတ်-ရူပသဉ္စေတနာစသော (ခြောက်) ပါး
၈။ ရူပတဏှာသုတ်-ရူပတဏှာစသော (ခြောက်)ပါး
၉။ ပထဝီဓာတုသုတ်-ပထဝီ အာပေါ တေဇော ဝါယော အာကာသဓာတ် ဝိညာဏဓာတ်
၁၀။ ခန္ဓသုတ်-ရုပ်ဝေဒနာစသောခန္ဓာ ၅-ပါး

အထက်ပါတရားတို့ကို မမြဲ ဖောက်ပြန် တပါးသောအခြင်းအရာအားဖြင့် ဖြစ်ပုံကို သဒ္ဓါဖြင့် သက်ဝင်ယုံကြည်သူ သဒ္ဓါနုသာရီ (၁) ပညာဖြင့်

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

သိမြင်သူ ဓမ္မာနုသာရီ (၂) မဂ္ဂင်္ဂဝန် ၂-ယောက်နှင့် သောတာပန်
သောတာပတ္တိဖလင်္ဂဝန်ပုဂ္ဂိုလ် (၃)တို့ကို ဟောသည်သာထူး၏။ ဒုါရ
အာရုံ ဝိညာဏ် ဖဿသညာစေတနာ တဏှာဓာတ် ခန္ဓာတို့တွင် တခုခုကို
ရှုမှတ်၍ သောတာပန်ဖြစ်နိုင်ကြောင်း သက်သေသာဓကတို့ဖြစ်၏၊ မရှု
ကောင်းသော သစ်တတရားမရှိပေ ၁၈၇-ဂ

၅-ဥပ္ပါဒသံယုတ်

၁-စက္ခုသုတ်

၂၀၃။ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန-တို့၏ဖြစ်ခြင်း တည်ခြင်း ရှိုးရှ
ဖြစ်ခြင်း ထင်ရှားဖြစ်ခြင်းသည် ဆင်းရဲဒုက္ခ၏ဖြစ်ခြင်း အနာရောဂါတို့၏
တည်ခြင်း အိုခြင်း သေခြင်း၏ ထင်ရှားဖြစ်ခြင်းတည်း၊ စက္ခုစသည်၏
ချုပ်ခြင်း ငြိမ်းခြင်း ကွယ်ခြင်းသို့ ရောက်ခြင်းသည် ဆင်းရဲဒုက္ခ၏ ချုပ်
ခြင်း အနာရောဂါတို့၏ ငြိမ်းခြင်း အိုခြင်း သေခြင်း၏ ကွယ်ခြင်းသို့
ရောက်ခြင်းတည်း ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၉၀

၂၀၄။ ၂။ ရူပသုတ် အာရုံ (ခြောက်)ပါး
၃။ ဝိညာဏသုတ် ဝိညာဏ် (ခြောက်)ပါး
၄။ သမ္ဖဿသုတ် သမ္ဖဿ (ခြောက်)ပါး
၅။ သမ္ဖဿဇာသုတ် ဝေဒနာ (ခြောက်)ပါး
၆။ သညာသုတ် သညာ (ခြောက်)ပါး
၇။ သဉ္စေတနာသုတ် စေတနာ (ခြောက်)ပါး
၈။ တဏှာသုတ် တဏှာ (ခြောက်)ပါး
၉။ ဓာတုသုတ် ဓာတ် (ခြောက်)ပါး
၁၀။ ခန္ဓသုတ် ခန္ဓာ (၅)ပါး

ဤတရားအားလုံး၏ ဖြစ်ခြင်း တည်ခြင်း ရှေ့ရှုဖြစ်ခြင်း ထင်ရှားဖြစ်ခြင်း
သည် ဆင်းရဲဒုက္ခ၏ဖြစ်ခြင်း အနာရောဂါတို့၏ တည်ခြင်း အို သေ ဇရာ
မရဏ၏ ထင်ရှားဖြစ်ခြင်းတည်း၊ အထက်ပါ (အာရုံခြောက်ပါး၀သော)
တရားတို့၏ ချုပ်ခြင်း ငြိမ်းခြင်း ကွယ်ခြင်းသို့ ရောက်ခြင်းသည် ဆင်းရဲ
ဒုက္ခ၏ချုပ်ခြင်း အနာရောဂါတို့၏ ငြိမ်းခြင်း အို သေ ဇရာ မရဏ၏ ကွယ်
လွန်ခြင်းသို့ ရောက်ခြင်းတည်း ဟု ဘုရားရှင် ဟောတော်မူပုံ ၁၉၀-၁၉၁

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၆-ကိလေသသံယုတ်

၂၀၅။ ၃၂၂-စက္ခုပသာဒစသည်၌ လိုချင်တပ်မက်မှုသည် ကာမ ရူပ အရူပ လော-
ကုတ္တရာဟူသော စတုဘူမက စိတ်ကို ကပ်၍ ညစ်နွမ်းပူပန်နှိပ်စက်တားမြစ်
တတ်သော ဥပက္ကိလေသဖြစ်၍ ယင်းဥပက္ကိလေသကို ပယ်ပြီးသော ရဟန်း
၏ သမထဝိပဿနာစိတ်သံသည် ကိလေသာမှ ထွက်မြောက်သော မင်္ဂဖိုလ်
နိဗ္ဗာန်သို့ညွတ်သည်၊ မင်္ဂဖိုလ်နိဗ္ဗာန်ဖြင့် ထုံအပ်ယှဉ်၊ ရှေးရှုသို၍ မျက်
မှောက်ပြုအပ်ကုန်သော (အဘိညာဉ်-ခြောက်ပါး) တရားတို့၌ အမှုဋ္ဌ
ကောင်းသည်ဟူ၍ ထင်၏ ဟု ဘုရားရှင် ဟောတော်မူခြင်း ၁၉၂

၂၀၆။ စိတ္တဿသော ဥပက္ကိလေသော နေက္ခမ္မနိန္နံ အဘိညာသစ္ဆိကရဏိယေသု
ဓမ္မေသု-တို့၌ သိမှတ်ဖွယ် အဆုံးအဖြတ် ၁၉၂

၃၀၇။ ၂-ရူပသုတ်၊ ၃-ဝိညာဏသုတ်၊ ၄-သမ္မဿသုတ်၊ ၅-သမ္မဿဇာသုတ်၊ ၆-သညာ-
သုတ်၊ ၇-သဉ္စေတနာသုတ်၊ ၈-တဏှာသုတ်၊ ၉-ဓာတုသုတ်၊ ၁၀-ခန္ဓသုတ်၊
အာရုံဝိညာဏ်၊ ဖဿ ဝေဒနာ သညာ သဉ္စေတနာ တဏှာဓာတ် ခန္ဓာ
ငါးပါး ဤတရားတို့၌ လိုချင်တပ်မက်မှု ဆန္ဒရာဂသည်ဖြစ်သော စိတ်၏ညစ်နွမ်း
ကြောင်း ဥပက္ကိလေသဖြစ်၍ ထိုဥပက္ကိလေသကိုပယ်ပြီးသော ရဟန်း၏
စိတ်သည် ကိလေသာမှ လွတ်သောမင်္ဂဖိုလ်နိဗ္ဗာန်သို့ ညွတ်သည်၊ မင်္ဂဖိုလ်
နိဗ္ဗာန်ဖြင့် ထုံအပ်သည် ရှေ့ရှုသို၍ မျက်မှောက်ပြုအပ်သော (အဘိညာဉ်
ခြောက်ပါး) တရားတို့၌ အမှုဋ္ဌ ကောင်းသည်ဟူ၍ ထင်၏ ဟု ဘုရားရှင်
ဟောတော်မူခြင်းသာ ၁၉၃

၇-သာရိပုတ္တသံယုတ်

၁-ဝိဝေကဇသုတ်

၂၀၈။ အရှင်သာရိပုတြာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ်
နံနက်ဆွမ်းခံလှည့်လည် ဆွမ်းစားပြီး နေ့သန့်ရန်အလို့ငှါ အန္ဓဝေါ တခု
သောသစ်ပင်ရင်း၌ နေ့အခါနေတော်မူ၍ ညနေချမ်းအခါ တပါးတည်း
ကိန်းအောင်းနေရာမှ ထတော်မူ၍ ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်
မူရာ အရှင်အာနန္ဒာက "ငါ့ရှင်သာရိပုတြာ သင်၏ကွန္ဒြေတို့ အထူးသဖြင့်
ကြည်လင်ကုန်၏၊ မျက်နှာအဆင်းစင်ကြယ်၏၊ ဖြူစင်၏၊ အရှင်သာရိပုတြာ
သည် ယနေ့အဘယ်သို့သော နေခြင်းဖြင့် နေတော်မူပါသနည်း" ဟု
လျှောက်ထားရာ အရှင်သာရိပုတြာက (၁) "ငါသည် ဝတ္ထုကာမ ကိလေ
သာကာမ အကုသိုလ်မမှတ်မှု ကင်းဆိတ်၍သာလျှင် ဝိတက် ဝိစာရနှင့်
တကွဖြစ်သော ဗရကာပ်တိ စေတသိကသုခရှိသော ပဌမဈာန်ကို ဖြစ်
စေ၍ နေ၏၊ ထိုငါ၏ "ငါသည် ပဌမဈာန်ကိုဝင်စား၏၊ ဝင်စားပြီး ငါသည်

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

ပဌမစျာန်မှ ထပြီ”ဟုသော ဤသို့ စွဲလမ်းမှတ်ထင်မှု မဖြစ်”ဟု ပြောဆို ပြန်ဆု အရှင်အာနန္ဒာက ရှည်စွာသော နှုတ်ပတ်လုံး ဒီဠိ တဏှာ မာန တို့ကို ကောင်းစွာ အကြွင်းမဲ့ ပယ်နှုတ်အပ်ပြီး ဖြစ်သောကြောင့် ထိုစွဲလမ်း မှတ်ထင်မှုမဖြစ် ဟု လျှောက်ထားခြင်း ၁၉၄-၅

၂-အဝိတက္ကသုတ်

၃-ပတိသုတ်

၄-ဥပေက္ခာသုတ်

၂၈၉။ ဤနေ့တို့ အထူးကြည်လင် မျက်နှာအဆင်း စင်ကြယ်ဖြူစင်နေသော အရှင်သာရိပုတြာကို ယနေ့အဘယ်နေခြင်းဖြင့် နေပါသနည်းဟု လျှောက် ထားသော အရှင်အာနန္ဒာအား (၂) ငါ့ရှင် ငါသည် ဝိတက် ဝိစာရတို့ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ မြတ်သောသမာဓိကို ဖြစ်စေတတ်သော ဝိတက် ဝိစာရမရှိသော ပဌမ စျာန်သမာဓိကြောင့်ဖြစ်သော ပီတိသုခရှိသော ဒုတိယစျာန်ကို ဖြစ်စေ၍ နေ၏ ၁၉၅

၂၉၀။ (၃) ပီတိကို စက်ဆုပ်ခြင်းကြောင့် လျစ်လျူရှုဘိ သတိရှိ ဉာဏ်ပညာရှိ လျက် သုခကိုခံစား၏၊ အရိယာတို့ ချီးမွမ်းအပ်သော တတိယစျာန်ကို ဖြစ်စေ၍ နေ၏ ....

ကာယိက သုခ ဒုက္ခကို ပယ်ခြင်းကြောင့် စတုတ္ထစျာန် ဥပစာခဏာ ရှေ့၌ သောမနဿ ဒေါမနဿတို့၏ ဘုံပြိုခြင်းကြောင့် ဒုက္ခလည်းမရှိ သုခလည်းမရှိသော ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ် ခြင်းရှိသော စတုတ္ထစျာန်ကို ဖြစ်စေ၍ နေ၏၊ ယင်းဒုတိယ တတိယ စတုတ္ထ စျာန်ကို ဝင်စားသော်လည်း ဒီဠိ တဏှာ မာနအစွဲမဖြစ်ပဲကို အရှင်သာရိ ပုတြာက အရှင်အာနန္ဒာအား ဆိန့်တော်မူခြင်း ၁၉၅

၅-အာကာသာနဉ္စာယတနသုတ်

၆-ဝိညာဏဉ္စာယတနသုတ်

၇-အာကိဉ္စညာယတနသုတ်

၈-နေဝသညာနာသညာယတနသုတ်

၉-နိရောဓသမာပတ္တိသုတ်

၂၉၁။ (၅) အလုံးစုံကုန်သော ရူပစျာန်တို့ကို လွန်မြောက်ခြင်းကြောင့် ဝတ္ထု အာရုံထိခိုက်ခြင်းကြောင့်ဖြစ်သော ပဋိဃိုက်သညာတို့ ဘုံပြိုခြင်းကြောင့်

အထူးထူးသဘောရှိသော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ကောင်းကင်ပညတ်သည် အဆုံး အပိုင်းအခြားမရှိ ဟူ၍ ပွါးများအပ်သော အာကာသာနဉ္စာယတနစျာန်ကို ဖြစ်စေ၍ နေ၏ ....

(၆) အလုံးစုံသော အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ အာကာသာနဉ္စာယတနဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိဟူ၍ ပွါးများအပ်သော ဝိညာဏဉ္စာယတနစျာန်ကို ဖြစ်စေ၍ နေ၏ ....

(၇) အလုံးစုံသော ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်၍ စိုးစဉ်းသော ဘင်ကြွင်းသည် မရှိဟု ပွါးများအပ်သော အာကိဉ္စညာယ္ဘတနစျာန်ကို ဖြစ်စေ၍ နေ၏ ....

(၈) အလုံးစုံသော ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်ကို ဖြစ်စေ၍ နေ၏ ....

(၉) အလုံးစုံသော နေဝသညာနာသညာယတနစျာန်ကို လွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာနိရောဓသမာပတ်ကို ဖြစ်စေ၍ နေ၏၊ ထိုအရူပသမာပတ် နိရောဓသမာပတ်ကို ဝင်စား၍ ထိုမှထသော်လည်း ဒိဋ္ဌိ တဏှာ မာန အစဲမရှိပုံကို အရှင်သာရိပုတြာက အရှင် အာနန္ဒာအား မိန့်ကြားတော်မူခြင်း ၁၉၆-၇

၁၀-သုစိမုခီသုတ်

၂၉၂။ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးနေသော အရှင်သာရိပုတြာမထေရ်သည် နံနက်စောစော အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်၍ တခုသော နံရံခြေကို အမှီပြုလျက် ဆွမ်းစားနေစဉ် သုစိမုခီပရိဗိုဇ်မက "ရဟန်း သင်အောက်ကိုကြည့်လျက်စားသလော" ဟု မေးရာ အရှင်သာရိပုတြာက "ငါ အောက်ကို ကြည့်လျက် မစား" ဟု ဖြေဆို၏၊ ထိုသို့ဖြစ်လျှင် "အထက်ကို မော့လျက် အရပ်မျက်နှာတို့ကို ကြည့်လျက် ထောင့်အရပ်တို့ကို ကြည့်လျက် စားသလော" ဟု ဆက်မေးပြန်ရာ အရှင်သာရိပုတြာက "ငါအထက်မော့လျက် အရပ်မျက်နှာကြည့်လျက် အထောင့်မျက်နှာကြည့်လျက် မစား" ဟု ဖြေဆိုတော်မူခြင်း ၁၉၇

၂၉၃။ သုစိမုခီပရိဗိုဇ်မက "ရဟန်း သင်သည် အောက် အထက်အရပ် အထောင့်အရပ်တို့ကို မကြည့်ပဲ စား၏" ဟု ဆို၏၊ "အဘယ် အခြင်းအရာဖြင့် စားသနည်းဟု ဆက်လက် မေးလျှောက်ပြန်ရာ မြေယာအကြောင်းကို သိနားလည်သော မင်္ဂလာအတတ် မအပ်သော အသက်မွေးမှု (ဝတ္ထုဝိဇ္ဇာ တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ)ဖြင့် အသက်မွေးသူ ရဟန်းပုဏ္ဏားတို့သည် အောက်ကို ကြည့်၍ စားသူတို့ မည်၏၊ ကောင်းကင်နက္ခတ်အကြောင်းကို

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

သိနားလည်သော မဂ်ဖိုလ်မှ ဖိလာအတတ် မအပ်သော အသက်မွေးမှု (နက္ခတ္တဝိဇ္ဇာ တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ)ဖြင့် အသက်မွေးသူ ရဟန်းပုဏ္ဏား တို့သည် အထက်ကို ကြည့်၍ စားသုတို့မည်၏ ၁၉၆

တမန်သည် အမှုစေခိုင်းရာ သွားသော မအပ်သော အသက်မွေးမှု (ဒူတေယျ ပဟိဏဂမနာနုယောဂမိစ္ဆာဇီဝ)ဖြင့် အသက်မွေးသူ ရဟန်း ပုဏ္ဏားတို့သည် အရပ်မျက်နှာတို့ကို ကြည့်၍ စားသုတို့ မည်၏၊ မိန်းမ ယောကျ်ားတို့၏ အင်္ဂါလက္ခဏာကို သိနားလည်သော မဂ်ဖိုလ်မှ ဖလာ အတတ် မအပ်သော အသက်မွေးမှု(အင်္ဂဝိဇ္ဇာ တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ) ဖြင့် အသက်မွေးသူ ရဟန်းပုဏ္ဏားတို့သည် အထောင့်အရပ်ကို ကြည့်၍ စားသုတို့ မည်၏ ၁၉၈

၂၉၄။ "နှမ ငါသည် ထိုထိုမိစ္ဆာဇီဝတို့ဖြင့် အသက်မွေးမှုမပြု၊ တရားသဖြင့် ဆွမ်း ကို ရှာမှီး၏၊ စား၏"ဟု အရှင်သာရိပုတြာက ဖြေဆိုတော်မူသောအခါ သုစိမုခီပရိဗိုဇ်မသည် ရာဇဂြိုဟ်ပြည် ရထားလမ်း လမ်းဆုံတို့သို့ ကပ်၍ "သာကီဝင်မင်းသားရဟန်းတို့သည် တရားအားလျော်စွာ အပြစ်မရှိသော ဆွမ်းကို စားကုန်၏၊ ဆွမ်းလှူကြ"ဟု လှည့်လည်ပြောဆိုခြင်း ၁၉၉

၈-နာဂသံယုတ်

၁-သုဒ္ဒိကသုတ်

၂၉၅။ (၁) ဥဋ္ဌ်ဖြစ်သော နဂါး (အဏ္ဍဇနာဂ)၊ (၂) သားအိမ်၌ ဖြစ်သော နဂါး (ဇလာဇုဇနာဂ)၊ (၃) အညှိဉ်ဖြစ်သော နဂါး (သံသေဒဇနာဂ)၊ (၄) တစုံတရာမှ ခုန်ကျလာသကဲ့သို့ ဖြစ်သောနဂါး (ဩပပါတိကနာဂ) နဂါး ၄-မျိုးကို ဟောတော်မူခြင်း ၂၀၀

၂-ပဏီတတရသုတ်

၂၉၆။ နဂါး ၄-မျိုးတို့တွင် ဥဋ္ဌ်ဖြစ်သော နဂါးတို့ထက် သားအိမ်၌ဖြစ်သောနဂါး အညှိဉ်ဖြစ်သောနဂါး ခုန်ကျလာသကဲ့သို့ ဖြစ်သောနဂါးတို့က သာလွန် မြတ်ပုံ၊ ဥဋ္ဌ်ဖြစ်သော နဂါး သားအိမ်၌ဖြစ်သော နဂါးတို့ထက် အညှိဉ်၌ ဖြစ်သောနဂါး ခုန်ကျလာသကဲ့သို့ဖြစ်သော နဂါးတို့က သာလွန်မြတ်ပုံ၊ ဥဋ္ဌ်ဖြစ်သောနဂါး သားအိမ်၌ဖြစ်သောနဂါး အညှိဉ်၌ဖြစ်သောနဂါးတို့ထက် ခုန်ကျလာသကဲ့သို့ဖြစ်သော နဂါးတို့က သာလွန်မြတ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၀၀

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၃-ဥပေါသထသုတ်

၂၉၇။ သာဝတ္ထိပြည် ဇေတဝန်၌ နေတော်မူသော ဘုရားရှင်ကို ရဟန်း တပါးက ဤလောက၌ အချို့ဥ၌ဖြစ်ကုန်သော နဂါးတို့သည် အဘယ့်ကြောင့် ဥပုသ် စောင့်သုံးကြပါသနည်း၊ စွန့်အပ်ပြီးသော ကိုယ်ရှိကြပါသနည်းဟု လျှောက်ထားရာ ဥ၌ဖြစ်သော နဂါးတို့သည် ရှေးအခါ၌ ငါတို့သည် ကိုယ်နှုတ်စိတ်တို့ဖြင့် ကုသိုလ် အကုသိုလ်-၂ မျိုးကို ပြုလေ့ရှိကြ၍ ကိုယ်ခန္ဓာ ပျက်စီး သေလွန်သည်မှ နောက်၌ နဂါးတို့၏ အပေါင်းအဖော် ဖြစ်ကြရပြီ၊ ယခုငါတို့သည် ကိုယ်နှုတ်စိတ်တို့ဖြင့် သုစရိုက်ကို ကျင့်ကုန်လျှင် သေသည်မှ နောက်၌ ကောင်းမှုပြုသူတို့၏လားရောက်ရာ နတ်ပြည်၌ဖြစ်ကြရမည် ငါတို့ သုစရိုက်ကို ကျင့်ကုန်အံ့ဟု အကြံအစည်ဖြစ်ပြီးလျှင် ဥပုသ် စောင့်သုံးကြကြောင်း စွန့်အပ်ပြီးသော ကိုယ်ရှိကြကြောင်း ဘုရားရှင် မိန့်တော်မူခြင်း

၄-ဒုတိယဥပေါသထသုတ်

၅-တတိယဥပေါသထသုတ်

၆-စတုတ္ထဥပေါသထသုတ်

၄-ဇလာဗုဇနဂါး၊ ၅-သံသေဒဇနဂါး၊ ၆-ဩပပါတိက နဂါးတို့ ဥပုသ် စောင့်သုံးကြသည်သာ ထူး၏ ၂၀၂

၂-သုတသုတ်

၂၉၈။ အချို့သော ကိုယ် နှုတ် စိတ်ဖြင့် ကုသိုလ် အကုသိုလ် ၂-မျိုးပြုလေ့ရှိသူသည် "ဥ၌ဖြစ်သော နဂါးတို့ အသက်ရှည် အဆင်းလှ ချမ်းသာ မျှားလှကြောင်းကြားရ၍ ငါသည် သေပြီးနောက်၌ ဥ၌ဖြစ်သော နဂါးဖြစ်ရအံ့" ဟုကြံစည်ဆုတောင်းခဲ့၍ ဥ၌ဖြစ်သော နဂါးတို့ဖြစ်ကြရကြောင်း ဘုရားရှင် က ရဟန်းတပါးအား မိန့်တော်မူခြင်း ၂၀၂

၁-ဒုတိယသုတသုတ်

၉-တတိယသုတသုတ်

၁၀-စတုတ္ထသုတသုတ်

ဇလာဗုဇ-သံသေဒဇ-ဩပပါတိက နဂါးအဖြစ်ဆုတောင်း၍ ကုသိုလ် အကုသိုလ် ၂-မျိုးပြုကြသည်သာ ထူး၏ ၂၀၃

ဦးရေ အကြောင်းအထု မျက်နှာအမှတ်

၁၁-၂၀-အက္ကဇဒါနူပကာရသုတ် ၁၀-သုတ်

၂၁-၅၀-ဧလာပုဇာဒီဒါနူပကာရသုတ်-၃၀

၂၉၉။ ဥဒ္ဒါဖြစ်သော နဂါးစသည်တို့ အသက်ရှည် အဆင်းလှ ချမ်းသာများကြ ကြောင်းကြားသိရ၍ အချို့သောကိုယ်နှုတ်စိတ်ဖြင့် ကောင်းမှု မကောင်းမှုကို ပြုလေ့ရှိသူသည် ဥဒ္ဒါဖြစ်သော နဂါး စသည်ဖြစ်ရန် ဆုတောင်း ရည်ညွှန်း၍ အဖျော် အဝတ် ထီး ဘိနပ် ယာဉ် ပန်း နံ့သာ နံ့သာ ပျော်ငး အိပ်ရာ နေရာ အိမ် ကျောင်း စရပ်မြေးစာ ဆီ စသည် တို့ကို လှူဒါန်းကြခြင်း ၂၀၃-၂၀၄

၉-သုပဏ္ဏသံယုတ်

၁-သုဒ္ဒိကသုတ်

၃၀၀။ ဥဒ္ဒါဖြစ်သော ဂဠုန် သားအိမ်၌ ဖြစ်သော ဂဠုန် ဇာတိဉ် ဖြစ်သော ဂဠုန် ခုန်ကျလာသက့ဲသို့ဖြစ်သော ဂဠုန် ဂဠုန်မျိုး ၄-မျိုးကို ဟောတော်မူခြင်း ၂၀၅

၂-ဟရဒ္ဒသုတ်

၃၀၁၊ ဥဒ္ဒါဖြစ်သော ဂဠုန်တို့သည် ဥဒ္ဒါဖြစ်သော နဂါးတို့ကိုသာ မဟာသမုဒ္ဒြာမှ ထုတ်ဆောင်နိုင်၍ သားအိမ် အညီဉ် ဖြစ်သောနဂါး ခုန်ကျလာသက့ဲသို့ ဖြစ်သော နဂါးတို့ကို မထုတ်ဆောင်နိုင်၊ သားအိမ်၌ ဖြစ်သော ဂဠုန်တို့သည် ဥဒ္ဒါဖြစ်သောနဂါး သားအိမ်၌ဖြစ်သော နဂါးတို့ကိုသာ မဟာသမုဒ္ဒြာမှ ထုတ်ဆောင်နိုင်ကြ၍ အညီဉ် ဖြစ်သောနဂါး ခုန်ကျလာသက့ဲသို့ ဖြစ်သော နဂါးတို့ကို မထုတ်ဆောင်နိုင်၊ အညီဉ်ဖြစ်သော ဂဠုန်တို့သည် ဥဒ္ဒါဖြစ်သောနဂါး သားအိမ်၌ဖြစ်သောနဂါး အညီဉ်ဖြစ်သောနဂါးတို့ကိုသာ သမုဒ္ဒြာမှထုတ်ဆောင်နိုင်ကြ၍ ခုန်ကျလာသက့ဲသို့ဖြစ်သော နဂါးတို့ကိုမထုတ်ဆောင်နိုင်၊ ခုန်ကျလာသက့ဲသို့ဖြစ်သော ဂဠုန်တို့သည် ဥဒ္ဒါဖြစ်သောနဂါး သားအိမ်၌ဖြစ်သောနဂါး အညီဉ်ဖြစ်သောနဂါး ခုန်ကျလာသက့ဲသို့ဖြစ်သောနဂါး နဂါးလေးမျိုးလုံးကို မဟာသမုဒ္ဒြာမှ ထုတ်ဆောင်နိုင်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၀၅

၃-ဒုယကာရိသုတ်

၄-၆-ဒုတိယာဒိဒ္ဓယကာရိသုတ်

၃၀၂။ ဥဒ္ဒါဖြစ်သော ဂဠုန်စသည်တို့ သက်ရှည် ဆင်းလှ ချမ်းသာပြည့်ဝကြောင်း ကြားသိရ၍ အချို့သော ကိုယ်နှုတ် စိတ်ဖြင့် ကောင်းမှု မကောင်းမှုကို

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ပြုလေ့ရှိသောသူသည် ဂဠုန် ဖြစ်ရန် ရည်သန် ဆုတောင်းလျက် ကုသိုလ် အကုသိုလ်ကိုပြု၍ ဂဠုန် ဖြစ်ကြ ရပုံကို ရဟန်းတပါး လျှောက်ထားသဖြင့် ဘုရားရှင် ဟောတော်မူခြင်း ၂၀၅

၇-၁၆-အဏ္ဍဇဒါနူပကာရသုတ်-၁၀ သုတ်

၁၇-၄၆-ဇလာဗုဇာဒိဒါနူပကာရသုတ်

ဂဠုန်ဖြစ်ရန် ရည်သန်ဆုတောင်းလျက် အဖျော်စသော အလှူဝတ္ထု ၁၀-ခု ကိုလှူ၍ ဂဠုန်ဖြစ်ပုံကို ဟောတော်မူသည်သာ ထူး၏ ၂၀၆

၁၀-ဂန္ဓဗ္ဗကာယသံယုတ်

၁-သုဒ္ဓိကသုတ်

၃၀၃။ အမြစ်နှံ၊ အနှစ်နှံ၊ အကာနှံ၊ အခဲနှံ၊ အပွေးနှံ၊ အရွက်နှံ၊ အပွင့်နှံ၊ အသီးနှံ၊ အရသာနှံ၊ အမြစ်နှံစသော အနှံတို့၏ အနှံဥမ္မဂ်၍ အစိုးရ၍နေသော ဂန္ဓဗ္ဗနတ်တို့ကို ဘုရားရှင် ဟောတော်မူပုံ ....

ဂန္ဓဗ္ဗပုဒ်ကို ဥ-ဋီဗျာကရဏ်းကျမ်းတို့ဖြင့် ဝေဖန်ဆုံးဖြတ်ထားပုံ ၂၀၈

၂-သုစရိတသုတ်

၃၀၄။ အနှံကိုသုံးဆောင်ကုန်သော ဂန္ဓဗ္ဗနတ်တို့သည် သက်ရှည်ဆင်းလှ ချမ်းသာပြည့်ဝကြောင်း ကြားသိရ၍ အခြို့သောပုဂ္ဂိုလ်သည် ဂန္ဓဗ္ဗနတ်အဖြစ်ကိုရည်ညွှန်း ဆုတောင်း၍ ကိုယ်နှုတ်စိတ်ဖြင့် သုစရိုက်မှုကိုသာပြုကျင့်သဖြင့် ဂန္ဓဗ္ဗနတ်ဖြစ်ရကြောင်းကို ရဟန်းတပါး လျှောက်ထားသဖြင့် ဘုရားရှင် ဟောတော်မူခြင်း ၂၀၉

၁-မူလဂန္ဓဒါတာသုတ်

၄-၁၂-သာရဂန္ဓဒါတာသုတ်-၉သုတ်

၁၃-၂၂-မူလဂန္ဓဒါနူပကာရသုတ်-၁၀ သုတ်

၂၃-၁၁-သာရဂန္ဓာဒိဒါနူပကာရသုတ်-၉၀

၃၀၅။ အမြစ်နှံ စသည်၌ မှီခိုနေသော နတ်အဖြစ်ကို ဆုတောင်းလျက် ကိုယ်နှုတ်စိတ်ဖြင့် သုစရိုက်ကိုပြုကြ၍ ထမင်းစသော အလှူဝတ္ထု (၁၀) မျိုးကိုလှူ၍ အမြစ်၌ မှီခိုနေသော နတ်စသည်ဖြစ်ရသည်သာထူး၏ ....

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၎-ဝလာဟကသံယုတ်

၁-သုဒ္ဒိကသုတ်

၃၆။ (၁) အအေးကိုပြုလုပ်သော သီတဝလာဟကနတ် (၂) အပူကိုပြုလုပ်သော ဥဏှဝလာဟကနတ် (၃) တိမ်ထပ်တိမ်လွှာကို ပြုသော အဗ္ဘဝလာဟကနတ် (၄) လေကိုပြုသော ဝါတဝလာဟကနတ် (၅) မိုးကိုပြုသောဝဿဝလာဟကနတ်ဟူ၍ ဝလာဟကနတ် ၅-မျိုးကိုဘုရားရှင် ဟောတော်မူခြင်း ၂၁၁

၂-သုစရိတသုတ်

၃-၁၂-သီတဝလာဟကဒါနူပကာရသုတ်-၁၀ သုတ်

၁၃-၅၂-ဥဏှဝလာဟကဒါနူပကာရသုတ် ၄၀-သုတ်

သုစရိုက်မှုပြု ဆုတောင်းလျက် ထမင်းစသည်လှူ၍ ဝလာဟကနတ် များဖြစ်ရသည်ကို ဟောသည်သာထူး၏ ၂၁၁

၅၃-သီတဝလာဟကသုတ်

၅၀၇။ တရုံတခါအေးခြင်း၏ အကြောင်း အထောက်အပံ့ကို လျှောက်ထားသော ရဟန်းတပါးကို "ငါတို့သည် မိမိ၏ ဥစ္စာဖြစ်သော မေ့လျော့ခြင်းဖြင့်နေရမူကောင်းလေစွ" ဟူသော သီတဝလာဟကနတ်တို့၏ စိတ်၏ တောင့်တခြင်းကိုစွဲ၍ ရံခါအအေး ဖြစ်ပေါ်လာပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၁၂

၅၄-ဥဏှဝလာဟကသုတ်

၅၅-အဗ္ဘဝလာဟကသုတ်

၅၆-ဝါတဝလာဟကသုတ်

၅၇-ဝဿဝလာဟကသုတ်

အပူဖြစ်ခြင်း တိမ်ဖြစ်ခြင်း လေတိုက်ခြင်း မိုးရွာခြင်း၏ အကြောင်းကို လျှောက်ထားသည်သာထူး၏ ၂၁၂

၁၂-ဝစ္ဆဂေါတ္တသံယုတ်

၁-ရူပအညာဏသုတ်

၅၀၈။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို ဝစ္ဆဂေါတ္တပရိဗိုဇ်က "လောကသည် မြဲ၏ လောကသည်မမြဲအဆုံးရှိ၏၊အဆုံးမရှိ၊ အသက်သည်ထိုကိုယ် ကိုယ်သည်ထိုအသက် အသက်သည်

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

ကိုယ်မှတခြား ကိုယ်သည်အသက်မှတခြား သတ္တဝါသေသည်မှနောက်၌ ဖြစ်၏ ရှိ၏၊ မဖြစ်မရှိ၊ ဖြစ်သည်လည်းရှိ မဖြစ်သည်လည်း ရှိ၏၊ ရှိသည်ဖြစ်သည်လည်း မဟုတ် မရှိသည်ဖြစ်သည်လည်း မဟုတ်ဟူသော မိစ္ဆာအယူတို့ လောက၌ ဖြစ်ပေါ်ခြင်း၏ အကြောင်းကို လျှောက်ထားရာ-ရုပ်၌ မသိခြင်း ရုပ်၏ဖြစ်ကြောင်းတရားတို့ မသိခြင်း ရုပ်၏ချုပ်ရာ (နိဗ္ဗာန်) မသိခြင်းရုပ်၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် (မဂ္ဂင်ရှစ်ပါး)၌ မသိခြင်း ထိုသစ္စာလေးပါးကို မသိခြင်းကြောင့် မိစ္ဆာအယူတို့ဖြစ်ပေါ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၁၄

၂-ဝေဒနာအညာဏသုတ်

၃-သညာအညာဏသုတ်

၄-သင်္ခါရအညာဏသုတ်

၅-ဝိညာဏအညာဏသုတ်

၃၀၉။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ထိုတရားတို့၏ ဖြစ်ကြောင်း ချုပ်ရာ ချုပ်ကြောင်း အကျင့်သစ္စာလေးပါးကို မသိခြင်းကြောင့် မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေါ်လာပုံကို ဟောသည်သာ ထူး၏ ၂၁၅

၆-၁၀-ရူပအဒဿနာဒီသုတ် ၅-သုတ်

၃၁၀။ ရုပ်ဝေဒနာစသည်၌ ရုပ်စသည်တို့၏ ဖြစ်ကြောင်း ချုပ်ရာ ချုပ်ကြောင်း၌ မဖြစ်ခြင်းကြောင့် မှားသောအယူဖြစ်ပေါ်ပုံ ....

၁၁-၁၅-ရူပအနဘိသမယာဒီသုတ် ၅-သုတ်

ချုပ်ကြောင်း၌ ရှေးရှုမသိခြင်းကြောင့် မှားသောအယူတို့ဖြစ်ပေါ်ပုံ ....

၁၆-၂၀-ရူပအနနုဗောဓာဒီသုတ် ၅-သုတ်

ရုပ်စသည်တို့၏ ဖြစ်ကြောင်း ချုပ်ရာ ချုပ်ကြောင်း အကျင့် သစ္စာလေးပါးကို လျှော်စွာမသိခြင်းကြောင့် မှားသောအယူတို့ ဖြစ်ပေါ်ပုံ ....

၂၁-၂၅-ရူပအပ္ပဋိဝေဓာဒီသုတ် ၅-သုတ်

သစ္စာလေးပါးကို ထိုးထွင်း၍မသိခြင်းကြောင့် မှားသောအယူတို့ဖြစ်ပေါ်ပုံ....

၂၆-၃၀-ရူပအသလ္လက္ခဏာဒီသုတ် ၅-သုတ်

သစ္စာလေးပါး၌ ကောင်းစွာမမှတ်သားခြင်းကြောင့် မှားသောအယူတို့ ဖြစ်ပေါ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၁၅-၂၁၆

ဦးရေ အကြောင်းအထု မျက်နှာအမှတ်

၃၁-၃၅-ရူပအနုပလက္ခဏာဒိသုတ် ၅-သုတ်

၃၁။ သစ္စာလေးပါး၌ ကပ်၍မမှတ်သားခြင်းကြောင့် မိစ္ဆာဒိဋ္ဌိတို့ဖြစ်ပေါ်ပုံ ....

၃၆-၄၀-ရူပအပ္ပစုပလက္ခဏာဒိသုတ် ၅-သုတ်

သစ္စာလေးပါး၌ တဖန်မမှတ်သားခြင်းကြောင့် မိစ္ဆာဒိဋ္ဌိတို့ဖြစ်ပေါ်ပုံ ....

၄၁-၄၅-ရူပအသမပေက္ခဏာဒိသုတ် ၅-သုတ်

သစ္စာလေးပါး၌ ကောင်းစွာမရှုခြင်းကြောင့် ....

၄၆-၅၀-ရူပအပ္ပစုပေက္ခဏာဒိသုတ် ၅-သုတ်

သစ္စာလေးပါး၌ တဖန်မရှုခြင်းကြောင့် ....

၅၁-၅၄-ရူပအပ္ပစုက္ခကမူလာဒိသုတ် ၄-သုတ်

ရုပ်ဝေဒနာ သညာ သင်္ခါရ ၎င်းတို့၏ ဖြစ်ကြောင်း ချုပ်ရာ ချုပ်ကြောင်း အကျင့် သစ္စာလေးပါး၌ မျက်မှောက်မပြုခြင်းကြောင့် မှားသောအယူတို့ ဖြစ်ပေါ်ပုံ ....

၅၅-ဝိညာဏအပ္ပစုက္ခကမူသုတ်

ဝိညာဏ် ဝိညာဏ်၏ ဖြစ်ကြောင်း ချုပ်ရာ ချုပ်ကြောင်း အကျင့် သစ္စာလေးပါး၌ မျက်မှောက်မပြုခြင်းကြောင့် မှားသောအယူတို့ ဖြစ်ပေါ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၁၆

၁၃-စျာနသံယုတ်

၁-သမာဓိမူလကသမာပတ္တိသုတ်

၃၂။ နို့ရည် နို့ခမ်း ဆီဦး ထောပတ် ထောပတ်ကြည်တို့တွင် ထောပတ်ကြည်ကို အမြတ်အထွဋ္ဌဟု ဆိုအပ်သကဲ့သို့ သမာဓိ၌ စျာန်အင်္ဂါကို ပိုင်းခြားမှု တည်ကြည်ခြင်း၌ လိမ္မာ၍ သမာဓိ၌ စျာန်ဝင်စားခြင်း၌ မလိမ္မာသူ (၁) သမာဓိ၌ စျာန်ဝင်စားခြင်း၌ လိမ္မာ၍ စျာန်အင်္ဂါကို ပိုင်းခြားမှု တည်ကြည်ခြင်း၌ မလိမ္မာသူ (၂) သမာဓိ၌ စျာန်အင်္ဂါကို ပိုင်းခြားမှု တည်ကြည်ခြင်း၌လဲ မလိမ္မာ စျာန်ဝင်စားခြင်း၌လဲ မလိမ္မာသူ(၃)သမာဓိ၌ စျာန်အင်္ဂါကို ပိုင်းခြားမှု တည်ကြည်ခြင်း၌လိမ္မာ၍ စျာန်ဝင်စားခြင်း၌လိမ္မာသူ (၄) ဤလေးယောက်သော စျာန်ရပုဂ္ဂိုလ်တို့တွင် စတုတ္ထပုဂ္ဂိုလ်ကို အထွဋ္ဌအမြတ်ဟု ဆိုအပ်ပုံကို ဘုရားရှင် ဟောတော်မူခြင်း ၂၁၈

(တံ ကိ ံ မညသိ အာဝုသော ယမက ပေးမြဲ။) ရူပသ္မိ ံ၊ ရုပ်၌။ တထာဂတောတိ၊ သတ္တဝါဟူ၍။ သမနုပဿသိ၊ ရှုသလော။ ဣတိ၊ ဤသို့ အရှင်သာရိပုတ္တြာက မေးတော်မူ၏။ အာဝုသော၊ ငါ့ရှင်။ ဧတေံ၊ ဤရုပ်၌ သတ္တဝါဟူရှုခြင်းသည်။ နော ဟိ၊ မသင့်ပါ။ ရူပါ၊ ရုပ်မှ။ အညတြ၊ ကင်း၍။ တထာဂတောတိ၊ သတ္တဝါဟူ၍။ သမနုပဿသိ၊ ရှုသလော။ ဣတိ၊ ဤသို့ အရှင်သာရိပုတ္တြာက မေးတော်မူ၏။ အာဝုသော၊ ငါ့ရှင်။ ဧတေံ၊ ဤရုပ်မှတပါး သတ္တဝါဟု ရှုခြင်းသည်။ နော ဟိ၊ မသင့်ပါ။ (ဝေဒနာစသည်လည်း ဤနည်းပေး။)

(တံ ကိ ံ မညသိ အာဝုသော ယမက ပေးမြဲ။) ရူပံ၊ ရုပ်ကို။ပ။ဝိညာဏံ၊ ဝိညာဉ်ကို။ တထာ-ဂတောတိ၊ သတ္တဝါဟူ၍။ သမနုပဿသိ၊ ရှုသလော။ ဣတိ၊ ဤသို့ အရှင်သာရိပုတ္တြာက မေးတော်မူ၏။ အာဝုသော၊ ငါ့ရှင်။ ဧတေံ၊ ဤခန္ဓာငါးပါးလုံးကို သတ္တဝါဟု ရှုခြင်းသည်။ နော ဟိ၊ မသင့်ပါ။

(တံ ကိ ံ မညသိ အာဝုသော ယမက ပေးမြဲ။) အယံ သော၊ ဤသတ္တဝါသည်။ အရူပီ၊ ရုပ်မရှိ။ အဝေဒနော၊ ဝေဒနာမရှိ။ အသညီ၊ သညာမရှိ။ အသင်္ခါရော၊ သင်္ခါရမရှိ။ အဝိညာဏော၊ဝိညာဉ် မရှိ။ (တံ၊ ထိုသတ္တဝါကို။) တထာဂတောတိ၊ သတ္တဝါဟူ၍။ သမနုပဿသိ၊ ရှုသလော။ ဣတိ၊ ဤသို့ အရှင်သာရိပုတ္တြာက မေးတော်မူ၏။ အာဝုသော၊ ငါ့ရှင်။ ဧတေံ၊ ရုပ်ဇဝေဒနာသညာ သင်္ခါရ-ဝိညာဉ်မရှိသော သတ္တဝါကို သတ္တဝါဟု ရှုခြင်းသည်။ နော ဟိ၊ မသင့်ပါ။ အာဝုသော ယမက၊က။ ဧတ္ထ၊ ဤမေးတိုင်းမေးတိုင်းသော အရာ၌ဘုန်၌လည်း။ တေ၊ သင်၏။ တထာဂတေ၊ သတ္တဝါကို။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်တွေ့မြင်အပ်သော ဘဝ၌ပင်လျှင်။ သစ္စတော၊ မှန်သောအား၊ဖြင့်။ ထေ-တတော၊ ခိုင်မြဲသောအား၊ဖြင့်။ (ထိရတော။ဌ။) အနုပလဇ္ဈိယမာနေ၊ မရအပ်ပါပဲလျက်။ တေ၊ သင်၏။ “တထာဟံ။ပ။ မရာဏာတိ၊ မရဏာ” ဟူသော။ တံ ဝေယျာကရဏံ၊ ထိုဖြေဆိုခြင်းသည်။ ကလ္လံ နု၊ သင့်လျော်ပါမည်လော။ ဣတိ၊ ဤသို့ အရှင်သာရိပုတ္တြာက မိန့်တော်မူ၏။

အာဝုသော သာရိပုတ္တ၊ တြာ။ ပုဗ္ဗေ၊ ရှေး၌။ အဝိဒ္ဒသုနော၊ မသိ မိုက်မဲ့သော။ မေ၊ တပည့်တော်၏။ တံ ပါပကံ ဒိဋ္ဌိဂတံ၊ ထိုမကောင်းသော မိစ္ဆာအယူသည်။ အဟု ခေါ်၊ ဖြစ်ဘူးပြီ။ အာ-ယသ္မတော သာရိပုတ္တဿ၊ ၏။ ဣဒဉ္စ ပန မမံ့ဒေသနံ့၊ဤတရားဒေသနာကို။ သုတ္ဝာ၊ ကြားနာရ၍။ တဉ္စေဝ ပါပကံ ဒိဋ္ဌိဂတံ၊ ထိုမကောင်းသော မိစ္ဆာအယူကိုလည်း။ ပဟီနံ၊ ပယ်အပ်ပြီ။ မေ၊

တယည့်တော်သည်။ ဒေမှာ ဒ၊ သဒ္ဒါလေးပါးဘဆုံးကိုလည်း။ အဘိသမ်ဒေတာ၊ ထိုးထွင်းမြဲ သိအပ်ပြီ။ (သောတာပန် ဖြစ်ပြီဟုလို။) ဣဘိ၊ ဤသို့ အရှင်ယမကက လျောက်ကားပြီ။

အာဝုသော ယမက၊ က။ ဟဲ၊ သင့်ကို။ "အာဝုသော ယမက၊ က။ အရှင်၊ ဘုရားအထုံးကို ခံတော်မူထိုက်သော။ ဒံအာသဒေါ။ ကုန်နှန်းပြီးသော အာသဝရှိသော။ ယော ဒေသော ဘိက္ခု၊ အကြင်ရဟန်းသည်။ (အတ္ထိ၊ ရှိ။) သော၊ ထိုရဟန်းသည်။ ကာယဿ၊ ခဲ။ ဘေဒါ၊ ခန္ဓာငှဲ့။ ဝါ၊သော။ မရဏာ၊မှ။ ပရံ၊အထက်၌။ ကိ ဟေတံ၊ အဘယ်သို့ဖြစ်သနည်း"ဟူ၍။ ဆဲးကျွေးသို့။ သစေ ပုဒ္ဓေယျ၊အကယ်၍မြေးကုန်ငြားအံ့။အာဝုသော ယမက၊က။ဝေံ၊သို့။ပုဒ္ဒေ၊မေးအပ်သော။ တုံ၊ သင်သည်။ ကိန္တိ၊ အဘယ်သို့။ ဗျာကရေယျာသိ၊ ဖြေဆိုထုသနည်း။ ဣတိ၊ ဤသို့ အရှင် သာရိပုတြာက မေးတော်မူ၏။ အာဝုသော၊ ဒါ့ရှင်။ မံ၊ ငါ့ကို။ပ။ ဆဲ၊ သို့။ သစေ ပုဒ္ဓေယျ၊ ကုန်ငြားအံ့။ အာဝုသော၊ ဒါ့ရှင်။ ဆဲ၊ သို့။ ပုဒ္ဒေ၊ သော။ အဟံ၊ သည်"အာဝုသော၊ ဒါ့ရှင်တို့။ ရူပံ ခေါ၊ ရုပ်သည်။ အနိစ္စံ၊ မမြဲ။ ယံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုရုပ်သည်။ ဒုက္ခံ၊ ဆင်းရဲ၏။ ယံ၊ အကြင်ရုပ်သည်။ ဒုက္ခံ၊ ဆင်းရဲ၏။ တံ၊ထိုရုပ်သည်။ နိရုဒ္ဓံ၊ချုပ်ပြီ။ တံ၊ထိုရုပ်သည်။ အတ္ထာဂ်တံ၊ ပျက်စီးခြင်းသို့ရောက်ပြီ။ ဝေဒနာ၊ သည်။ သညာ၊ သည်။ပ။ သင်္ခါရာ၊ ဘို့သည်။ပ။ ဝိညာဏံ၊ ဝိညာဉ်သည်။ပ။ အတ္ထာဂ်တန္တိ၊ ပျက်စီးခြင်းသို့ဆောက်ပြီ" ဟူ၍။ ဝေံ၊ သို့။ ဗျာကရေယျ၊ ဖြေဆိုထု၏။ အာဝုသော၊ဒါ့ရှင်။ ဝေံ၊သို့။ ပုဒ္ဒေ၊သော။ အဟံ၊သည်။ဝေံ၊သို့။ဗျာကရေယျ၊ထု၏။

အာဝုသော ယမက၊ က။ သာဓု သာဓု၊ကောင်းစ ကောင်းစ။ အာဝုသော ယမက၊ က။ တေန ဟိ၊ထို့အကြောင်းကြောင့်သာလျှင်။ တေဿေဝ အတ္ထဿ၊ ဤ(သင်ရအပ်ပြီးသော ပဌမဂ်) အနုဂ်အဓိပ္ပါယ်ကို။ ဘိယျောသောမတ္တာယ၊ အတိုင်းအရှည်ထဂ်အလွန်။ ဉာဏာယ၊သိခြင်းငှါ။ တေ၊ သင်၏အတွက်။ ဝါ၊ သင်အား။ ဥပဓံ၊ဥပမာကို။ ကရိဿာမိ၊ပြုအံ့။အာဝုသော ယမက၊ က။ သေယျထာပိ၊ ဖြစ်သင့်ဖြစ်ရာဥပမာကိုဆိုအံ့။ အဓော၊ ကြွယ်ဝသော။ မဟာဒွနော၊ များသော ဥစ္စာရှိသော။ မဟာဘောဂေါ၊ များသော စည်းစိမ်ရှိသော။ ဂဟပတိ ဝါ၊ အိမ်ရှင် (သူကြွယ်) သည် သော်ဂင်း။ ဂဟပတိပုတ္တော ဝါ၊ အိမ်ရှင်၏ သားသည်သော်ဂင်း။ (အဿ၊ ရှိရာ၏။) သော စ၊ ထိုအိမ်ရှင်သည်လည်း။ ဝါ၊ ထိုအိမ်ရှင်၏သားသည်လည်း။အာရက္ခသမ္ပန္နော၊စောင့်ရောက်ခြင်းနှင့် ပြည့်စုံ၏။ တဿ၊ထိုအိမ်ရှင်၏။ ဝါ၊ထိုအိမ်ရှင့်သား၏။ အနုတ္ထကာမော၊အကျိုးကိုမလိုလားသော။ ဝါ၊အကျိုးမဲ့ကိုလိုလားသော။ အဟိတကာမော၊ အစီးအပွါးကို မလိုလားသော။ ဝါ၊ အစီးအပွါးမဲ့ကို လိုလားသော။ အယောဂက္ခေမကာမော၊ ယောဂလေးပါးတို့မှ ဘေးမရှိသည်၏ အဖြစ်ကို မလိုလားသော[1]။ ဇီဝိတာ၊အသက်မှ။ ဝေါရောပေတုကာမော၊ခြခြင်းငှါအလိုရှိသော။ကော်စဒေဝ၊ တစုံတယောက်သာလျှင် ဖြစ်သော။ပုရိသော၊ယောကျ်ားသည်။ဥပဓွေယျ၊ရှိသည်ဖြစ်ဆဲ၏။ တဿ၊ ထိုအကျိုးကို မလိုလားသောယောကျ်ား၏။ "အယံ ခေါ ဂဟပတိ ဝါ၊ကျွန်အိမ်ရှင်သည်သော်ဂင်း။ အယံ ခေါ ဂဟပတိပုတ္တော ဝါ၊ ကျွန်အိမ်ရှင်၏သားသည်သော်ဂင်း။ အဓော၊ကြွယ်ဝ၏။မဟာဒွနော၊ များသောဥစ္စာရှိ၏။ မဟာဘောဂေါ၊ များသောစည်းစိမ်ရှိ၏။ သော စ၊ ထိုအိမ်ရှင်သည်လည်း။

၁။ အယောဂက္ခေမကာမောတိ စတုဟိ ယောဂေဟိ ခေမဘာဝံ အနိစ္ဆန္တော။ဌ။ (စတုဟိ ယောဂေဟိတိ အတ္ထတော ပိယတော ဥဒါသီနတော ဝေရိတောတိ စတူဟိပိ ဥပဒ္ဒဝနာအနတ္ထယောဂေဟိ။ ဋီ။ မိမိမှဖြစ်သော အကျိုးမဲ့ယောဂ, ချစ်သူမှဖြစ်သော အကျိုးမဲ့ယောဂ, ဥပေက္ခာပြုထားသူမှ ဖြစ်သော အကျိုးမဲ့ ယောဂ, ရန်သူမှဖြစ်သော အကျိုးမဲ့ယောဂဟု ယောဂလေးပါးသဌပ်ကို ဖော်လေ။

ဝါ၊ ထိုအိမ်ရှင်ခဲ့ သား၊သည်လည်း။ အာရက္ခသမ္မနော၊ ဘောင်ချောက်ခြင်းနှင့် ပြည့်စုံ၏။ အယံ၊ ကျွန်အိမ်ရှင်ကို။ ဝါ၊ ကျွန်အိမ်ရှင်ခဲ့သား၊ကို။ ပသယ္ယ၊ နှိပ်နင်း၍။ ဇီဝိတာ၊ အသက်မ။ ဝေါဆေးပေတံ၊ ချခြင်းငှါ။ နု သကဆေး၊ မလွယ်က္ခ။ အဟံ၊ ငါသည်။ အနုပဒဒ္ဒ၊ လျော်စွာဝင်၍။ ဝါ၊ ပုံးကပ်၍။ (အနုပဒဒ္ဒာတိ အနုပဝိသိတ္ဝာ။ဌ။)ဇီဝိတာ၊မှ။ ဝေါဆေးပေယျံ၊ခဲ့ရမူကား။ ယံနူနာတ်၊ကောင်းစွ" ဟူ၍။ ဇဝံ၊ ကျွဲသို့သောအကြုံသည်။ အာဃာ၊ ဖြစ်ထုံး။ သော၊ ထိုအကျိုးမဲ့ကို လိုလားသော ယောကျ်ား၊သည်။ တံ ဂဟပတိ ဝါ၊ ထိုအိမ်ရှင်သို့သော်၎င်း။ တံ ဂဟပတိမဟတ္တံ ဝါ၊ ထိုအိမ်ရှင်ခဲ့သား၊သို့သော်၎င်း။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်၍။ "ဘဒ္ဒေ၊ အရှင်။ တံ၊ သင့်ကို။ ဥပဒ္ဒဟေယျာန္တိ၊ လုပ်ကျွေးလို၏"ဟူ၍။ ဇဝံ၊ ကျွဲသို့။ ဝဒေယျ၊ ပြောဆိုထုံး၏။ တမေနံ၊ ထိုယောကျ်ားကို။ သော ဂဟပတိ ဝါ၊ ထိုအိမ်ရှင်သည်သော်၎င်း။ သော ဂဟပတိပုတ္တော ဝါ၊ ထိုအိမ်ရှင်၏သား၊သည်သော်၎င်း။ ဥပဒ္ဒါပေယျ၊ လုပ်ကျွေးစေထုံး။ သော၊ ထိုယောကျ်ား၊သည်။ ပုဗ္ဗုဋ္ဌာယီ၊ ရှေးဦးစွာထလေ့ရှိသည်ဖြစ်၍။ ပစ္ဆာနိပါတီနံ၊ နောက်မှ ထိုင်လေ့ အိပ်လေ့ရှိသည်ဖြစ်၍။ ကိံ ကာရပဋိသာဝီ၊ အာဘယ်အမှုပြုရအံ့နည်းဟု ပြုအပ်သောအမှုကို ရှေးရှုနှာကြား၊စေလေ့ရှိသည်ဖြစ်၍ ၁။ မနာပစာရီ၊ စိတ်ကိုပျံ၊စေတတ်သည်(နှစ်သက်ဖွယ်)ကို ပြုကျင့်လေ့ရှိသည်ဖြစ်၍။ ပိယဝါဒီ၊ ချစ်ခင်ဖွယ်ကို ပြောဆိုလေ့ရှိသည်ဖြစ်၍။ ဥပဒ္ဒဟေယျ၊ လုပ်ကျွေးဆု၏။ တဿ၊ ထိုယောကျ်း၏။ သော ဂဟပတိ ဝါ၊ သည်သော်၎င်း။ သော ဂဟပတိပုတ္တော ဝါ၊ သည်သော်၎င်း။ မိတ္တာတောပိ၊ (ငါ၏)မိတ်ဆွေဟူ၍လည်း။ နံ၊ ထိုယောကျ်းကို။ သဒ္ဒဟေယျ၊ ယုံကြည်ဆု၏။ သုဟဒ္ဒာတောပိ၊ (ငါ၏)စိတ်နှလုံးကောင်းသူဟူ၍လည်း။ နံ၊ ထိုယောကျ်းကို။- သဒ္ဒဟေယျ၊ ယုံကြည်ဆု၏။ တသ္မိံ စ၊ ထိုယောကျ်းဌ်လည်း။ ဝိဿာသံ၊ အကျွမ်းဝင်ခြင်းသို့။ အာပဇ္ဇေယျ၊ ဆောက်ဆု၏။ အာဝုသော၊ ငါ့ရှင်ယမက။ ယဒါ ခေါ၊ အကြောင်အခါဌ်။ တဿ ပုရိသဿ၊ ထိုယောကျ်း၏။ "(မေ၊ငါ၏။) အယံ ဂဟပတိ ဝါ၊ သည်ထုံး။ အယံ ဂဟပတိပုတ္တော ဝါ၊ သည်ထုံး။ မေ၊ ငါဌ် ၂။ သံဝိဿတ္ထော ခေါတိ၊ အကျွမ်းဝင်ပြီ"ဟူ၍။ ဇဝံ၊ ကျွဲသို့သော အကြုံသည်။ အာဃာ၊ ဖြစ်ထုံး။ အထ၊ ထိုအခါဌ်။ နံ၊ ထိုအိမ်ရှင်ကို။ ဝါ၊ ထိုအိမ်ရှင်သားကို။ ရဟောဂတံ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ဆောက်သည်ကို။ ဝိဒိတ္ဝာ၊ သိ၍။ တိဏ္ဟေန၊ ထက်လှသော။ သတ္ထေန၊ ဓား၌ဖြင့်။ ဇီဝိတာ၊ အသက်မှ။ ဇဝါဆောပေယျ၊ ချရာ၏။

အာဝုသော ယမက၊ က။ တံ၊ ကို။ ကိံ မညသိ၊ နုည်း။ ယဒါ ဟိ၊ အကြောင်အခါဌ်။ သော ပုရိသော၊ သည်။ အမံ ဂဟပတိ ဝါ၊ ထိုအိမ်ရှင်သို့သော်၎င်း။ အမဲ ဂဟပတိပုတ္တံ ဝါ၊ ထိုအိမ်ရှင်၏သား၊သို့သော်၎င်း။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်၍။ "ဘဒ္ဒေ၊ အရှင်။ တံ၊ သင့်ကို။ ဥပဒ္ဒဟေယျာန္တိ၊ လုပ်ကျွေးလို၏"ဟူ၍။ ဇဝံ၊ သို့။ ဝဒေယျ၊ ဆိုရာ၏။ တဒါပိ၊ ထိုအခါဌ်လည်း။

၁။ အာသနတော သယနတော ဝါ ပုဗ္ဗံ ဥဋ္ဌာတိ သီလေနာတိ ပုဗ္ဗုဋ္ဌာယီ၊ သခင်လာသည်ကို မြင်လျှင် နေထုံမှ အလျင်ထခြင်း, နှံကစောစော အိပ်ထုံမှ သူများအလျင်ထခြင်းအလေ့ရှိသူတည်း။ ပစ္ဆာ နိပတတိ နိသီဒတိ နိပဇ္ဇတိ ဝါ သီလေနာတိ ပစ္ဆာနိပါတီ၊ သခင်ထိုင်ပြီးမှ ထိုင်ခြင်း, သူပေါ်သိမ်းတဲ့နောက်မှ အိပ်ခြင်း အလေ့ရှိသူတည်း။ ကိန္တိကာရံ (ကတံ) ပဋိသာဓေတိ သီလေနာတိ ကိံ ကာရပဋိသာဝီ၊ ပြုရမည့်အမှုသည် အဘယ်နည်းဟု ပြုအပ်သောအမှုကို ရှေးရှုကြား၊စေခြင်းအလေ့ရှိသူတည်း။ ၎င်းအခါပွါယ်တဲ့ကို ဤအဋ္ဌကထာ၌။

၂။ အလက်ာ ၁၀၀-ဂါထာဌ် သင်္ခေဇ္ဇာနံ စသည်ဖြင့် ဆဋ္ဌိဝိဘတ်၊ ဖဒ္ဒ-ဂါထာဌ် ဣတ္ထိနံ စသည်ဖြင့် ဆဋ္ဌိဝိဘတ်, ဝိသေ စသည်ဖြင့် သတ္တမီဝိဘတ်သုံး၊ထား၏။ ဤသုတ်ဌ် တသ္မိံဟု သတ္တမီဝိဘတ်ဖြင့် သုံး၊ထား၊သည်ကို ထောက်၍ မေကို ဝိဘတ်ငိုပလ္လာသကြုံ၍ သတ္တမီဝိဘတ်ဖြင့် "ဌ်"ဟု ပေးလိုက်သည်။

သော၊ ထို့ယောကျ်ားသည်။ ဝဓကောဝ၊ သူသတ်မည်သည်သာလျှင်တည်း။ ဝဓကဒ္ဒ ပန သန္ဒံ၊ သသတ်ယောကျ်ားဖြစ်လျက်ကိုလည်း။ "မေ၊ ငါ၏။ ဝဓကောတိ၊ သူသတ်ယောကျ်ားတည်း" ဟူ၍။ နု အညာသိ၊ မသိခဲ့သလော။ ယဒါပိ၊ ဒ္ဒ်လည်း။ သော၊ သည်။ ပဋ္ဌာဒ္ဒာယံ၊ ပြဇရ၊ ပစ္ဆာနိပါတိနိ၊ ဖြစ်၍။ ကိံကာရုပဋ္ဌိဿာဒိ၊ ဖြစ်၍။ မနာပစာရိ၊ ဖြစ်၍။ ပိယဝါဒိ၊ ဖြစ်၍။ ဥပဒ္ဒဟတိ၊ လုပ်ကျွေးတတ်။ တဒါပိ၊ ဒ္ဒ်လည်း။ သော၊ သည်။ ဝဓကောဝ၊ တည်း။ ဝဓကဒ္ဒ ပန သန္ဒံ၊ ကိုလည်း။ "မေ၊ ၏။ ဝဓကောတိ၊ တည်း"ဟူ၍။ နု အညာသိ၊ မသိခဲ့သလော။ ယဒါပိ၊ ဒ္ဒ်လည်း။ နံ၊ ကို။ ရဟောဂတံ၊ ကို။ ဝိဒိတ္ဝာ၊ ၍။ တံကဒ္ဒ၊ သော။ သတ္ထာန၊ ဖြင့်။ ဇီဝိတာ၊ မှ။ ဝေါရောပေတိ၊ ၏။ တဒါပိ၊ ဒ္ဒ်လည်း။ သော၊ သည်။ ဝဓကောဝ၊ တည်း။ ဝဓကဒ္ဒ ပန သန္ဒံ၊ ကိုလည်း။ "မေ၊ ၏။ ဝဓကောတိ၊ တည်း"ဟူ၍။ နု အညာသိ၊ မသိခဲ့သလော။ ဣတိ၊ ဤသို့ အရှင်သာရိပုတြောက မေးတော်မူ၏။ အာဒုသော၊ ငါ့ရှင်။ ဧဝံ၊ မသိခဲ့သည်ကား မှန်ပါ၏။ ဣတိ၊ ဤသို့ အရှင်ယမက က ဖြေဆိုတော်မူ၏။

အာဝုသော၊ ငါ့ရှင် ယမက။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ (အဿုတဝါ အစ ဝိညာဏသ္မိံ ဝါ အတ္ထာနံ အထိ ပုဏ္ဏမသုတ် စာပိုဒ် ၇၂။ကဆံ နု ခေါ ဘန္တေ သက္ကာယဒိဋ္ဌိ ဟောတိတိ အစချီသော ဝါကျ၌ သမ္မန်ခဲ့ပြီ။)

သော၊ ထိုအဿုတ ပုထုဇဉ်သည်။ အနိစ္စံ၊ မမြဲသော။ ရူပံ၊ ရုပ်ကို။ "အနိစ္စံ၊ မမြဲသော။ ရူပန္တိ၊ ရုပ်တည်း"ဟူ၍။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ နု ပဇာနာတိ၊ မသိ။ (ဝေဒနာ စသည်ကိုလည်း ဤနည်းပေး။)

ဒုက္ခံ၊ ဆင်းရဲသော။ပ။ နု ပဇာနာတိ၊ မသိ။

အနတ္တံ၊ အတ္တမဟုတ်သော။ပ။ နု ပဇာနာတိ၊ မသိ။

သင်္ခံတံ၊ ကံ စိတ် ဥတု အာဟာရတို့သည် ပေါင်းစု၍ပြုအပ်သော။ပ။ နု ပဇာနာတိ၊ မသိ။

ဝကံ၊ သတ်တတ်သော။ ရူပံ၊ ကို။ပ။ နု ပဇာနာတိ၊ မသိ။

သော၊ ထိုနာခံမှတ်သား ဆောင်ထားမှုမရှိသော ပုထုဇဉ်သည်။ ရူပံ၊ ရုပ်သို့။ ဝါ၊ ရုပ်ကို။ "မေ၊ ငါ၏။ အတ္တာတိ၊ အတ္တာတည်း"ဟူ၍။ ဥပေတိ၊ ကပ်ရောက်၏။ ဥပါဒိယတိ၊ စွဲလမ်း၏။ အဓိဋ္ဌာတိ၊ စွဲမြဲတည်နေ၏။ (ဝေဒနံစသည်ကိုလည်း ဤနည်းပေး။) တဿ၊ ထို နာခံ မှတ်သား ဆောင်ထားမှုမရှိသော ပုထုဇဉ်၏။ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဤငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည်။ ဥပေတာ၊ ကပ်ရောက်အပ်ကုန်သည်ရှိသော်။ ဥပါဒိန္နာ၊ စွဲလမ်းအပ်ကုန်သည်ရှိသော်။ ဒီဃရတ္တံ၊ ရှည်ကြာလှစွာသော နှေ့ညဉ့်ပတ်လုံး။ အဟိတာယ၊ အစီးပွါးမဲ့အလို့ငှာ။ ဒုက္ခာယ၊ ဆင်းရဲခြင်းငှာ၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

(သုတဝါ စ ခေါ အစ နာဓိဋ္ဌာတိ "အတ္တာ မေ"တိအထိ အဿုတဝါစသော ဝါကျများကိုမှီး၍ ပေး။) တဿ၊ ထိုနာခံမှတ်သား ဆောင်ထားမှုရှိသော အရိယသာဝကသည်။ ဝါ၊ ၏။ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဤငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည်။ အနုပေတာ၊ မကပ်ရောက်အပ်ကုန်သည်ရှိသော်။ အနုပါဒိန္နာ၊ မစွဲလမ်းအပ်ကုန်သည်ရှိသော်။ ဒီဃရတ္တံ၊ ရှည်လျားစွာသော နှေ့ညဉ့်ပတ်လုံး။ ဟိတာယ၊ စီးပွါးအလိုငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊

ကျွှည့်ဳ အရှင်သာရိပုတြောက မိန့်တော်မူ၏။ အာဝုသော သာရိပုတ္တ၊ ဘြာ။ တာဒိသာ၊အရှင်ကဲ့သို့ ဥဘင်ကုန်သော။ သဒြဟ္မစာရိနော၊ သီတင်းသုံးဖော်တို့သည်။ ဃသဲ့ အာယသ္မန္တာနံ။ အကြင် အရှင်တို့ကို။ (ကျွှပစ္ခက္ခဲ့ကံ။) အနုကမ္ပကာ၊ အစဉ်ခောင့်ရှောက်တတ်ကုန်၏။ အတ္ထကာမာ၊ အကျိုးကိုလိုလားတတ်ကုန်၏။ ဩဝါဒကာ၊ ဆုံးမတတ်ကုန်၏။ အနုသာသကာ၊ အပန်ဖန်ဆင်းမတတ်ကုန်၏။ (တေသံ အာယသ္မန္တာနံ၊ ထိုဘရှင်တို့၏။) ဒေဝမေတံ၊ ကျွှအရှင်ဘုရားမိန့်တော်မူတိုင်း အကျိုးဒီးပွါး ဈေးသာရသည်။ ဟောတိ၊ ၏။ အာယသ္မတော် သာရိပုတ္တဿ၊ ၏။ ဣဒဉ္စ ပန ဓမ္မဒေသနံ၊ ကို။ သုဘဒ္ဒာ၊ ၌။ မေ၊ ၏။ စိတ္တံ၊ သည်။ အနုပါဒါယ၊ ၍။ အာသဝေဟိ၊ တို့မှ။ ဝိမုတ္တံ၊ ပြီ။ ဣတိ၊ သို့။ သုတံ။ ပြီ။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

၄-အနုရာဓသုတ်

၈၆။ ဧကံ သမယံ၊ တပါးသော အခါ၌။ ဘဂဝါ၊ သည်။ မဟာဝနေ၊ မဟာဝုန်တော၌။ ကူဋာဂါရသာလာယံ၊ အထူ၌အချက်နှစ်ခုတပ်သော ကျောင်းစရပ်၌။ (အထူ၌တခုတပ်လျှင် ကူဋာဂါရ, ၂-ခုတပ်လျှင် ကူဋာဂါရသာလာဟု ခေါ်၏။ သံ-ဋ္ဌ-၂၊ ၁၀၆။) ဝိဟရတိ၊ ၏။ တေန ခေါ ပန သမယေန၊ ၌။ အာယသ္မာ အနုရုဒ္ဓေါ၊ အရှင်အနုရုဒ္ဓသည်။ ဘဂဝတော၊ ၏။ အဝိဒူရေ၊ အနီး၌။ အဓုနာကွဒ္ဓိကာယံ၊ တောစ့ုန်ကျသော ကျောင်းငယ် (သစ်ရွက်မိုးကျောင်း) ၌။ ဝိဟရတိ၊ ၏။ အထ ခေါ၊ ၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ အညတိတ္ထိယာ၊ သာသနာမတပါး အခြားအယုဒ္ဓိကုန်သော။ ပရိဗ္ဗာဇကာ၊ ပရိဗိုဇ်တို့သည်။ပ။ အာယသ္မန္တံ အနုရုဒ္ဓံ၊ အရှင်အနုရုဒ္ဓကို။ "အာဝုသော အနုရုဒ္ဓ၊ ငါ့ရှင် အနုရုဒ္ဓ။ ယော သော တထာဂတော၊ အကြင်ဘုရားရှင်သည်။ ဥတ္တမပုရိသော၊ မြတ်သော ယောကျွှးတည်း။ ပရမပုရိသော၊ သာလွန်သော ယောကျွှးတည်း။ ပရမပတ္တိပတ္တော၊ သာလွန်သော ဆောက်ပွယ်အဆင့်သို့ ဆောက်သုတည်း။ သော တထာဂတော၊ ထိုဘုရားရှင်သည်။ တံ၊ ထိုသတ္တဝါကို။ 'တထာဂတော၊ သတ္တဝါသည်း။ မရဏာ၊ သေသည်မှ။ ပရံ၊ အထက်၌။ ဟောတိတိ ဝါ၊ ဖြစ်၏'ဟုငင်း။ 'တထာဂတော၊ သည်။ မရဏာ၊ မှ။ ပရံ၊ ၌။ နဟောတိတိ ဝါ၊ မဖြစ်'ဟုငင်း။ 'တထာဂတော၊သည်။မရဏာ၊မှ။ပရံ၊၌။ဟောတိ စ နဟောတိတိ ဝါ၊ ဖြစ်လည်းဖြစ်, မဖြစ်လည်းမဖြစ်'ဟုငင်း။ 'တထာဂတော၊ သည်။ မရဏာ၊ မှ။ ပရံ၊ ၌။ နေဝ ဟောတိ နာ နဟောတိတိ ဝါ၊ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟုငင်း။ ကွမေသု စတူသု ဌာနေသု၊ ကျွှလေးဌာနတို့၌။ ပညာပယမာနော၊ သိစေ (ပညတ်) သည်ဖြစ်၍။ ပညပေတိတိ၊ သိစေ (ပညတ်) ပါသနုည်း"ဟုသော။ တေံ၊ ကျွှစကားကို။ အဝေါစုံ၊ ဆိုပြောဆိုကုန်ပြီ။

ဝေံ၊ ကျွှသို့။ ဝုတ္တော၊ ပြောဆိုအပ်သည်ရှိသော်။ အာယသ္မာ အနုရုဒ္ဓေါ၊ သည်။ အညတိတ္ထိယေ၊ ကုန်သော။ ပရိဗ္ဗာဇကေ၊ တို့ကို။ "အာဝုသော၊ ငါ့ရှင်တို့။ ယော သော တထာဂတော၊ သည်။ပ။ ကွမေဟိ စတူဟိ ဌာနေဟိ၊ ကျွှလေးဌာနတို့မှ။ အညတြ၊ တပါးသောဌာန၌။ ပညာပယမာနော၊ သိစေသည်ဖြစ်၍။ ပညပေတိတိ၊ သိစေ၏"ဟုသော။ တေံ၊ ကို။ အဝေါစ၊ ပြီ။ (ကျွှအရှင်ကား သကသမယ, ပရသမယကို နားမလည်၊ တိတ္ထိတို့၏ သာသနာ့ဆန့်ကျင်ဖက်မျှကို သာသိ၍ ၎င်း၏ အကြံအစည်ဖြင့် ဖြေရှာလေသည်၊ အမှန်မှာ မဖြေအပ်သော ဌပနီယပဉ္ဉာတည်း။) ဝေံ၊ သို့။ ဝုတ္တော၊ သော်။ အညတိတ္ထိယာ၊ ကုန်သော။ ပရိဗ္ဗာဇကာ၊ တို့သည်။ အာယသ္မန္တံ

အနုရုဒ်၊ ကို။ "သော စာယံ ဘိက္ခု၊ ထိုရဟန်းသည်ကား။ နဝေါ၊ ငယ်သေးသည်။ အစိရပဗ္ဇိတော၊ ရဟန်းပြု၍ မကြာသေးသုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဝါ ပန၊ သို့မဟုတ်။ ဗာလော၊ မိုက်သော။ အဗျတ္တော၊ မလိမ္မာသော။ ထေရော၊ မထေရ်သည်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့"ဟူသော။ တေံ၊ ကို။ အဝေါစုံ၊ ကုန်ပြီ။ အထ ခေါ၊ ၌။ အညတိတ္ထိယာ၊ ကုန်သော။ ပရိဗ္ဗာဇကာ၊ တို့သည်။ အာယသ္မန္တံ အနုရုဒ်၊ ကို။ နဝဝါဒေန၊ အငယ်ဟူသော အပြစ်တင်ပြောဆိုခြင်းဖြင့်၎င်း။ ဗာလဝါဒေန စ၊ အမိုက်ဟူသော ပြစ်တင်ပြောဆိုခြင်းဖြင့်၎င်း။ အပသာဒေတ္ဝာ၊ မောင်းမဲ၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ပက္ကမိံသု၊ ပဲ့သွားကုန်၏။

အထ ခေါ၊ ၌။ အာယသ္မာ အနုရုဒ္ဓသ၊ ၏။ အညတိတ္ထိယေသု၊ ကုန်သော။ တေသု ပရိဗ္ဗာဇကေသု၊ ဖဲ့သွားကုန်၍ မကြာမီ။ "အညတိတ္ထိယာ၊ ကုန်သော။ ပရိဗ္ဗာဇကာ၊ တို့သည်။ မံ၊ ငါ့ကို။ဥတ္တရိံ၊လွန်မြတ်သော။ပဉ်း၊ပြဿနာကို။သဓေ ခေါ ပုစ္ဆယျုံ၊အကယ်၍ မေးကုန်ငြားအံ့။ အဟံ၊ ငါသည်။ အညတိတ္ထိယာနံ၊ ကုန်သော။ တေသံ ပရိဗ္ဗာဇကာနံ၊ တို့၏(ပြဿနာကို)။ ကထံ ဗျာကရမာနော။ အဘယ်သို့ဖြေဆိုသည်ရှိသော်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝုတ္တဝါဒီ စေဝ၊ ဟောတော်မူအပ်သည့်အတိုင်း ပြောဆို (ဖြေဆို) သည်လည်း။ အဿံသု ခေါ၊ ဖြစ်ရအံ့နည်း။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘူတေန၊ မဟုတ်မမှန်သောစကားဖြင့်။ နစ အဗ္ဘာစိက္ခေယျုံ၊ နု ခေါ၊ မစွပ်စွဲလည်း မစွပ်စွဲရာအံ့နည်း။ ဓမ္မဿ၊ တရားတော်အား။အနုဓမ္မံ၊ လျော်သောအကြောင်းကို။ ဗျာကရေယျုံ၊ စ နု ခေါ၊ ဖြေဆိုလည်း ဖြေဆိုရာအံ့နည်း။ ကောစိ၊ တစုံတဦးသော။ သဟဓမ္မိကော၊ အကြောင်းနှင့်တကွဖြစ်သော။ ဝါဒါနုဝါဒေါ၊ ဆိုအပ်သည်သို့ အတုလိုက်ခြင်းသည်။ ဝါ၊ အခြေအတင်ပြောဆိုခြင်းသည်။ ဂါရယှံ၊ ကဲ့ရဲ့အပ်သော။ ဌာနံ၊ အရာသို့။ နစ အာဂစ္ဆေယျ နု ခေါတိ၊ မရောက်လည်း မရောက်ရာအံ့နည်း"ဟူသော။တေံ၊ ဤအကြံသည်။ အဟောသိ၊ဖြစ်ပြီ။

အထ ခေါ၊ ၌။ အာယသ္မာ အနုရုဒ္ဓေါ၊ သည်။ ပ။ ဘဂဝန္တံ၊ ကို။ "ဣဓာဟံ။ ပ။ ဂါရယှံ ဌာနံ အာဂစ္ဆေယျာတိ၊ ဣဓာဟံ။ ပ။ ဂါရယှံ ဌာနံ အာဂစ္ဆေယျ"ဟူသော။ တေံ၊ ကို။ အဝေါစ၊ ပြီ။ (အာကာရဝါကျများကို ဆိုခဲ့ပြီးဝါကျများကိုမှီး၍ သမ္မန်။ အရှင်အနုရုဒ္ဓကော သူ့အကြောင်းကို မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားခြင်းဖြစ်သည်။ တံ ကိ မည်သိ အနုရုဒ္ဓ ရှုပံ နိစ္စံ ဝါ အနိစ္စံဝါတိ မှ အဝိညာဏော တထာဂတောတိ သမနုပဿသီတိ နောဟေတံ ဘန္တေတိုင် အောင် ယမကသုတ် စာပိုဒ် ဂ၅-ရှု၍သမ္မန်။ဘုရားရှင်က မေး၍ အရှင်အနုရုဒ္ဓကော ဖြေသည်သာ ထူး၏။)

အနုရုဒ္ဓ၊ အနုရုဒ္ဓ။ တ္ထေ၊ ဤမေးတိုင်း မေးတိုင်းသော အရုဌာနဋ္ဌလည်း။ တေ၊ သင်၏။ တထာဂတေ၊ သတ္တဝါကို။ ဒိဋ္ဌေ၊ တွေ့မြင်အပ်သော။ ဓမ္မေဝ၊ အတ္တဘောဋ္ဌသာလျှင်။ ဝါ၊ မျက်မှောက်ဘဝဋ္ဌသာလျှင်။ သစ္စတော၊ အမှန်အားဖြင့်။ ထေတတော၊ ခိုင်မြဲသောအားဖြင့်။ အနုပလဗ္ဘိယမာနေ၊ မရအပ်ပဲလျက်။ တေ၊ သင်၏။ "ယော သော။ ပ။ ပရံ မရဏာတိ ဝါ တိ၊ ယော သော။ပ။ ပရံ မရဏာတိ ဝါ" ဟူသော။ တံ ဝေယျာကရဏံ၊ ထိုအဖြေသည်။ ကလ္လံ နု၊ သင့်လျော်မည်လော။ ဣတိ၊ ဤသို့ဘုရားရှင်က မေးတော်မူ၏။ဘန္တေ၊မြတ်စွာဘုရား။ ဇော်၊ ဤအဖြေသည်။ နော ဟိ၊ မသင့်ပါ။

အနုရုဒ္ဓ၊ ဓ။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ အနုရုဒ္ဓ၊ ဓ။ အဟံ၊ ငါဘုရားသည်။ ပုဗ္ဗေ စ၊ဤမှ ရှေးဦးစွင်း။ ဇော်ရဟိ စ၊ယခုအခါဌ်ဌင်း။ ဒုက္ခဥ္စေဝ၊ ဒုက္ခကိုလည်း။ (ဒုက္ခသမုဒယ-

ပါယူ။) ပညပေမိ၊ သိစေတော်မူ၏။ ဒုက္ခဿ၊ ဒုက္ခ၏။ နိုဏောခံ စ၊ ချုပ်ရာနိုဗ္ဗာန်ကိုလည်း။ (ဒုက္ခနိုဏောဓဂါမိနိ ပဋိပဒါကိုပါယူ။) ပညပေမိ၊ သိစေတော်မူ၏။ ဣတိ၊ သို့။ သုတံ၊ ပြီ။

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

၅-ဝက္ကလိသုတ်

၈၇။ ဧကံ သမယံ၊ တပါးသော အခါ၌။ ဘဂဝါ၊ သည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်မြို့၌။ ကလန္ဒကနိဝါပေ၊ ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာဖြစ်သော။ ဝေဠုဝနေ၊ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏။ တေန ခေါ ပန သမယေန၊၌။အာယသ္မာ ဝက္ကလိ၊ အရှင်ဝက္ကလိသည်။ ကုမ္ဘကာရနိဝေသနေ၊ အိုးထိန်းသည်၏ အိုးလုပ်ရာတဲအိမ်၌။ အာဗာဓိကော၊ နာကျင်သည်ဖြစ်၍။ဝါ၊အနာဆောဂါစွဲကပ်သည်ဖြစ်၍။ ဒုက္ခိတော၊ဖြစ်သော ဆင်းရဲဝေဒနာရှိသည်ဖြစ်၍။ဗာဠှဂိလာနော၊ပြင်းထန်စွာ ဖျားနာသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။အထ ခေါ၊၌။ အာယသ္မာ ဝက္ကလိ၊သည်။ဥပဋ္ဌာကေ၊အလုပ်အကျွေးရဟန်းတို့ကို။ "အာဝုသော၊ငါ့ရှင်တို့။ ထေ၊လာကြကုန်။ တုမ္ဟေ၊ သင်တို့သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမထ၊ ချဉ်းကပ်ကြကုန်။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်၍။ 'ဘန္တေ၊ မြတ်စွာဘုရား။ ဝက္ကလိ၊ ဝက္ကလိမည်သော။ ဘိက္ခု၊ ရဟန်းသည်။ အာဗာဓိကော၊ အနာဆောဂါစွဲကပ်နေပါ၏။ ဒုက္ခိတော၊ဖြစ်သော ဆင်းရဲဝေဒနာရှိပါ၏။ ဗာဠှဂိလာနော၊ ပြင်းထန်စွာ ဖျားနာပါ၏။ သော၊ ထိုဝက္ကလိရဟန်းသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်တို့ကို။ သိရသာ၊ ဦးခေါင်းဖြင့်။ ဝန္ဒတိတိ၊ ရှိခိုးပါ၏' ဟူသော။ မမ၊ ငါ၏။ ဝစနေန၊ စကားဖြင့်။ ဘဂဝတော၊ ၏။ ပါဒေ၊ တို့ကို။ သိရသာ၊ ဖြင့်။ ဝန္ဒထ၊ ရှိခိုးကြကုန်လော။ 'ဘန္တေ၊ ရှား။ သာဓု၊ တောင်းပန်ပါ၏။ ဘဂဝါ၊ သည်။ ယေန၊ ၌။ ဝက္ကလိ ဘိက္ခု၊ ဝက္ကလိရဟန်းသည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ အနုကမ်ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥပသင်္ကမတု ကိရာတိ၊ ချဉ်းကပ်စေလိုပါသတဲ့' ဟူ၍။ ဝေဠု၊ ဤသို့လည်း။ ဝဒေဿာတိ၊ လျှောက်ခြေကြကုန်" ဟူ၍။ အာမန္တေသိ၊ ပြောဆိုပြီ။ တေ ဘိက္ခူ၊ ထိုအလုပ်အကျွေးရဟန်းတို့သည်။ "ဧဝမာဝုသောတိ ခေါ၊ ကောင်းပါပြီ အရှင်"ဟူ၍။ အာယသ္မတော ဝက္ကလိဿ၊ အရှင်ဝက္ကလိ၏ စကားကို။ ပဋိဿုတ္ဝာ၊ ရှေးရှု၍ နာယူ၍။ ဝါ၊ ဝန်ခံ၍။ပ။ဘဂဝန္တံ၊ ကို။ "ဝက္ကလိ ဘန္တေ။ပ။ ဥပါဒါယာတိ၊ ဥပါဒါယ"ဟူသော။ ဧတ္ထ၊ ကို။ အဝေါစုံ၊ ကုန်ပြီ။ ဘဂဝါ၊ သည်။ တုဏှီဘာဝေန၊ ဆိတ်ဆိတ်နေတော်မူသည်၏ အဖြစ်ဖြင့်။ ဇာနိဝါသေတိ၊ လက်ခံတော်မူပြီ။

အထ ခေါ၊၌။ဘဂဝါ၊ သည်။နိဝါသေတ္ဝာ၊ သင်းပိုင်ကိုပြင်ဆင်ဝတ်တော်မူ၍။ပတ္တစီဝရံ၊သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ယေန၊ ၌။ အာယသ္မာ ဝက္ကလိ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ အာယသ္မာ ဝက္ကလိ၊ သည်။ ဘဂဝန္တံ၊ကို။ ဒူရတောဝ၊ အဝေးမှသာလျှင်။ အာဂစ္ဆန္တံ၊ ကြွလာတော်မူသည်ကို။ အဒ္ဒသ ခေါ၊ မြင်ပြီ။ ဒိသ္ဝာန၊ မြင်၍။ မဉ္စကေ၊ ညောင်စောင်းငယ်၌။ သမဓောသိ၊ (အရိုအသေပေးရန်) ထက်ဝန်းကျင်မှ လူပ်ရှားပြီ။ အထ ခေါ၊၌။ ဘဂဝါ၊ သည်။ အာယသ္မန္တံ ဝက္ကလိ၊ ကို။ "ဝက္ကလိ၊ ဝက္ကလိ။ အလံ၊ မသင့်။ တုံ၊ သည်။ မဉ္စကေ၊ ၌။ မာ သမဓောသိ၊ ထက်ဝန်းကျင်မှ မလှုပ်ရှားလင့်။ ပညတ္တာနိ၊ ခင်းထားအပ်ပြီးကုန်သော။ ဣမာနိ အာသနာနိ၊ ဤနေရာလွတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ အဟံ၊ ငါဘုရား

သည်။ တတ္ထ၊ ထိုနေရာလွတ်တို့၌။ နိသီဒိဿာမိတိ၊ ထိုင်တော်မူအံ့”ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ မိန့်တော်မူပြီ။ ဘဂဝါ၊ သည်။ ပညတ္တေ၊ ခင်းထားအပ်ပြီးသော။ အာသနေ၊ နေရာလွတ်၌။ နိသီဒိ၊ ထိုင်တော်မူပြီ။ ဘဂဝါ၊ သည်။ နိသဇ္ဇ ခေါ၊ ထိုင်တော်မူ၍။ အာယသ္မန္တံ ဝက္ကလိံ၊ ကို။ “ဝက္ကလိ၊ ဝက္ကလိ။ ဧတ၊ သင်သည်။ ခမနီယံ ကစ္စိ၊ (ဆင်းရဲဝေဒနာကို) သည်းခံနိုင်၏လော။ ယာပနီယံ ကစ္စိ၊ (ဣရိယာပုထ်ကို) ဖြစ်စေနိုင်၏လော[1]။ ဒုက္ခာ ဝေဒနာ၊ ဆင်းရဲဝေဒနာတို့သည်။ ပဋိက္ကမန္တိ ကစ္စိ၊ ဆုတ်ကုန်၏လော့။ နော အဘိက္ကမန္တိ ကစ္စိ၊ မတိုးကုန်ဘဲရှိ၏လော့။ အာသာနံ၊ ထိုဝေဒနာတို့၏[2]။ ပဋိက္ကမော၊ ဆုတ်ခြင်းကို။ ပညာယတိ ကစ္စိ၊ သိအပ်သည်မဟုတ်လော။ အဘိက္ကမော၊ တိုးခြင်းကို။နော ပညာယတိ ကစ္စိတိ၊မသိအပ်သည်မဟုတ်လော ဟူသော။ ဧတံ၊ကို။အဝေါစ၊ ပြီ။ ဘဒ္ဓေ၊ မြတ်စွာဘုရား။မေ၊တပည့်တော်သည်။နု ခမနီယံ၊ (ဆင်းရဲဝေဒနာကို) သည်းမခံနိုင်ပါ။ နု ယာပနီယံ၊ (ဣရိယာပုထ်ကို) မဖြစ်စေနိုင်ပါ။ မေ၊ တပည့်တော်၏။ ဗာဠှော၊ ပြင်းထန်ကုန်သော။ ဒုက္ခာ ဝေဒနာ၊ ဆင်းရဲဝေဒနာတို့သည်။ အဘိက္ကမန္တိ၊ တိုးပါကုန်၏။ နော ပဋိက္ကမန္တိ၊ မဆုတ်ပါကုန်။ အာသာနံ၊ ထိုဆင်းရဲဝေဒနာတို့၏။ အဘိက္ကမော၊ တိုးခြင်းကို။ ပညာယတိ၊ သိအပ်ပါ၏။ ပဋိက္ကမော၊ ဆုတ်ခြင်းကို။ နော ပညာယတိ၊ မသိအပ်ပါ။ ဣတိ၊ ဤသို့ အရှင်ဝက္ကလိက လျှောက်ပြီ။ ဝက္ကလိ၊ ဝက္ကလိ။ တေ၊သင်၏။ ကိဉ္စိ၊ တစုံတခုသော။ ကုက္ကုစ္စံ၊ နောင်တပူပန်ခြင်းသည်။ နု ကစ္စိ၊ မဖြစ်ပဲရှိ၏လော။ ကောစိ၊ တစုံတခုသော။ ဝိပဋိသာရော၊ နှလုံးမသာယာခြင်းသည်။ နု ကစ္စိ၊ မဖြစ်ပဲရှိ၏လော။ ဣတိ၊ ဤသို့ဘုရားရှင်က မိန့်တော်မူပြီ။ ဘဒ္ဓေ၊ရား။ တတ္ထ၊ စင်စစ်။ မေ၊ တပည့်တော်၏။ အနုပဂံ၊ မနည်းသော။ ကုက္ကုစ္စံ၊သည်။ (အဟု၊ဖြစ်ပြီ။) အနုပဂေါ၊ မနည်းသော။ ဝိပဋိသာရော၊ သည်။ (အဟု၊ ပြီ။) ဣတိ၊ ဤသို့အရှင်ဝက္ကလိက လျှောက်ပြီ။ ဝက္ကလိ၊ ဝက္ကလိ။ တံ၊သင့်ကို။ အတ္ထာ၊ မိမိသည်။ သီလတော၊ သီလ (၏ အဖြစ်)အား‌ဖြင့်။ နု ဥပဝဒတိ ကစ္စိ ပန၊ မစ္ဆပ်စ္ဆဲပဲရှိ၏လော့။ ဣတိ၊ ဤသို့ ဘုရားရှင်က မိန့်တော်မူပြီ။ ဘဒ္ဓေ၊ ရား။မံ၊ တပည့်တော်ကို။ အတ္ထာ၊ မိမိသည်။ သီလတော၊ သီလအား‌ဖြင့်။ နု ခေါ ဥပဝဒတိ၊ မစ္ဆပ်စ္ဆဲပါ။ ဣတိ၊ ဤသို့

၁။ ခမနီယံ ယာပနီယန္တိ ကစ္စိ ဒုက္ခံ ခမိတုံ ဣရိယာပထံ ဝါ ယာပေတုံ သက္ကာတိ ပုစ္ဆတိ။ဌ။ ဣရိယာပထံ ယာပေတုန္တိ သယနာနိသဇ္ဇာဒိဘေဒံ ဣရိယာပထံ ပဝတ္တေတုံ။ ဋီ ။ ခမနီယံ ယာပနီယံတို့၌ ခမုဓာတ် အနီယ ပစ္စည်း,ယာဓာတ် ဏာပေပစ္စည်း, အနီယ ပစ္စည်း။ဇင်း အနီယပစ္စည်းသည် ဤအဆုံး သက်ဆိုက်, ဘောဟောဖြစ်၍ ကစ္စိတော်၌ တေကို အဝုတ္တကတ္တားကြုံပြီး “တေ၊ သင်သည်။ ခမနီယံ ကစ္စိ၊ သည်းခံနိုင်၏လော။ ယာပနီယံ ကစ္စိ၊ ဖြစ်စေနိုင်၏လော”ဟု အနက်သမ္မန်လိုက်သည်။

၂။ ပဋိက္ကမောသာနံ၌ ပဋိက္ကမော အာသာနံဟုပုဒ်ဖြတ်၊ အာသာနံ၌ နံဝိဘတ်ကို သာနံပြု, တသဒ္ဒါကို (သံအပြုနှင့်အလားတူသော) သာနံအပြုကြောင့် သဿာသို့သံသာသုတ်သုတ်ဖြင့်ပင် အပြု, အာပစ္စည်းသက်၍ အာသာနံဟုပြီး၏။ နာသံ ကုဋ္ဌန္တိ ခု၊ ၅၊ ၁၆-နှင့်လျော်၏။ တနည်းပဋိက္ကမောသာနံ၌ ပဋိက္ကမော ဧသာနံဟုခဲ့၊ ဧတမ္ပ တကို သပြု,အာပစ္စည်းသက် နံဝိဘတ်ကို သံမပြုပဲထား,ဧသာနံပြီး၏။ ဤနည်းသည် ပဋိက္ကမောသာနန္တိ ပဋိက္ကမော ဧတာသံဖွင့်သော ဤအဋ္ဌကထာနှင့် သင့်လျော်၏။သဒ္ဒနီတိ ပဒမာလာ စာမျက်နှာ ၃၆၅-၌ ဧတ္ထ ပန “အဘိက္ကမောသာနံ ပညာယတိ, နာသံ ကုဋ္ဌန္တိ ပဏ္ဍိတာ ခိဋ္ဌာပကိဟိတာ တျာဋေ၊ ရတိ တျာသု ပတိဋ္ဌိတာ။ ဗီဇာနိ တျာသု ရုဟန္တီ”တိ ပယောဂဒဿနတော“သာနံ အာသံ တျာသူ”တိ ဣမာနိ ဝုတ္တာနံ အက္ခရစိန္တကာနံ ဥဏာစရိယမုဠုသဒ္ဒနယဒဿနတာနိဟု မိန့်၏။ အဘိက္ကမော တပုဒ်, သာနံတပုဒ်ခဲ့၍ ဣတ္ထိလိင် တာသဒ္ဒါ ပဒမာလာစဉ်၌ နာသံ, တာသံ, သာနံ, အာသံဟု နံဝိဘတ်အရာ လေးရုပ်စဉ်ထား၏။ သာနံကို တသဒ္ဒါ အာပစ္စည်း နံဝိဘတ်(တသဒ္ဒါကို သပြု, နံဝိဘတ်ကို သံမပြုပဲ)ဖြင့် ရုပ်ပြီးစီရင်လို၏။

အရှင်ဝက္ကလိက လျှောက်ထားပြီ။ ဝက္ကလိ၊ ဝက္ကလိ။ တံ၊ ကို့။ အတ္တာ၊ သည်။ သိလတော၊ အားဖြင့်။ နော စေ ဥပဝဒတိ ကိရ၊ အကယ်၍မစ္ဆပ်စွဲပဲရှိငြားအံ့။ အထ၊ ထိုသို့ဖြစ်လျှင်။ တေ၊ သင်၏။ ကုက္ကုစ္စံ၊ သည်။ကိဉ္စ၊ အဘယ်နည်း။ဝိပ္ပဋိသာရော၊ သည်။ ကော စ၊အဘယ်နည်း။ ဣတိ၊ ဤသို့ ဘုရားရှင်က မိန့်တော်မူပြီ။ ဘန္တေ၊ ရား။ အဟံ၊ တပည့်တော်သည်။ စိရပဋိကော၊ ကြာမြင့်စွာသော ကာလကိုစွဲ၍ ဖြစ်သည်ဖြစ်၍။ စ၊ ကြာမြင့်စွာသော ကာလမှစ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ ဥပသင်္ကမိတုကာမော၊ ချဉ်းကပ်လိုပါ၏။ အဟံ၊ တပည့်တော်သည်။ ယာဝတာ၊ အကြင်မျှလောက်သော အားအစွမ်းဖြင့်။ ဘဂဝန္တံ၊ ကို့။ ဒဿနာယ၊ ငှါ။ ဥပသင်္ကမေယ်ျ၊ ချဉ်းကပ်နိုင်ရာ၏။ မော၊ တပည့်တော်၏။ ကာယသ္မိံ၊ ကိုယ်၌။ တာဝတိကာ၊ ထိုမျှလောက်သော။ ဗလမတ္တာ၊ အားအစွမ်းမျှသည်။ နတ္ထိ စ၊ မရှိသည်သာတည်း။ ဣတိ၊ ဤသို့ အရှင်ဝက္ကလိက လျှောက်ပြီ။

ဝက္ကလိ၊ ဝက္ကလိ။ အလံ၊ မသင့်။ ဒိဋ္ဌေန၊ ဖူးမြင်အပ်သော။ဣမိနာ ပူတိကာယေန၊ ဤပုပ်သော ကိုယ်ဖြင့် [၁]။ တေ၊ သင့်အား။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ ဝက္ကလိ၊ ဝက္ကလိ။ ယော ခေါ၊ အကြင်သူသည်။ ဓမ္မံ၊ လောကုတ္တရာတရားကိုးပါးကို။ ပဿတိ၊ (ဉာဏ်ဖြင့်) ရှုမြင်၏ [၂]။ သော၊ ထိုသူသည်။ မံ၊ (လောကုတ္တရာတရား ကိုးပါးကို ရခြင်း၏အကြောင်းဖြစ်သော အရဟံ စသော

၁။ ပူတိကာယေနာတိ အတ္တနော သုဝဏ္ဏဝဏ္ဏမို ကာယံ ဘဂဝါ ဓုဝပဂ္ဃရဏဒ္ဌေန ဇေဂုစ္ဆာ။ဌ။ ဘုရားရှင်သည် မိမိ၏ကိုယ်ကို ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိပါသော်လည်း အမြဲစီးယိုတတ်သော အနုက်သဘောအရ ပူတိကာယဟု မိန့်တော်မူ၏။ ၎င်းပကတိကိုယ်ကို မံသစက္ခုဖြင့် ရှုမြင်နေရုံမျှဖြင့် အကျိုးမရှိဟု မိန့်တော်မူလို ရင်းဖြစ်၏။

၂။ ယော ခေါ ဝက္ကလိ ဓမ္မန္တိ ဣဓ ဘဂဝါ "မေ့ကာယော ခေါ မဟာရာဇ တထာဂတော" တိ ဝုတ္တံ ဓမ္မကာယတံ ဒဿေတိ၊ နဝဝိဓော ဟိ လောကုတ္တရမေ့ော တထာဂတဿ ကာယော နာမ။ဌ။ သတ္ထုဂုဏသရီရံ နာမ နဝဝိဓလောကုတ္တရဓမ္မာဓိဂမမူလန္တိ ကတွာ ဝုတ္တံ နဝဝိဓော ဟိ။ပ။ ကာယော နာမာတိ၊ ယထာ သတ္ထာနံ ကာယော ပဋိသန္ဓိမူလကော။

ယော ခေါ ဝက္ကလိ မေ့ဝ်ဌ် ဓမ္မံဖြင့် ဤအရာဌ် မြတ်စွာဘုရားသည် "ဓမ္မကာယော ခေါ မဟာရာဇ တထာဂတော"ဟု မိန့်ဆိုတော်မူအပ်သော ဓမ္မကာယ၏အဖြစ်ကို ပြတော်မူ၏။ မှန်၏။ ကိုးပါးအပြားရှိသော လောကုတ္တရာတရားသည် မြတ်စွာဘုရား၏ ကိုယ်မည်၏ဟု အဌကထာဌ် မိန့်ဆိုသောကြောင့် "ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။ ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတိ။ ဓမ္မံ ဟိ ဝက္ကလိ ပဿန္တော မံ ပဿတိ။ မံ ပဿန္တော ဓမ္မံ ပဿတိ"တို့ဌ် ဓမ္မံအရှန့် မံအရ လောကုတ္တရာတရားကိုးပါးချည်းကောက်ယူ မည်။ ခဲ့ပြီးအံ့—ဓမ္မံအရ နဝဝိဓလောကုတ္တရမေ့, မံ အရ တထာဂတကာယ ရသော်လည်း နဝဝိဓလောကုတ္တရ ဓမ္မနှင့် တထာဂတကာယ အတူတူပင်ဖြစ်၏။ တူပုံမှာ 'ဓမ္မကာယော ခေါ မဟာရာဇ တထာဂတော....ဘုရားရှင်သည် ဝါ-ဘုရားရှင့်ကိုယ်သည် လောကုတ္တရာကိုးပါးတရားအပေါင်းတည်း'ဟု ဆိုသဖြင့် ဘုရားကိုယ်ခန္ဓာတော်နှင့် လောကုတ္တရာကိုးပါးတရား အတူတူဟု ဆိုရာရောက်၏။ အမှန်စင်စစ်အားဖြင့် ဘုရားရှင့်ကိုယ်သည်ကား မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာတရားမဖြစ်နိုင်၊ သို့သော် ဘုရားရှင်၏ အရဟံစသောဂုဏ်တို့ဖြင့် ထုံအပ်သော ကိုယ်တော်ကို ဉာဏ်စက္ခုဖြင့် ရှုမြင်သောသူသည် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာတရားတို့ကိုရနိုင်၏ ယင်းသို့ (သတ္တဝါတို့၏ကိုယ်ခန္ဓာသည် ပဋိသန္ဓေဟူသော အကြောင်းရှိသကဲ့သို့) ဘုရားရှင့်ကိုယ်ခန္ဓာက မိမိ

ဂုဏ်တို့ဖြင့် ထုံအပ်သော) ငါဘုရား (ကိုယ်) ကို။ ပဿတိ၊ (ဥာဏ်ဖြင့်) ရှုမြင်သည်မည်၏။ ယော၊ သည်။ မံ၊ ကို။ ပဿတိ၊ ၏။ သော၊ သည်။ ဓမ္မံ၊ ကို။ ပဿတိ၊ ၏။ ဝက္ကလိ၊ ဝက္ကလိ။ ဟိ၊ မှန်၏။ ဓမ္မံ၊ ကို။ ပဿန္တော၊ ရှုမြင်သူသည်။ မံ၊ ကို။ ပဿတိ၊ ၏။ ပံ၊ ကို။ ပဿန္တော၊ သည်။ ဓမ္မံ၊ ကို။ ပဿတိ၊ ၏။

(တံ ကိံ မညသိ ဝက္ကလိ၊ ရှုပံ နိစ္စံ ဝါ မှစ၍ ပဇာနာတီတိ အထိ အနတ္တလက္ခဏသုတ် စာပိုဒ် ၅၉-၌ ရေးခဲ့ပြီ။)

အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ အာယသ္မန္တံ ဝက္ကလိံ၊ ကို။ ဣမိနာ ဩဝါဒေန၊ ဤ အဆုံး အမဖြင့်။ ဩဝဒိတ္ဝာ၊ ဆုံးမတော်မူပြီး၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ယေန၊ ၌။ ဂိဇ္ဈကူဋော ပဗ္ဗတော၊ ဂိဇ္ဈကူဋ်တောင်သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ပက္ကာမိ၊ ဖဲကြတော်မူပြီ။ အထ ခေါ၊ ၌။ အာယသ္မာ ဝက္ကလိ၊ သည်။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ အစိရပက္ကန္တဿ၊ မကြာမီ ဖဲကြတော်မူသည်ဖြစ်၍။ ဝါ၊ ဖဲကြ၍ မကြာမီ။ ဥပဋ္ဌာကေ၊ အလုပ်အကျေးရဟန်းတို့ကို။ "အာဝုသော၊ ငါ့ရှင်တို့။ ထေ၊ လာကြကုန်။ မံ၊ ငါ့ကို။ မဥ္ဇကံ၊ ညောင်စောင်းငယ် သို့။ အာရောပေတ္ဝာ၊ တင်၍။ ယေန၊ ၌။ ဣသိဂိလိပဿံ၊ ဣသိဂိလိတောင်နံပါးသည်။ ကာဠသိလာ၊ ကျောက်ညိုပေါ်၌ ဆောက်ထားအပ်သော ကျောင်းသည်။ (ကာဠသိလာတိ ကာဠသိလာ-ဝိဟာရော။ ဌ။ ကာဠသိလာယံ ကတဝိဟာရော ကာဠသိလာဝိဟာရော။ ဋီ။) (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမထ၊ ချဉ်းကပ်ကြကုန်။ မာဒိသော၊ ငါကဲ့သို့ရှုအပ်သောသူသည်။ ကထံ ဟိ၊ အဘယ်အကြောင်းကြောင့်။ အန္တရဃရော၊ အိမ်တွင်း၌။ (အိုးထိန်းသည်၏ တဲအိမ်၌။) ကာလံ၊ အတွဘောကိုပစ်ချခြင်းကို။ ကတ္တဗ္ဗံ၊ ပြုထိုက်၏ဟု။ မညေယျ နာမာတိ၊ မှတ်ထင်ဆာအံ့နည်း"ဟူ၍။ အာမန္တေသိ၊ ပြောဆိုပြီ။ တေ ဘိက္ခူ၊ ထိုအလုပ်အကျေးရဟန်းတို့သည်။ "ဝေမာဝုသော တိ ခေါ၊ ကောင်းပါပြီအရှင်"ဟု။ အာယသ္မတော ဝက္ကလိဿ၊ အရှင်ဝက္ကလိ၏စကားကို။ ပဋိဿုတ္ဝာ၊ ရှေးရှုနာယူ၍။ ဝါ၊ ဝန်ခံ၍။ အာယသ္မန္တံ ဝက္ကလိံ၊ ကို။ မဥ္ဇကံ၊ သို့။ အာရောပေတ္ဝာ၊ ၍။ ယေန၊ ၌။ ဣသိဂိလိပဿံ၊ သည်။ ကာဠသိလာ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိံသု၊ ချဉ်းကပ်ကုန်ပြီ။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ တဉ္ဉေ ရတ္တိံ၊ ထို ညဉ့်ပတ်လုံးဌင်း။ တဉ္ဉေ ဒိဝါဝသေသံ၊

ဥာဏ်စက္ခုဖြင့် ရှုမြင်သူတို့ မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း အခြေကြောင်းရင်းရှိသောကြောင့် ကာရဏူပစာအားဖြင့် ကိုယ်ခန္ဓာကို လောကုတ္တရဓမ္မကာယဟု ဆိုရလေသည်။ ထိုကြောင့် ဋီကာ "သတ္ထု ဂုဏသရီရံ နာမ။ပ။ ပဋိသန္ဓိ-မူလကော"ဟု မိန့်သည်။

သို့ဖြစ်ရကား "ကိုးပါးအပြားရှိသော လောကုတ္တရာတရားကို ဥာဏ်စက္ခုဖြင့် ရှုမြင်သူသည် ၎င်းတရားတို့ကို ရခြင်းအကြောင်းဌာနဖြင့် ငါဘုရား၏ အရဟံစသောဂုဏ်တို့ဖြင့် ထုံအပ်သည့်ကိုယ်ကို ဥာဏ်စက္ခုဖြင့် ရှုမြင်သည်မည်၍, ငါဘုရားကိုယ်ကို ရှုမြင်သူကလည်း ထိုတရားကို ရှုမြင်သည်မည်ပေ၏"ဟု အပြန်အလှန်မိန့်တော်မူသည်။ ဆိုလိုရင်းကား—တရားကိုရှုလျှင်လည်း ငါဘုရားကိုရှုရာရောက်၍ ငါဘုရားကိုရှုလျှင်လည်း တရားကိုရှုရာရောက်၏။ အကြောင်းမှာ-လောကုတ္တရာတရားကို ဥာဏ်ဖြင့်မြင်အောင် အားထုတ်မှုနှင့် ငါဘုရားဂုဏ်တော်ကို ဥာဏ်ဖြင့်မြင်အောင် အားထုတ်မှုသည် အတူတူဖြစ်သောကြောင့်တည်း။

ထို့ကြောင့် "ဘုရား၏ဂုဏ်ကို အာရုံပြု ရှိခိုးနေဘို့မလို တရားကိုသာ အားထုတ်ဘို့လို၏၊ တရားအားထုတ်ဘို့ မလို၊ ဘုရား၏ဂုဏ်ကိုသာ အာရုံပြု ရှိခိုးနေဘို့လို၏" ဟူသော ဆင်ခြေတက် တဖက်သတ် အယူသည်းမှုကို ရှောင်ရှားခြင်းငှါ စွမ်းနိုင်ထသတည်း။

ထိုကြောင်းကျန်သော နေ့ပတ်လုံးငင်း။ ဂိဇ္ဈကူဋ္ဌေ ပဗ္ဗတေ၊ ၌။ ဝိဟာသိ၊ နေတော်မူပြီ။ အထ ခေါ၊ ၌။ ဒေဝ၊ နှစ်ယောက်ကုန်သော။ ဒေဝတာယော၊ သုဒ္ဓါဝါသဗြဟ္မာတို့သည်။ (ဒေဝတာတိ သုဒ္ဓါ-ဝါသဒေဝတာ။ ဋီ။) အာဘိက္ကန္တာယ၊ အလွန်နှစ်သက်ဖွယ်ကောင်းသော။ (တပစ္ဆာညဉ်းသည် တဗ္ဗ ပစ္ဆာညဉ်း၏အနက်၌သက်၏။) ရတ္တိယာ၊ ညဉ့်၌။ အာဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်သက်ဖွယ်ကောင်းသော အဆင်းရှိကုန်သည်ဖြစ်၍။ ဂိဇ္ဈကူဋ္ဌံ၊ ဂိဇ္ဈကူဋ္ဌတောင်ကို။ ကေဝလကပ္ပံ၊ အလုံးစုံလောက်နီးနီး။ (ကေဝလပုဒ် ကပ္ပပစ္ဆာညဉ်း။ ဤသံဉီနအနုက်၌သက်။ မောဂ်နိဿယ-နှာ-၆၆၅။) ဩဘာသေတ္ဝာ၊ ထွန်းလင်းစေပြီး၍။ ပ။ အဋ္ဌံသု၊ တည်ကုန်ပြီ။ ကေမန္တံ၊ တခုသောအရပ်အဖို့၌။ ဌိတာ ခေါ၊ တည်သော။ ကော၊ တယောက်သော။ ဒေဝတာ၊ သုဒ္ဓါဝါသဗြဟ္မာသည်။ ဘဂဝန္တံ၊ကို။ "ဘန္တေ၊ မြတ်စွာဘုရား။ ဝက္ကလိ၊ ဝက္ကလိမည်သော။ ဘိက္ခု၊ ရဟန်းသည်။ ဝိမောက္ခာယ၊ အရဟတ္တမဂ္ဂ ဝိမောက္ခအကျိုးငှါ။ (ဝိမောက္ခာယာတိ မဂ္ဂဝိမောက္ခတ္ထာယ။ ဌ။ မဂ္ဂဝိမောက္ခတ္ထာယာတိ အဂ္ဂမဂ္ဂ ဝိမောက္ခာဓိဂမာယ။ဋီ။) စေတေတိတိ၊ စေ့ဆော်အားထုတ်၏" ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ လျှောက်ပြီ။ အပရာ၊ တပါးသော။ ဒေဝတာ၊ သုဒ္ဓါဝါသဗြဟ္မာသည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ ရား။ သော ဟိ၊ ထိုဝက္ကလိရဟန်းသည်။ သဝိမုတ္တော (အရဟတ္တဖလဝိမုတ္တိဖြင့်) ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်သည်ဖြစ်၍။ ဝိမုစ္စိဿတိ နှုနာတိ၊ လွတ်မြောက်လိမ့်ယောင်တကား" ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ တာ ဒေဝတာယော၊ ထိုသုဒ္ဓါဝါသဗြဟ္မာတို့သည်။ ဣဒံ၊ ဤစကားကို၊ အဝေါစုံ၊ လျှောက်ကုန်ပြီ။ ဣဒံ၊ ဤစကားကို။ ဝတ္ဝာ၊ လျှောက်ပြီး၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတ္ဝာ၊ ရှိသေစွာရှိခိုးပြီး၍။ ပဒက္ခိဏံ၊ အရှိအသေကို။ ကတ္ဝာ၊ ပြု၍။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ အန္တရဓာယိံသု၊ ကွယ်ပျောက်ကုန်ပြီ။

အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ တဿာ ရတ္တိယာ၊ ထိုညဉ့်၏။ အစ္စယေန၊ လွန်သောအခါ၌။ ဘိက္ခူ၊၊ ရဟန်းတို့ကို။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဇထ၊ လာကြကုန်။ တုမ္ဟေ၊ သင်တို့သည်။ ယေန၊ ၌။ ဇေတဝနံ ဘိက္ခု၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမထ၊ချဉ်းကပ်ကြကုန်။ ဥပသင်္-ကမိတ္ဝာ၊ ၍။ ဝဇ္ဇံ ဘိက္ခု၊ ကို။ 'အာဝုသော ဝက္ကလိ၊ ငါ့ရှင်ဝက္ကလိ။ တံ၊ သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏ငင်း။ ဒိန္နဥ္စ ဒေဝတာနံ၊ သုဒ္ဓါဝါသဗြဟ္မာနှစ်ယောက်တို့၏ငင်း။ ဝစနံ၊ စကားကို။ သုဏာ၊ နားထောင်ဦးလော့။ အာဝုသော၊ ငါ့ရှင်။ ဣမံ ရတ္တိံ၊ ဤညဉ့်၌။ ဒွေ၊ နှစ်ယောက်ကုန်သော။ ဒေဝတာယော၊ သုဒ္ဓါဝါသဗြဟ္မာတို့သည်။ ပ။ ဝိမုစ္စိဿတီ

စောင်းငယ်မှ။ သြရောပေထ၊ ချပါကုန်လေ၃။ မာဒိသော၊ ငါကဲ့သို့ ရှုအပ်သောသူသည်။ ကထံ ဟိ၊ အဘယ်အကြောင်းကြောင့်။ ဥစ္စာ၊ မြင့်သော။ အာသနေ၊ နေရာပေါ်၌။ နိသီဒိတ္ဝာ၊ ထိုင်၍။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ သာသနံ၊ အဆုံးအမသြဝါဒကို။ သောတဗ္ဗံ၊ နာယူထိုက်၏ဟု။ မညေယျ နာမာတိ၊ မှတ်ထင်ရာအံ့နည်း”ဟူ၍။ အာမန္တေသိ၊ ပြောဆိုပြီ။

တေ ဘိက္ခဝေ၊ တို့သည်။ပ။ အာယသ္မန္တံ ဝက္ကလိ ံ၊ ကို။ မဥ္ဇကာ၊ ညောင်စောင်းငယ်ပေါ်မှ။ သြရောပေသုံ၊ ချကုန်ပြီ။ (ဤမံ အာဝုသောမှ ကာလင်္ကိရိယာတိ အထိ ပေးမြဲ။) အာဝုသော၊ ငါ့ရှင်တို့။ တေန ဟိ၊ ထိုသို့ဖြစ်မူ။ “ဘန္တေ၊ ရား။ ဝက္ကလိ ဘိက္ခဝေ၊ သည်။ပ။ ဝန္ဒတိတိ၊ ရှိခိုး၏”ဟူသော။မမ၊ ငါ၏။ ဝစနေန၊ စကားဖြင့်။ဘဂဝတော၊၏။ ပါဒေ၊ တို့ကို။ သိရသာ၊ ဦးဖြင့်။ ဝန္ဒထ၊ ရှိခိုးကြပါကုန်လေ၃။ “ရှုပံ၊ ရုပ်သည်။ အနိစ္စံ၊ မမြဲ။ ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ တံ၊ ထိုမမြဲသော ရုပ်ကို။ နု ကခ်ိမိ၊ ယုံမှားမရှိ အမှန်သိ၏။ ယံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော ရုပ်ကို။ ဒုက္ခန္တိ၊ ဆင်းရဲဟူ၍။ နု ဝိစိကိစ္ဆာမိ၊ တွေးတောမရှိ အမှန်သိ၏။ ယံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲတည်း။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်တတ်သော သဘောရှိ၏။ တတ္ထ၊ ထိုမမြဲ,ဆင်းရဲသောရုပ်၌။ မေ၊ တပည့်တော်၏။ ဆန္ဒော ဝါ၊ လိုချင်ခြင်းသည်၎င်း။ရာဂေါ ဝါ၊တပ်မက်ခြင်းသည်၎င်း။ ပေမံ ဝါ၊ ချစ်ခြင်းသည်၎င်း။ နတ္ထိတိ၊ မရှိဟူ၍။ နု ဝိစိကိစ္ဆာမိ၊ တွေးတောမရှိ အမှန်သိ၏။ (ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တို့၌လည်း ဤနည်းပေး။) နု ဝိစိကိစ္ဆာမိတိ၊ တွေးတောမရှိ အမှန်သိ၏”ဟူ၍။ ဝေဠ္ဍ၊ဤသို့လည်း။ ဝဒေထ၊ လျှောက်ပါလေကုန်လေ၃။ ဤတိ၊ ဤသို့ အရှင်ဝက္ကလိက ပြောဆိုပြီ။ တေ ဘိက္ခဝေ၊ တို့သည်။ပ။ ပက္ကမိ ံသု၊ ဖဲသွားကုန်ပြီ။ အထ ခေါ၊ ၌။ အာယသ္မာ ဝက္ကလိ၊ သည်။ တေသု ဘိက္ခဝေသု၊ ထိုရဟန်းတို့သည်။ အစိရပက္ကန္တေသု၊ ဖဲသွားကုန်၍ မကြာမီ။ သတ္ထံ၊ ထားကို။ အာဟရေသိ၊ ဆောင်ယူ(လည်ဖြတ်-သတ်)လေပြီ ၁။

အထ ခေါ၊ ၌။ တေဘိက္ခဝေ၊ တို့သည် ။ပ။ ဘဂဝန္တံ၊ကို။ “ဝက္ကလိ ဘန္တေ ။ပ။ နု ဝိစိကိစ္ဆာ-မိတိ၊ နု ဝိစိကိစ္ဆာမိ” ဟူသော။ တေ၊ကို။ အဝေါစုံ၊ကုန်ပြီ။

အထ ခေါ၊၌။ ဘဂဝါ၊သည်။ ဘိက္ခဝေ၊ ရဟန်းတို့ကို။ “ဘိက္ခဝေ၊ ရဟန်းတို့။ အာယာမ၊ လာ, ားကြကုန်စို့။ ယေန၊၌။ ဣသိဂိလိပဿ၊ ဣသိဂိလိတောင်နံပါးသည်။ ကာဠသိလာ၊ ကျောက်ညိုပေါ်၌ဆောက်ထားအပ်သောကျောင်းသည်။(အတ္ထိ၏။)တေန၊သို့။ဥပသင်္ကမိဿာမ၊ချဉ်းကပ်ကုန်အံ့။ ယတ္ထ၊ ယင်းဣသိဂိလိတောင်နံပါး ကျောက်ညိုပေါ်၌ ဆောက်ထားအပ်သော ကျောင်း၌။ ဝက္ကလိနာ၊ ဝက္ကလိမည်သော။ ကုလပုတ္တေန၊ အမျိုးကောင်းသား သည်။ သတ္ထံ၊ ထားကို။ အာဟ-ရိတန္တိ၊ ဆောင်ယူ (လည်ဖြတ်-သတ်)အပ်ပြီ” ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။ တေ ဘိက္ခဝေ၊

၁။ အရှင်ဝက္ကလိသည် ရဟန္တာဟု မှတ်ထင်နေရာ ဆင်းရဲဝေဒနာနှိပ်စက်လွန်းသဖြင့် လည်တံကို ထားဖြင့် လိုးသတ်သောအခါ ဆင်းရဲဝေဒနာအားကြီးလှမှ ပုထုဇဉ်မှန်းသိ၍ မူလစီးဖြန်းနေကျ ကမ္မဋ္ဌာန်းကို သုံးသပ်ဆင်ခြင်၍ ရဟန္တာဖြစ်ပြီးလျှင် ကွယ်လွန်လေသည်။ ၎င်းအရှင်ဝက္ကလိမှာ ရဟန္တာ၏ ပစ္ဆိဝေက္ခဏာဉာဏ် ၁၉ ပါးလုံး မရနိုင်၊ ထားဖြင့် ဦးခေါင်းကို ဖြတ်စဉ် ပစ္ဆိဝေက္ခဏာဉာဏ် ၁-ပါး - ၂-ပါး မချတ်ရနိုင်ကြောင်း ဘဂ္ဂကထာ၌ ဆိုသည်။ ဋီကာ၌ ပစ္ဆိဝေက္ခဏာဉာဏ် ၁-ပါး - ၂-ပါး ရသည်ဟု ဆိုသည်ကား “သဘာဝအားဖြင့် မချတ်ရနိုင်ကြောင်း”ဆိုခြင်းဖြစ်သည်။ မဂ် ဖိုလ် နိဗ္ဗာန် ပစ္ဆိဝေက္ခဏာဉာဏ်တို့သည် တိုထိုမဂ်မှ ထဆုံ၌ ဖြစ်ကြကုန်၏။၁-ပါး - ၂-ပါး ဂဏန်းတပ်၍ ဆိုလိုက်ခြင်းမှာ ပစ္ဆိဝေက္ခဏာဉာဏ် ရနိုင်ကြောင်း သိရန်ဆိုသည်ဟု မိန့်၏။

တို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏ စကားကို။ "ဧဝံ ဘန္တေ တိ ခေါ၊ မှန်ပါအရှင်ဘုရား" ဟု။ ပစ္စဿောသုံ၊ ရှေးရှုနာယူကုန်ပြီ။ ဝါ၊ ဝန်ခံကုန်ပြီ။ အထ ခေါ၊၌။ ဘဂဝါ၊ သည်။ သမ္မဟုလေဟိ၊ များစွာကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ပ။ ဥပသင်္ကမိ၊ပြီ။ ဘဂဝါ၊သည်။ အာယသ္မန္တံ ဝက္ကလိံ၊ အရှင်ဝက္ကလိကို။ ဒုရတောဝ၊ အဝေးမှသာလျှင်။ မဒ္ဒကော၊ ညောင်စောင်းငယ်ပေါ်၌။ ဝိဝတ္တက္ခန္ဓံ၊ ပြန်လည်သော ပခုံး (ဦးခေါင်း)ရှိသည်ဖြစ်၍။ သေမာနံ၊ လဲလျောင်းနေသည်ကို။ အဒ္ဒသာ ခေါ၊ မြင်တော်မူပြီ။[၁]

တေန ခေါ ပန သမယေန၊၌။ ဓူမာယိတတ္တံ၊ အခိုး (တိမ်)ကဲ့သို့ပြုသည်၏ အဖြစ်သည်။တိမိ-ရာယိတတ္တံ၊ အမိုက်မှောင် (တိမ်)ကဲ့သို့ပြုသည်၏ အဖြစ်သည်[၂]။ ပုရိမံ ဒိသံ၊ အရှေ့အရပ်သို့။ ဂစ္ဆ-တေဝ၊ သွားသည်သာလျှင်တည်း။ ပစ္ဆိမံ ဒိသံ၊ အနောက်အရပ်သို့။ ဂစ္ဆတိ ဧဝ၊သွားသည်သာလျှင်တည်း။ ဥတ္တရံ ဒိသံ၊ မြောက်အရပ်သို့။ ဂစ္ဆတိ ဧဝ၊ တည်း။ ဒက္ခိဏံ ဒိသံ၊ တောင်အရပ်သို့။ ဂစ္ဆတိ ဧဝ၊ တည်း။း ဥဒ္ဓံ ဒိသံ၊ အထက်အရပ်သို့။ ဂစ္ဆတိ ဧဝ၊ တည်း။ အဓော ဒိသံ၊ အောက်အရပ်သို့။ ဂစ္ဆတိဧဝ၊ တည်း။ အနုဒိသံ၊ ထောင့်အရပ်သို့။ (ထောင့်လေးထောင့်လုံးယူ။) ဂစ္ဆတိ-ဧဝ၊တည်း။ အဏ ခေါ၊၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊၊ ရဟန်းတို့ကို။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဓူမာယိ-တတ္တံ၊ အခိုး (တိမ်)ကဲ့သို့ပြုသည်၏အဖြစ်သည်။ပ။အနုဒိသံ၊ထောင့်အရပ်သို့။ ဂစ္ဆတိ ဧဝ၊ တည်း။ ဧတံ၊ ဤအခိုးအမှောင်ကဲ့သို့ပြုသည်၏အဖြစ်၏ အရပ်ထိုထို သွားနေခြင်းကို။ တုမှေ၊သင်တို့သည်။ ပဿထ နောတိ၊ မြင်ကြကုန်သလော" ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။ ဧဝံ ဘန္တေ၊ မှန်ပါအရှင်ဘုရား။ ဘိက္ခဝေ၊ တို့။ ယော၊ ဤသွားနေခြင်းသည်။ ပါပိမာ၊ ယုတ်မာမှုရှိသော။ မာရော၊ မာရ်နတ်သည်။ ဝက္ကလိဿ ကုလပုတ္တဿ၊ ဝက္ကလိ အမျိုးကောင်းသား၏။ ဝိညာဏံ၊ ဝိညာဉ်ကို။ 'ဝက္ကလိဿ ကုလပုတ္တဿ၊ ၏။ ဝိညာဏံ၊ သည်။ ကတ္ထ၊ အဘယ်၌။ ပတိဋ္ဌိတန္တိ၊ တည်သနည်း' ဟု။ သမန္နေသတိ၊ အဖန်ဖန်ရှာ၏။ ဘိက္ခဝေ၊ တို့။ ဝက္ကလိ ကုလပုတ္တော၊ သည်။ အပ္ပတိဋ္ဌိတေန စ၊ မည်သည့်အရပ်၌မျှ မတည်သော။ ဝိညာဏေန၊ ဝိညာဉ်ဖြင့်။ (အပ္ပတိဋ္ဌိတေန ဝိညာဏေန=အပ္ပတိဋ္ဌိတဝိညာဏော၊ အဘယ်၌မျှမတည်သော ဝိညာဉ်ရှိသည်ဖြစ်၍။ သော်လည်းပေး။) ပရိနိဗ္ဗုတော၊ ခန္ဓာဇာတ်သိမ်း ငြိမ်းလေပြီ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ပဋ္ဌမံ၊ ငါးခုမြောက်သောသုတ်တည်း။

၁။ အရှင်ဝက္ကလိသည် ပက်လက်အိပ်လျက် ထားဖြင့်လည်ကိုဖြတ်လိုက်သော ကိုယ်ပိုင်းသည် ပကတိပက်လက်အတိုင်းဖြစ်၍ ဦးခေါင်းမှာ လက်ျာနံဘေးလည်ကျ၍ တည်နေသည်။ အရိယာပုဂ္ဂိုလ်တို့သည် များသောအားဖြင့် လက်ျာနံတောင်း စောင်းလျက် ကွယ်လွန်ရိုး ထုံးစံရှိကြသောကြောင့် ထိုကဲ့သို့ ဦးခေါင်း လက်ျာဘက် ခောင်းလည်နေကြောင်းဆိုကြကုန်၏ ဟု အဋ္ဌကထာ၌ မိန့်၏။

၂။ ဓူမာယိတတ္တန္တိ ဓူမာယနဘာဝံ။ တိမိရာယိတတ္တန္တိ တိမိရာယနဘာဝံ။ ဓူမဝလာဟကံ ဝိယ တိမိရဝ-လာဟကံ ဝိယ စာတိ အတ္ထော။ ဌ။ ဓူမာယနဘာဝေါ ဓူမာကာရတာ၊ တထာ တိမိရာယနဘာဝေါ။ ဋီ။ ဓူမော ဝိယ အာစရတီတိ ဓူမာယတိ၊ ဓူမာယတိတိ ဒုမာယိတံ၊ တဿ ဘာဝေါ ဒုမာယိတတ္တံ ဟုပြု။တိမိရာယိတတ္တံ၌လည်း ဤနည်း။ ဓူမာယိတတ္တန္တိ ဓူမာယိတဘာဝံ။ သဂါထကမာရသံယုတ်။ ရုပ်ပြီးပုံကို မောဂ်-နိဿယ ဏာဒိကဏ္ဍ နှာ ၆၃၅-၌။

၆-အဿဇိသုတ်

၈၈။ (ဧကံ သမယံ။ပ။ကလန္ဒကနိဝါပေ။ပေးမြဲ။)တေန ခေါ ပန သမယေန၊ ဌ္ဍ။ အာယသ္မာ အဿဇိ၊ အရှင်အဿဇိသည်။ အာဗာဓိကော၊ အနာရောဂါရှိ (စံကပ်) သည်ဖြစ်၍။ ဒုက္ခိတော၊ ဖြစ်သော ဆင်းရဲဝေဒနာရှိသည်ဖြစ်၍။ ဗာဠှဂိလာနော၊ ပြင်းထန်စွာ နာဖျားသည် ဖြစ်၍။ ကဿပကာရာမေ၊ ကဿပသူဌေးဆောက်လုပ် (လှူဒါန်း) အပ်သော အရံကျောင်း၌။ ဝိဟရတိ၊ ၏။(အထ ခေါ အာယသ္မာ အဿဇိ မှစ၍ ကောစိ ဝိပ္ပဋိသာရောတိအထိ ဝက္ကလိသုတ်နှင့်တူ၏။) ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ ပုဗ္ဗေ ခေါ၊ရှေးအခါ၌။ ဂိလညေ၊ နာဖျားသော အခါ၌။ဝါ၊အနာသည်။(သတိ၊ဖြစ်လတ်သော်။)ကာယသခ်ါရေ၊ ကာယသခ်ါရတို့ကို။ (ထုက်သက်ဝင်သက်တို့ကို ဟူလို။ ကာယသခ်ါရေတိ အဿာသပဿာသေ။ ဌ။) ပဿမ္ဘေတုံ၊ ပဿမ္ဘေတုံ၊ ငြိမ်းပျောက်စေ၍ ငြိမ်းပျောက်စေ၍။ (ပဿမ္ဘေတုံတိ နိရောဓေတုံ။ ဋီ။) ဝိဟာရာမိ၊ နေ၏။ သောဟံ၊ ထိုတပည့်တော်သည်။ သမာဓိ ံ၊ (စတုတ္ထစျာန်) သမာဓိကို။ နပ္ပဋိလဘာမိ၊ (ယခု) မရတော့ပါ။ ဘန္တေ၊ ရှား။ တဿ မယ္ဟံ၊ ထိုတပည့်တော်၏။ တံ သမာဓိ ံ၊ ထို(စတုတ္ထစျာန်)သမာဓိကို။ အပ္ပဋိလဘတော၊ မရသည်ဖြစ်၍။ "အဟံ၊ ငါသည်။ နော စဿ ပရိဟာယာမိတိ၊ (သာသနာမှ) မဆုတ်ယုတ်ပဲ ရှိပါ၏လော"ဟူသော ာ။ ဧဝံ၊ ဤအကြံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ အရှင်အဿဇိကလျှောက်ပြီ။ အဿဇိ၊ အဿဇိ။ ယေ တေ သမဏဗြာဟ္မဏာ၊ အကြင်ရဟန်းပုဏ္ဏားတို့သည်။ သမာဓိသာရကာ၊ သမာဓိသာလျင် အနှစ်ဟု အောက်မေ့ကြကုန်၏။ သမာဓိသာမညာ၊ သမာဓိသာလျင် ရဟန်းအဖြစ်ဟု အောက်မေ့ကြကုန်၏ ၂။ တေသံ၊ ထိုရဟန်းပုဏ္ဏားတို့၏။ တံ သမာဓိ ံ၊ ထိုသမာဓိကို။ အပ္ပဋိလဘတံ၊ မရကုန်သည်ဖြစ်၍။ မယံ၊ ငါတို့သည်။ "နော စ သုပရိဟာယာမာတိ၊ (သာသနာမှ)မဆုတ်ယုတ်ပဲ ရှိပါကုန်၏လော"ဟူသော။ ဧဝံ၊ ဤအကြံသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ ဘုရားရှင်က မိန့်တော်မူပြီ။

၁။ နော စဿာဟံ ပရိဟာယာမီတိ ကစ္စိ နု ခေါ အဟံ နု ပရိဟာယာမီ။ ဌ။ နော စ သ္မာဟန္တိ နော စ သု အဟံ။ ဋီ။ ဤ ဌ ဋ္ဌီတို့တွင် ဋ္ဌီဖြင့် ပုဒ်ဖြတ်၍ သု-နိပါတ်ဖြစ်ကြောင်း ရှင်းလင်းစွာ ပြ၏။ ဌ-ဖြင့် စ-နှင့် သု-နိပါတ်တို့ကို ကစ္စိ နု ခေါ-ပုဒ်တို့ကဲ့သို့ပင် သံသယအနက်ဟောဖြစ်ကြောင်း ဖွင့်ပြ၏။ ဘူတမိဒံ နောဿုတိ ဘိက္ခဝေ ကခ််တော ဉပ္ပဇ္ဇတိ ဝိစိကိစ္ဆာ(မ ၁-၃၂၆)စသည်၌ကဲ့သို့ပင် မှတ်အပ်၏။ ထိုကြောင့် စဿာဟံ-ကို စ+အဿ+အဟံ-ဟူ၍ဆင်း၊ စဿု-ကို စ+အဿု-ဟူ၍ဆင်း ပုဒ်ဖြတ်ပြီးလျှင် အဿ အဿု-တို့ကို ကြိယာပုဒ်ဟု ယူ၍ နော စေ အဿ၊ အကယ်၍ သမာဓိမဖြစ်ငြားအံ့။ နော စေ အဿု၊ အကယ်၍ သမာဓိတို့သည် မဖြစ်ကုန်ငြားအံ့- ဟူ၍ အနက်မပေးသင့်။ ဌ-ဋ္ဌီတို့နှင့်အညီ အထက်ပါအတိုင်း သံသယအနက်သာ ပေးသင့်သည်။

၂။ သမာဓိ ဧဝ သာရော ဧတေသန္တိ သမာဓိသာရကာ-ဟု ဝစနတ္ထပြု၍ သမာဓိသာရကာ၊ သမာဓိလျင် အနှစ်သာရရှိကုန်၏ဟု အနက်ပြန်သင့်သော်လည်း သမာဓိ ံ ယေဝ သာရဋ္ဌ သာမညဋ္ဌ မညန္တိ ဟူသော ဌ-နှင့် အညီ အထက်ပါအနက်ကို အဓိပ္ပါယတ္ထ ဟု ယူအပ်၏။ သို့မဟုတ် သမာဓိ ဧဝ သာရောတိ ဧတေ မညန္တိတိ သမာဓိသာရကာ-ဟု ပဌမာ ဗဟုဗ္ဗီဟိ သော်၎င်း၊ သမာဓိ ဧဝ သာရောတိ မတိ ဧတေသန္တိ သမာဓိသာရကာ-ဟု ဣတိနှင့် မတိပုဒ်ကြသော ဆဋ္ဌီ ဗဟုဗ္ဗီဟိသော်၎င်း ကြံအပ်၏။ သမာဓိသာမညာဌ္ဌလည်း နည်းတူပင်။ မယံ၊ ပန သာသနေ နု တေ သာရံ၊ ဝိပဿနာမဂ္ဂဖလာနိ သာရံ၊ဌ။ တေန္တိ သမာဓိမတ္တသာရံ၊ သီလမတ္တ ပန ဝတ္တုမ္မေဝ နတ္ထိ။ ဋီ။ မြတ်စွာဘုရားသာသနာ၌ အနှစ်တရားကား ဝိပဿနာမဂ်ဖိုလ်တို့တည်း။ သမာဓိတရားမျှနှင့် သီလတရားမျှဖြင့် ဆောင့်ရဲမနေရာ၊ ဝိပဿနာမဂ်ဖိုလ်ဆောက်မှ အနှစ်သာရနှင့် ပြည့်စုံသည်ဟု ဌ-ဋ္ဌီတို့၌ မိန့်လိုရင်းဖြစ်၏။

(တံ ကိ ံမညသိ အာဿဇိ။ပ။ ဣတ္ထတ္တာယာတိ ပဇာနာတိ။ ပေး၌။) သော၊ ထို(ရဟန္တာ) ရဟန်းသည် ၁။ သုခံ ဝေဒနံ၊ သုခဝေဒနာကို။ စေ ဝေဒယတိ၊ အာကယ်၍ ခံစားငြားအံ့။ သာ၊ ထိုသုခဝေဒနာသည်။ အနိစ္စာတိ၊ မ၌ဟု။ ပဇာနာတိ၊ သိ၏။ အနုဇ္ဈောသိတာတိ၊ မျိုမတတ် စွဲလမ်းဘွယ်မရှိဟု။ ပဇာနာတိ၊ ၏။ အနဘိနန္ဒိတာ၊ လွန်စွာနှစ်သက်ဘွယ်မရှိဟု။ ပဇာနာတိ၊ ၏။ ဒုက္ခံ ဝေဒနံ၊ ဒုက္ခဝေဒနာကို၂။ပ။ အဒုက္ခမသုခံ ဝေဒနံ၊ ဥပေက္ခာဝေဒနာကို။ပ။ ပဇာနာတိ၊ ၏။ သော၊ ထို(ရဟန္တာ)ရဟန်းသည်။ သုခံ ဝေဒနံ၊ ကို။ စေ ဝေဒယတိ၊ အံ့။ နံ၊ ထိုသုခဝေဒနာကို။ ဝိသံယုတ္တော၊ သံယောဇဉ်နှင့်မယှဉ်သည်ဖြစ်၍။ ဝေဒယတိ၊ ခံစား၏။ပ။ သော၊ ထို (ရဟန္တာ) ရဟန်းသည်။ ကာယပရိယန္တိကံ၊ ကိုယ်လျင် အဆုံးစွန် အပိုင်းအခြားရှိသော။ ဝေဒနံ၊ ကို။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ ကာယပရိယန္တိကံ၊ သော။ ဝေဒနံ၊ ကို။ ဝေဒယာမီတိ၊ ခံစား၏ဟု။ ပဇာနာတိ၊ ၏။ ဇီဝိတပရိယန္တိကံ၊ အသက်လျင် အဆုံးစွန် အပိုင်းအခြားရှိသော။ ဝေဒနံ၊ ကို။ပ။ ဝေဒယာမီတိ၊ ခံစား၏ဟု။ ပဇာနာတိ၊ ၏။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ပျက်စီး သည်မှ။ (ဤနေရာ၌ မ-၃-၂၅၄၊ နှာ စာပိုဒ် ၃၆၄-၌ ပရံမရဏာပါသည်။) ဇီဝိတပရိယာဒါနာ၊ အသက်ကုန်ခမ်းသည်မှ။ ဥဒ္ဓံ၊ အထက်၌။ ဇာနေဝ၊ ဤတဆဲနှစ်ပါးသော အာယတနတို့၌သာလျင်။ သဗ္ဗဝေဒယိတာနိ၊ အလုံးစုံသော ဝေဒနာတို့သည်။ အနဘိနန္ဒိတာနိ၊ မနှစ်သက်အပ်ကုန်သည် ဖြစ်၍၇။ သီတီ ဘဝိဿန္တိတိ၊ ငြိမ်းပျောက်ကုန်လတ္တံ့ဟု။ ပဇာနာတိ၊ ၏။

အဿဇိ၊ အဿဇိ။ သေယျထာပိ၊ ဥပမာကို ဟောတော်မူအံ့။ တေလဉ္စ၊ ဆီကိုလည်း။ ပဋိစ္စ၊ စဲ၍။ ဝဋ္ဋိဉ္စ၊ မီးစာကိုလည်း။ ပဋိစ္စ၊ စဲ၍။ တေလပ္ပဒီပေါ၊ ဆီမီးရောင်သည်။ စျာယေယျ၊ တောက်လောင်ရာ၏။ တဿေဝ တေလဿ စ၊ ထိုဆီ၏သာလျင်ဌင်း။ တဿာယေဝ ဝဋ္ဋိယာစ၊ ထိုမီးစာ၏ သာလျင်ဌင်း။ ပရိယာဒါနာ၊ ကုန်ခန်းခြင်းကြောင့်။ (ဤ၌လည်း ယခင် မ ၃-၌ အညဿ စ

၁။ အထဿ တိပရိဝဋ္ဋဒေသနာဝသာနေ အရဟတ္တံ ပတ္တဿ သတတဝိဟာရံ ဒဿေန္တော သော သုဒံ စေ ဝေဒနံ ဝေဒယတီတိ အာဒိမာဟ။ ဌ။ ဂျပ် နိစ္စံ ဝါ အစ ဣတ္ထတ္တာယာတိ ပဇာနာတိ အထိ တိပရိဝဋ္ဋနဒေသနာအဆုံး၌ အရှင်အဿဇိရဟန္တာဖြစ်၍ ငုံးအရှင်အဿဇိရဟန္တာအား သတတဝိဟာရ၌ခေါ် "သော သုဒံ" စသော ဒေသနာတော်ကို ဆက်လက်ဟောတော်မူသည်။

၂။ ဤအရာတွင် သုခဝေဒနာ၌ နှစ်သက်မှုဖြစ်တတ်၍ "မနှစ်သက်အပ်"ဟု သိခြင်းသည် သင့်လျော်၏။ ဒုက္ခဝေဒနာ၌ နှစ်သက်မှုမဖြစ်နိုင်သောကြောင့် ငုံးကို "မနှစ်သက်အပ်"ဟု သိခြင်းသည်ကား မထူးခြား ဟု မှတ်ထင်တတ်၏။ အမှန်မှာ ဒုက္ခရောက်သောအခါ ဒုက္ခမဖြစ်လျင်ကောင်းမှာဘဲဟု သုခကို တောင့်တသည်၊ ထိုသုခကို တောင့်တခြင်းသည်ပင် ဆင်းရဲဒုက္ခကို တောင့်တခြင်း နှစ်သက်ခြင်း မည်ပေ၏။ မှန်၏၊ သုခကို တောင့်တမှုသည် သုခမှပြောင်းလဲသောအခါ ဒုက္ခဖြစ်ပေါ်လာသောကြောင့် ဖြစ်ပေါ်မည့် ထိုဒုက္ခ၌ နှစ်သက်မှုဖြစ်ရလေ၏။ ထို့ကြောင့် သုခဝိပရိဝတ္တေ သုခဝိပရိဏာမဒုက္ခေ၊ တသ္မာ သုခံ အဘိနန္ဒန္တော အတ္ထတော ဒုက္ခံ အဘိနန္ဒတိ နာမ ဟု ဋီ-၌ မိန့်၏။ ထို့ကြောင့် "ဒုက္ခဝေဒနာကို လွန်စွာ မနှစ်သက်အပ်ဟု သိ၏"ဟု ဟော တော်မူသည် ဟူလို။

၃။ အနဘိနန္ဒိတာနိတိ တဏှာဒိဟိ နာ အဘိနန္ဒိတာနိ။ ဣတိဝုတ် ဋ္ဌ၊ ၁၅၉-နှစ်သက်တတ်သော တဏှာစသည်တို့ဖြင့် မနှစ်သက်အပ် မစွဲလမ်းအပ်ဟု ဆိုလို၏၊ နှစ်သက်ဖွယ်မရှိကာမျှကြောင့်ဟူ၍ကား မယူအပ်။ ထိုသို့ ယူလျင် ဝေဒနာဟူသမျှသည် နှစ်သက်ဖွယ်မရှိသည်သာဖြစ်သောကြောင့် ပဋ္ဌာန်းတိုင်း၏သန္တာန်၌ ထိုဝေဒနာတို့သည် ငြိမ်းပျောက်လေကုန်ရာ၏။

အနုပဟာရာ ပါ၏။) အနာဟာရော၊ အကြောင်းမရှိသည် ဖြစ်၍။ နိဗ္ဗာယေယျ၊ ငြိမ်းရာ၏။ အဃဇိ၊ အဃဇိ။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဘိက္ခု၊ (ရဟန္တာ) ရဟန်းသည်။ပ။ ပဇာနာတိ၊ သိ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

(ဤသုတ် သော သုခံ စေ-မှစ၍ ဆုံးသည်တိုင်အောင် ဝါကျမျှားသည် ဥပရိပဏ္ဏာသ ပါဠိတော် မာတုဝိဘင်္သုတ် နှာ ၂၅၄၊ စာပိုဒ် ၃၆၄-၃၆၅-တို့နှင့် တူ၏။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

၇-ခေမကသုတ်

၈၉။ ကေ သမယံ၌။ သမ္ဗဟုလာ၊ မျှားစွာကုန်သော။ ထေရာ ဘိက္ခူ၊ မထေရ်တို့သည်။ကော-သမ္မိယံ၊ ကောသမ္မီပြည်၌။ ဃောသိတာရာမေ၊ ဃောသိတသူဌေး ဆောက်လုပ် လှူဒါန်းအပ်သော အရံကျောင်း၌။ ဝိဟရန္တိ၊ နေထိုင်ကုန်၏။ တေန ခေါ ပန သမယေန၊ ၌။ အာယသ္မာ ခေမကော၊ အရှင်ခေမကသည်။ ဗဒရိကာရာမေ၊ ဗဒရိကာရုံကျောင်း၌။ အာဗာဓိကော၊ အနာရောဂါရှိ(စွဲကပ်)သည်ဖြစ်၍။ ဒုက္ခိတော၊ ဖြစ်သော ဆင်းရဲရှိသည်ဖြစ်၍။ ဗာဠှဂိလာနော၊ ပြင်းထန်စွာ ဖျားနာသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ အထ ခေါ၊ ၌။ ထေရာ ဘိက္ခူ၊ မထေရ် ရဟန်းတို့သည်။ သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ ပဋိသလ္လာနာ၊ ကိန်းအောင်းရာမှ။ ဝုဋ္ဌိတာ၊ ထလာကုန်သည် ဖြစ်၍။ အာယသ္မန္တံ ဒါသကံ၊ အရှင်ဒါသကကို။ "အာဝုသော ဒါသက၊ ငါ့ရှင် ဒါသက။ ဟေ၊ လာလော့။ တုံ၊ သင်သည်။ ယေန၊ ၌။ ခေမကော ဘိက္ခု၊ ခေမကရဟန်းသည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမ၊ ချဉ်းကပ်လော့။ ဥပသင်္ကမိတ္ဝာ၊ ၍။ ခေမကံ ဘိက္ခုံ၊ကို။ 'အာဝုသော ခေမက၊ က။ ထေရာ၊ ထေရ်တို့သည်။ တံ၊ သင့်ကို။ 'ကစ္စိ တေ။ပ။ နော အဘိက္ကမောတိ၊ နော အဘိက္ကမော'ဟု။ ဧဝံ၊ သို့။ အာဟံသူတိ၊ ဆိုကုန်၏'ဟူ၍။ ဧဝံ၊သို့။ ဝဒေဟိတိ၊ ဆိုချေလော့"ဟု။ အာမန္တေသုံ၊ ပြောဆိုကုန်ပြီ။ (ကစ္စိ တေ-စသည်၏ အနက်ကို ဝက္ကလိသုတ် စာပိုဒ် ၈၇-အစဉ်၌။ ဧဝမာဝုသောတိ ခေါ-မှ အထ ခေါ အာယသ္မာ ဒါသကော။ပ။ နော ပဋိက္ကမောတိ-အထိ လွှဲယ်ပြီ၊ အရှင်ဒါသက-က မထေရ်တို့စကားကို အရှင်ခေမကအား ပြောပြ၍ အရှင်ခေမက၏ မကျန်းမာကြောင်းပြောစကားကို မထေရ်တို့အား ပြန်ပြောသည်။) အာဝုသော ဒါသက၊က။ ဟေ၊လော့။ တုံ၊ သည်။ပ။ ခေမကံ ဘိက္ခုံ၊ ကို။ "အာဝုသော ခေမက၊ က။ ထေရာ၊ တို့သည်။ တံ၊ သင့်ကို။ 'အာဝုသော၊ ငါ့ရှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဣမေ ပဉ္စ ဥပါဒါနက္ခန္ဓာ၊ ဤငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။ သေယ္ယထိဒံ၊ အဘယ် ငါးပါး တို့နည်း။ ရူပုပါဒါနက္ခန္ဓော၊ ၎င်း။ပ။ ဝိညာဏုပါဒါနက္ခန္ဓော၊ ၎င်းတည်း။ အာယသ္မာ ခေမကော၊ သည်။ ဣမေသု ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ဤငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ တို့တွင်။ ကိဉ္စိ၊ တစုံတခုသောခန္ဓာကို။ အတ္တံ ဝါ၊ အတ္တဟုဌင်း။ အတ္တနိယံ ဝါ၊ အတ္တ၏ ဥစ္စာဟုဌင်း။ (အတ္တနိယန္တိ အတ္တနော ပရိက္ခာရဇာတံ။ ဋ္ဌ။ အတ္တနိယန္တိ ဒိဋ္ဌဂတိကပရိကပ္ပိတဿ အတ္တနော သန္တကံ။ ဋ္ဌိ။) သမနုပဿတိတိ၊ ရှုသလော'ဟူ၍။ ဧဝံ၊ သို့။ အာဟံသူတိ၊ ဆိုကုန်ပြီ"ဟု။ ဝဒေဟိ၊ ဆိုချေလော့။

(ဧဝမာဝုသောတိ ခေါ မှ အထ ခေါ အာယသ္မာ ဒါသကော။ပ။ နှ ကိဉ္စိ အတ္တံ ဝါ အတ္တနိယံ ဝါ သမနုပဿာမီတိအထိ လွှဲယ်ပြီ။ အရှင်ဒါသကက မထေရ်တို့၏စကားကို အရှင်ခေမကအား ပြောပြ၍, တဖန်အရှင်ခေမက၏ မရှုကြောင်းပြောစကားကို မထေရ်တို့အား ပြောပြပြန်သည်။)

အာဝုသော ဒါသက၊ က။ ဗော်၊ လော့။ တုံ့၊ သင်သည်။ပ။ ခေမကံ ဘိက္ခုံ၊ ကို့။ "အာဝုသော ခေမက၊ က။ ထေရာ၊ တို့သည်။ တံ၊ သင့်ကို့။ 'အာဝုသော၊ ငါ့ရှင်။ပ။ အာယသ္မာ ခေမကော၊ သည်။ ဣမေသု ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ တို့တွင်။ ကိဉ္စိ၊ တစုံတခုသော ခန္ဓာကို့။ အတ္တံ ဝါ၊ အတ္တဟုဒုင်း။ အတ္တနိယံ ဝါ၊ အတ္တ၏ဥစ္စာဟုဒုင်း။ နော စေ ကိရ သမနုပဿတိ၊အကယ်၍ မရှု သတတ်ဟု ပြောငြားအံ့။ တေန ဟိ၊ ထို့သို့ဖြစ်မူ။ အာယသ္မာ ခေမကော၊ သည်။ အရဟံ၊ ပူဇော် အထူးကို ခံတော်မူထိုက်သော။ ဒိဏ္ဏာသဝေါတိ၊ အာသဝေါကုန်ခန်း ရဟန္တာတည်း'ဟု။ ဇဝံ၊ သို့။ အာဟံသူတိ၊ ဆိုကုန်ပြီ"ဟူ၍။ ဇဝံ၊ သို့။ ဝဒေဟိ၊ ဆိုချေဦးလော့။

(ဧဝမာဝုသောတိ ခေါ မှ တေနဟာယသ္မာ ခေမကော အရဟံ ဒိဏ္ဏာသဝေါတိ အထိပေးမြဲ။ အရှင်ဒါသက-က အရှင်ခေမကအား မထေရ်တို့စကားကို ပြောကြားခြင်းဖြစ်သည်။)အာဝုသော၊ ငါ့ရှင်။ပ။ ဝိညာဏုပါဒါနက္ခန္ဓော၊ ၎င်းတည်း။ အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ဣမေသု ခေါ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ တို့တွင်။ ကိဉ္စိ၊ တစုံတခုသောခန္ဓာကို့။ အတ္တံ ဝါ၊ အတ္တဟုဒုင်း။ အတ္တနိယံ ဝါ၊ အတ္တ၏ ဥစ္စာဟုဒုင်း။၊ နာ သမနုပဿာမိ၊ မရှုပါ။ အရဟံ၊ သော။ ဒိဏ္ဏာသဝေါ စ၊ ရဟန္တာသည်ကား။ နာ အမ္ဟိ၊ မဖြစ်သေးပါ။ အာဝုသော၊ ငါ့ရှင်။ အပိစ၊ စင်စစ်သော်ကား။ မေ၊ ငါသည်။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ တို့၌။အသ္မီတိ၊ အသ္မိမာန(တဏှာမာန)ကို့။အဓိဂတံ၊ ရအပ်၏။ "အယံ၊ ဤအရာသည်။ အဟံ အသ္မီတိ၊ ငါ (အတ္တ) ဖြစ်သည်"ဟု။ နု စ သမနုပဿာမိ၊ ရှုကား မရှုတော့ပါ။ ဣတိ၊ ဤသို့ အရှင်ခေမက-က ပြောဆိုပြီ။

(အထ ခေါ အာယသ္မာ ဒါသကော မှ နု စ သမနုပဿာမိတိ အထိ ပေးမြဲ။ အရှင်ဒါသကက မထေရ်တို့အား အရှင်ခေမက၏ စကားကို ပြန်ပြောကြားခြင်းဖြစ်သည်။)

အာဝုသော ဒါသက၊ က။ ဗော်၊ လော့။ တုံ့၊ သင်သည်။ပ။ခေမကံ ဘိက္ခုံ၊ ကို့။—အာဝုသော ခေမက၊ က။ ထေရာ၊ တို့သည်။ တံ၊ သင့်ကို့။ "အာဝုသော ခေမက၊ က။ ယမေတံ၊ အကြင် သဘောကို့။ အသ္မီတိ၊ အသ္မိဟူ၍။ ဝဒေသိ၊ ဆို့ပြီ။ ကိမေတံ၊ အဘယ်သဘောကို့။ အသ္မီတိ၊ အသ္မိဟူ၍။ ဝဒေသိ၊ ဆိုသနည်း။ ရူပံ၊ ရုပ်ကို့။ အသ္မီတိ၊ အသ္မိဟူ၍။ ဝဒေသိ၊ ဆိုသလော။ ရူပါ၊ ရုပ်မှ။ အညတြ၊ ကင်း၍။ အသ္မီတိ၊ အသ္မိဟူ၍။ ဝဒေသိ၊ ဆိုသလော။ ဝေဒနံ၊ ကို့။ ပ။ သညံ၊ ကို့။ ပ။ သင်္ခါရေ၊ တို့ကို့။ ပ။ ဝိညာဏံ၊ ကို့။ ပ။ ဝဒေသိ၊ ဆိုသလော။ အာဝုသော ခေမက၊ က။ ယမေတံ၊ အကြင်သဘောကို့။ ဝဒေသိ၊ ဆို့ပြီ။ ကိမေတံ၊ အဘယ်သဘောကို့။ အသ္မီတိ၊ အသ္မိဟူ၍။ ဝဒေသီတိ၊ ဆိုသနည်းဟူ၍။ ဇဝံ၊ သို့။ အာဟံသူတိ၊ ဆိုကုန်၏"ဟု။ ဇဝံ၊ သို့။ ဝဒေဟိ၊ ဆိုချေဦးလော့။

၁။ အသ္မီတိ အဓိဂတန္တိ အသ္မီတိ ဇဝံ ပဝတ္တာ တဏှာမာနာ အဓိဂတာ။ဌ။ တဏှာမာနော အဓိဂတော အရ-ဟတ္တဿ အနဓိဂတတ္တာ၊ နော ဒိဋ္ဌိမာနော အဓိဂတော။ တထာ ကာမရာဂဗျာပါဒါပိ။ အနာဂါမိ ကိရ ဧမေ-ကတ္ထောရော။ ဋီ။ ဤဋီကိုထောက်၍ 'ပဝတ္တာ တဏှာမာနာ အဓိဂတာ'ဟု အဋ္ဌကထာ ရှိရာ၌ 'ပဝတ္တော တဏှာ-မာနော အဓိဂတော'ဟု ရှိသင့်၏။ အရှင်ခေမကသည် အနာဂါမ်ဖြစ်သောကြောင့် ဒိဋ္ဌိဂတဝိပ္ပယုတ် တဏှာနှင့် ယှဉ်သော မာနကိုသာ ရသည်။ ဒိဋ္ဌိဖြင့် အတ္တ အတ္တနိယထင်သော ဒိဋ္ဌိမာနကိုကား မရဟူလိုသည်။ ဤကား နော ဒိဋ္ဌိမာနော အဓိဂတောဟူသော ဋီကာအရပေတည်း။ ဤ၌ ဒိဋ္ဌိမာနဟူသည် ဒိဋ္ဌိပင် ယူအပ်၏။ မာန သည် ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘမူစိတ်၌သာ ယှဉ်သောကြောင့် ဒိဋ္ဌိနှင့်ယှဉ်သော မာန်မဟူ၍ကား မရှိခေျ။ ထို့ကြောင့် ဤ၌ ဆိုလိုရင်းမှာ "အနာဂါမ်သည် အတ္တ, အတ္တနိယဟု ရှုသော ဒိဋ္ဌိကိုသာ ပယ်သေးသည်, မာန်ကို ကား မပယ်သေး"ဟု ဖြစ်၏။

(ဧဝမာဝုသောတိ ခေါမှ (နိဂုံး) ကိမေတံ အသ္မိတိ ဝဒေသိတိ အထိ အရှင်ဒါသက က အရှင်ခေမကအား သွားပြောသော စကားဖြစ်သည်။ အနုက်မထူးပြီ။) အာဝုသော ဒါသက၊ က။ .အလံ၊ ဘော်ပါ။ (မပြောပါတော့နှင့်ဟူလို။) ဣမာယ သန္ဓာဝနိကာယ၊ ဤအဖန်ဖန်ပြေးသွားလှည့်လည်(ပြောပြ)ခြင်းဖြင့်။ ကိံ၊ အာဘယ်အကျိုးရှိအံ့နည်း[၁]။ အာဝုသော၊ ငါ့ရှင်။ ဒဋ္ဌံ၊ တောင်ဝှေးကို။ အာဟရ၊ ဆောင်ယူခဲ့လော့။ အဟမေဝ၊ ငါသည်သာလျှင်။ ယေန၊ ဦး။ ထေရော ဘိက္ခူ၊ တို့သည်။ (သန္တိ၊ ကုန်၏။) တေန၊ သို့။ ဥပသင်္ကမိဿာမိ၊ ချဉ်းကပ်အံ့။ ဣတိ၊ ဤသို့ အရှင်ခေမက က ပြောဆိုပြီ။

အထ ခေါ။ ဦး။ အာယသ္မာ ခေမကော၊ သည်။ ဒဏ္ဍံ၊ တောင်ဝှေးကို။ ဩလုဇ္ဇာ၊ ထောက်၍။ ပ။ ကေမန္တံ၊ တခုသော အရပ်အဖို့ဌ၊ နိသီဒိ၊ ထိုင်နေပြီ။ ကေမန္တံ၊ ဦး။ နိသိန်း ခေါ၊ ထိုင်နေသော။ အာယသ္မန္တံ ခေမကံ၊ ကို။ ထေရော ဘိက္ခူ၊ တို့သည်။ "ယမေတံ။ပ။အသ္မိတိ ဝဒေသိတိ၊ ဝဒေသိ"ဟူသော။ တေံ၊ ကို။ အဝေါစုံ၊ ဆိုကုန်ပြီ။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ရူပံ၊ ရုပ်ကို။ အသ္မိတိ၊ အသ္မိဟူ၍။ န ခေါ ဝဒါမိ၊ မဆိုပါ။ ရူပါ၊ ရုပ်မှ။ အညတြ၊ ကင်း၍။ အသ္မိတိ၊ အသ္မိဟူ၍။ နပိ ဝဒါမိ၊ ဆိုလည်းမဆိုပါ။ (ဝေဒနာစသည်လည်း ဤနည်းပေး။) အာဝုသော၊ ငါ့ရှင်တို့။ မေ၊ ငါသည်။ ပဋ္ဌသု ဥပါဒါနက္ခန္ဓေသု၊ တို့၌။ အသ္မိတိ၊ အသ္မိမာန(တဏှာမာန)ကို။ အဓိဂတံ၊ ရအပ်ပြီ။ "အယံ၊ ဤအရာသည်။ အဟံ အသ္မိတိ၊ ငါ (အတ္တ) ဖြစ်သည်"ဟု။ န စ သမနုပဿာမိ၊ ရှုကားမရှုတော့ပါ။ (မာနဿ ဒိဋ္ဌိသဒိသာ ပဝတ္တိ အဟမသ္မိတိ ပဝတ္တမာနဿ ဒိဋ္ဌိဋ္ဌာနေ ဌာနံ။ မူလဋီ-၁၊ ၁၁၉။)

အာဝုသော၊ ငါ့ရှင်တို့။ သေယျထာပိ၊ ဖြစ်သင့်ဖြစ်ရာ ဥပမာသော်ကား။ ဥပ္ပလဿ ဝါ၊ ဥပ္ပလကြာ၏သော်၎င်း။ ပဒုမဿ ဝါ၊ ပဒုမ္မာကြာ၏သော်၎င်း။ ပုဏ္ဍရီကဿ ဝါ၊ ပုဏ္ဍရိက်ကြာ၏သော်၎င်း။ ဂန္ဓော၊ အနံ့သည်။ (အဿ၊ ရှိရာ၏။) ယော ခေါ၊ အကြင်သူသည်။ "ပတ္တဿ ဂန္ဓောတိ ဝါ၊ ပုဋ်ချပ်၏ အနံ့"ဟူ၍ သော်၎င်း။ "ဝဏ္ဏဿ ဂန္ဓောတိ ဝါ၊ အဆင်း၏ အနံ့"ဟူ၍ သော်၎င်း။ "ကိဉ္ဇက္ခဿ ဂန္ဓောတိ ဝါ၊ ဝတ်မှုံ ဝတ်ဆံ၏ အနံ့"ဟူ၍ သော်၎င်း။ ဧဝံ၊ သို့။ ဝဒေယျ၊ ပြောဆို ရာ၏။ သော၊ ထိုသို့ဆိုသောသူသည်။ သမ္မာ၊ မှန်စွာ။ ဝဒမာနော၊ (ဤသို့) ဆိုသည်ဖြစ်၍။ ဝဒေယျ နု ခေါ၊ ဆိုသည်မည်ရာသလော။ ဣတိ၊ ဤသို့ အရှင်ခေမက က မေး၏။အာဝုသော၊ငါ့ရှင်။ ဧတံ၊ ဤသို့ ပြောဆိုခြင်းသည်။ နော ဟိ၊ မသင့်ပါ။ အာဝုသော၊ ငါ့ရှင်တို့။ သမ္မာ၊ မှန်စွာ။ ဗျာကရမာနော၊ ဖြေဆိုသည်ရှိသော်။ ယထာ ကထံ ပန၊ အဘယ်သို့လျှင်။ ဗျာကရေယျ၊ ဖြေဆိုရာသနည်း။ ဣတိ၊ ဤသို့ အရှင်ခေမက က မေးပြန်၏။ အာဝုသော၊ ငါ့ရှင်။ သမ္မာ၊ မှန်စွာ။

၁။ သန္ဓာဝနိကာယာတိ ပုနပ္ပုနံ ဂမနာဂမနေန။ ဌ။ သန္ဓာဝနိကာယာတိ သင်္ဃရဏေန။ ဋီ။ (သံ=အဃန်ဖန် + ဓာဝု=ပြေးသွား + ယု + ဏိက။) ဗဒရိကာဂုံကျောင်းနှင့် ယောသိတာရုံကျောင်းသည် တဂါဝုတ်ဝေး၍ အသွားလေးကြိမ်, အပြန်လေးကြိမ် တနေ့တည်း ၂-ယူဇနာလှည့်လည် ပြောပြနေခြင်းဖြင့် အကျိုးမရှိဟူလို။ ပထေရ်တို့ကလည်း အရှင်ဧခမက၏ တောကျောင်းသည် ကျဉ်း၍မထိုင်လောက်သောကြောင့် တဏှးနာမသွားကြ၊ အရှင်ခေမကကိုလည်း ဂိလာနုဖြစ်၍ မပင့်ဝံ့၊ အရှင်ခေမကသည် မထေရ်တို့၏ အလိုဆန္ဒသိပြီး၍ ယောသိတာရုံသို့ ကြွသည်ဟု ဌ-ဋ္ဌီဆို၏။

ဗျာကရမာနော၊ သော်။ "ပုဗ္ဗဿ ဂန္ဓောတိ ခေါ၊ အပုဉ်၏ အနံ့"ဟူ၍သာ။ ဗျာကရေယျ၊ ပြေဆိုရာ၏။ ဣတိ၊ ဤသို့ထေရ်တို့က ပြေဆိုကြကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အဟံ၊ ငါသည်။ ရူပံ၊ ရူပ်ကို။ အသ္မိတိ၊ အသို့ဟူ၍။ နဝဒါမိ၊ မဆိုပါ။ ရူပါ၊ ရူပ်မှ။ အညတြ၊ ကင်း၍။ အသ္မိတိ၊ အသို့ဟူ၍။ နပိဝဒါမိ၊ ဆိုလည်း မဆိုပါ။ပ။ နစ သမနုပဿာမိ၊ ရှုကား မရှုတော့ပါ။

အာဝုသော၊ ငါ့ရှင်တို့။ အရိယသာဝကဿ၊ အရိယာ ဖြစ်သော (ဘုရား) တပည့်သည်။ ပဥ္စဿြရမ္ဘာဂိယာနိ သံယောဇနာနိ၊ ငါးပါးကုန်သော သြရမ္ဘာဂိယသံယောဇဉ်တို့သည်။ဝါ၊တို့ကို။ ပဟီနာနိ၊ ပယ်အပ်ပြီးကုန်သည်။ ကိဉ္စာပိ ဘဝန္တိ၊ ဒေကယ်၍ကား ဖြစ်ကုန်၏။ အထ ခေါ၊ ထိုသို့ပင် ပယ်အပ်ပြီးဖြစ်ကုန်သော်လည်း။ အဿ၊ ထိုအရိယာဖြစ်သော (ဘုရား) တပည့်သည်။ (အသမ္မုဟတောဒ္ဓ စပ်။) ပဥ္စသု ဥပါဒါနက္ခန္ဓေသု၊ တို့၌။ အဏုသဟဂတော၊ သေးငယ်သည်၏ အဖြစ်သို့ရောက်သော။ ဝါ၊ သိမ်မွေသေးငယ်သော။ (အဏုသဟဂတောတိ သုခုမော၊ဒ္ဌ။ အဏုသဟဂတောတိ အဏုဘာဝံ ဂတော။ဋီ။) ယော စ အသ္မိတိ မာနော၊ အကြင်အသ္မိမာနကိုကား။ ယော စ အသ္မိတိ ဆန္ဒော၊ - အကြင်အသ္မိတဏှာကိုကား။ (ဆန္ဒောတိ တဏှာ မူလဋီ-၁၊၁၁၉။) ယော စ အသ္မိတိ အနုသယော၊ အကြင်အသ္မိအနုသယကိုကား။ (အနုသယောတိ တဏှာမာနာနုသယော စ။ ၎င်းမူလဋီ။ သုံးပုဒ်လုံး ပရိယာယ်တူ။) အသမ္မုဟတော၊ (အကြင်းမဲ့) မပယ်အပ်သေး။ သော၊ ထိုအရိယာဖြစ်သော (ဘုရား) တပည့်သည်။ အပရေန သမယေန၊ တပါးသော အခါ၌။ "ဣတိ၊ ဤကား။ ရူပံ၊ရူပ်တည်း။ ဣတိ၊ ကား။ ရူပဿ၊ ရူပ်၏။ သမုဒယော၊ ဖြစ်ကြောင်းတည်း။ ဣတိ၊ ကား။ ရူပဿ၊ ၏။ အတ္ထင်္ဂမော၊ ချုပ်ကွယ်ခြင်းသို့ ရောက်ရာ ရောက်ကြောင်းတည်း။ပ။ ဝိညာဏဿ၊ ဝိညာဉ်၏။ အတ္ထင်္ဂမောတိ၊ တည်း"ဟု။ ပဥ္စသု ဥပါဒါနက္ခန္ဓေသု၊ တို့၌။ ဥဒယဗ္ဗယာနုပဿီ၊ ဖြစ်ပျက်ကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ တဿ၊ ထို အရိယသာဝကသည်။ ဣမေသု ပဥ္စသု ဥပါဒါနက္ခန္ဓေသု၊ ဤငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့၌။ ဥဒယဗ္ဗယာနုပဿိနော၊ ဖြစ်ပျက်ကို အဖန်ပန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေသည်ရှိသော်။ (ဟေတုမန္တာ ဝိသေသနကဲ့သို့ လက္ခဏဝန္တာ ဝိသေသန) အဿ၊ ထိုအရိယသာဝက၏။ အသမ္မုဟတော၊ (အကြင်းမဲ့) မပယ်အပ်သေးသော။ ပဥ္စသု ဥပါဒါနက္ခန္ဓေသု၊ တို့၌။ အဏုသဟဂတော၊ သေးငယ်သည်၏ အဖြစ်သို့ရောက်သော။ ယောပိ အသ္မိတိ မာနော၊ အကြင်အသ္မိမာနသည်လည်း။ ယောပိ အသ္မိတိ ဆန္ဒော၊ အကြင် အသ္မိတဏှာသည်လည်း။ ယောပိ အသ္မိတိ အနုသယော၊ အကြင် အသ္မိအနုသယသည်လည်း။ ဟောတိ၊ ၏။ သောပိ၊ ထိုအသ္မိမာန အသ္မိတဏှာ အသ္မိအနုသယသည်လည်း။ သမုဂ္ဃါတာ၊ အကြင်းမဲ့ ပယ်သတ်အပ်သည်၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။

အာဝုသော၊ ငါ့ရှင်တို့။ သေယျထာပိ၊ ဖြစ်သင့်ဖြစ်ရာ ဥပမာသော်ကား။ သံကိလိဋ္ဌံ၊ ညစ်နွမ်းသော။ မလဂ္ဂဟိတံ၊ အညစ်အကြေးကပ်ငြိသော။ ဝတ္ထံ၊ အဝတ်သည်။ (အဿ၊ ရှိရာ၏။) တမေနံ၊ ထိုအဝတ်နွမ်း အဝတ်ညစ်ကို။ သာမိကာ၊ ပိုင်ရှင်တို့သည်။ ရဇကဿ၊ ကဝါသည်အား။ ဝါ၊ ၏လက်၌။ အနုပဒဇ္ဇုံ၊ (ပွပ်လျှင်ရန်) အပ်ကုန်ရာ၏။ တမေနံ၊ ထိုအဝတ်ကို။ ရဇကော၊ ကဝါသည်သည်။ ဥဿေ ဝါ၊ မြေပေါက်ဆပ်ပြာ၌ဥင်း။ ခါရေ ဝါ၊ ပြာကို စစ်၍ယူအပ်သော

